
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

❋ မနုဿဗေဒ၊ သတ္တဗေဒ၊ ရှေးဟောင်းလူမျိုးစုတွေရဲ့ ဓလေ့ထုံးစံ၊ ကိုးကွယ်မှု၊ ဘာသာစကားများကို လေ့လာ စုဆောင်းနေသည့် ဝိဇ္ဇာဘွဲ့ရလူငယ်လေး . . .
"ရဲဇာနည်လူရဲ"

❋ ထိုနေရာ ထိုဒေသသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးပါဘဲ သတင်းစကားဖြင့် သီချင်းတစ်ပုဒ်ဖြစ်အောင် ရေးစပ်နိုင်ခဲ့သည့် တေးရေးဆရာ အေဝမ်းဆရာညွှာ၏ "ချစ်စရာ မချမ်းဘော" သီချင်းကို နှစ်သက်မိရာမှ မချမ်းဘောသို့ ရောက်အောင်သွားပြီး ဂျိန်းဖော ရဝမ် လီဆူးတို့၏ ရိုးရာဓလေ့ကို လေ့လာခဲ့သည့် "ရဲဇာနည် လူရဲ"

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



* ပိန်းကူးလူမျိုးစုနေထိုင်ရာ ထရွှန်းတန်ဒေသသို့ အမဲလိုက်ရင်း မျက်စိလည်လမ်းမှားပြီး ရောက်သွားသည့် မချမ်းဘောမှ မုဆိုးကြီး "ဆံလန်းဒေါင်း"
* ပိန်းကူးလူမျိုးစုတို့အား လက်ဝါးကြီးအုပ် ချုပ်ချယ်နေသည့် "လောဘာသမားကြီး ဖိုဘီနာ"
* မျက်စိလည်လမ်းမှားပြီး ထရွှန်းတန်ဒေသသို့ ရောက်သွားကာ ပိန်းကူးလူမျိုးမိန်းမတစ်ဦးနှင့် အိမ်ထောင်ကျခဲ့သည့် "ဇောထရိန်"
* လောဘာသမားကြီး ဖိုဘီနာ၏အယူဝါဒကို လက်ခံယုံကြည်နေသော ပိန်းကူးလူမျိုးစုများနှင့် လောဘာသား ဖိုဘီနာ၏ မနုစ်မြို့ဖွယ်ရာလုပ်ရပ်များ။
* ကင်းကောင်ကဲ့သို့ သန်မာထွားကျိုင်းသော "**စရိုက်ကြမ်း သတ္တဝါကောင်ကြီး**"
* လောဘာသမားကြီး ဖိုဘီနာ၏ ရက်စက်ယုတ်မာမှုများကို ချေမှုန်းရန် မရဏာခရီးကြမ်းသို့သွားခဲ့သည့် ရဲဇာနည်လူရဲတို့သူငယ်ချင်းနှစ်ယောက်။
* အမှန်တရားကို လိုလားနှစ်သက်သည့် ဇောထရိန်နှင့် သူ၏ လိမ္မာသော "**ကျေးစေတမန်**"





* မချမ်းဘောမှ နှောင်မှုန်း၊ ခါကာဘိုရာဇီရေခဲတောင်ကို ကျော်ပတ်ပြီး တိစီတောင်ကြားခရီးကြမ်းသို့ လာခဲ့သည့် ရဲဇာနည် လူရဲ။
* လောဘာသမားကြီး ဖိုဘီနာ၏ ရှေ့ပြေးလုပ်ကြံမှု။
* ရဲဇာနည်သိုင်းပညာ၏လျှင်မြန်သွက်လက်သော တိုက်ကွက်များ။
* စရိုက်ကြမ်းသတ္တဝါကြီးနှင့် လောဘာသမားကြီး ဖိုဘီနာတို့ကို အတိုက်အခံပြုကာ ချေမှုန်းခဲ့သည့် ရဲဇာနည် လူရဲ။
* ဒေသထွက် ကျောက်မျက်ရတနာများကို လက်ဝါးကြီးအုပ်ရန် ကြိုးစားခဲ့သည့် လောဘာသမားကြီး ဖိုဘီနာ ဘယ်လို ဘဝဇာတ်သိမ်းမလဲ။

***

www.burmeseclassic.com

## အခန်း (၁)

၁၉၅၀–ပြည့်နှစ်။

လူရဲမျက်နှာက မရွှင်မပျ ဖြစ်နေသည်။ လူရဲအဖေက လူရဲကိုကြည့်ပြီး မျက်နှာမဲ့သည်။ လူရဲ၏အမေက ခင်ပွန်းမျက်နှာကိုတစ်လှည့် သားဖြစ်သူ၏မျက်နှာကိုတစ်လှည့် ကြည့်နေ၏။ ဒီသားအဖတွေက တစ်ယောက်နှင့်တစ်ယောက် စကားပြော အဆင်ပြေလှသည်ဟု မရှိလှ။ တစ်ဦး၏ပြောစကားကို တစ်ဦးက ကောင်းမွန်စွာ လက်မခံ။ မိမိပြောစကား၊ မိမိစိတ်ကူးသည်သာ မှန်သည်ထင်နေကြသည့် သားအဖ။

တစ်ဖက်က ခင်ပွန်း၊ တစ်ဖက်က သားဖြစ်နေတော့ မည်သူ့စကား၊ မည်သူ့စိတ်ကူးက ကောင်းသည်ဟု ဒေါ်မြွှယ် ဝေဖန်လိုတော့။ သားအဖနှစ်ယောက်တို့ အပြန်အလှန်ပြောနေ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကြည့်စကားကိုသာ နားထောင်ပြီး သက်ပြင်းချနေမိသည်။

"လူရဲ ... တက္ကသိုလ်က ဘွဲ့လည်းရပြီးပြီ၊ ငါ့စီးပွားရေးလုပ်ငန်းတွေကို ဝင်ပြီးကူညီပါဆိုတော့လည်း မကူညီဘူး။ တခြားအလုပ်တစ်ခုခု လုပ်ပါဆိုတော့လည်း ခေါင်းခါတယ်၊ အဖေလုပ်တဲ့သူ ကြိုးစားရှာထားတဲ့ငွေကို အမေဆီက ချော့တောင်းတယ်၊ ပြီးတော့ သွားချင်တဲ့ခရီးကို ရက်အကြာကြီး သွားနေတယ်၊ မိဘနှစ်ပါးက မင်း ဘယ်သွားလို့ ဘယ်လာနေမှန်းမသိ၊ အိမ်ပြန်မလာသေးတော့ စိတ်ပူနေရတယ် ...၊

ဟော ... ခရီးကပြန်လာတော့ အိုးခွက်အပဲ့အရွဲ့တွေ၊ အရိုးစုတွေယူလာပြီး မှန်ဘီလူးကြီးနဲ့ အနားကပ်ကြည့်လိုက်၊ စာအုပ်ထဲရေးလိုက်နဲ့ မင်းတစ်ယောက်တည်း အလုပ်ရှုပ်နေတာပဲ၊ ဘာတွေမှန်းလည်း ငါတို့မှမသိရ၊ မိဘက ချမ်းသာတယ်ဆိုပြီး ဘာအလုပ်မှမလုပ်ဘဲ ငွေကို သုံးချင်တိုင်းသုံးနေရင် မင်း တစ်နေ့ဒုက္ခရောက်လိမ့်မယ်နော် လူရဲ"

လူရဲက ခေါင်းကိုအောက်သို့ငုံ့ပြီး ကြမ်းပြင်ကို အဓိပ္ပာယ်မဲ့စွာ ကြည့်နေသည်။

"အဲဒါကြောင့် သားကို မသိတာရဲ့သမီးလေး မခင်ရတနာအောင်နဲ့ လက်ထပ်ပေးချင်တယ်လို့ ရှင့်ကို ကျွန်မ ပြောနေတာပေါ့"

ဒေါ်မြနွယ်က မနေသာတော့သဖြင့် ဝင်ပြောသည်။





"ဟာ ... တော်စမ်းပါ မမြနွယ်ရယ်၊ မင်းရဲ့သားက မိန်းမရရင်လည်း သူ သွားချင်ရာဆီ သွားနေမှာကွ၊ သူများသားသမီးကို ဒုက္ခပေးသလိုတော့ မလုပ်ပါနဲ့"

"ရှင့်သားက မိန်းမရတော့မှ ခြေငြိမ်သွားမှာ"

"ငါကတော့ မထင်ပါဘူး"

"ကျွန်တော်ကလည်း မိန်းမ မလိုချင်ပါဘူး အမေရယ်၊ ကျွန်တော်ဝါသနာပါတဲ့ မနုဿဗေဒပညာ, ရှေးဟောင်းသုတေသနပညာတွေကို လေ့လာလိုက်စားနေရရင် ကျွန်တော့်စိတ်ထဲမှာ ပျော်နေတာပဲ"

"အဲဒါကြောင့် မင်းကိုပြောနေရတာပေါ့၊ မင်း အဲဒါတွေလေ့လာလိုက်စားလို့ ဝင်ငွေ ဘယ်နှပြားရသလဲ၊ ငါမေးတာဖြေလေ"

"လူတွေမသိသေးတဲ့ မနုဿဗေဒ, ရှေးဟောင်းသုတေသနတွေကို လေ့လာလိုက်စားပြီး လူတွေသိလာအောင် ဖော်ထုတ်မှတ်တမ်းထားပြီး စာအုပ်တွေရေးဖို့ ကျွန်တော် ကြိုးစားနေတာ"

"မျှော်လင့်ချက်က ကြီးမားလိုက်တာများ၊ ဒါပေမဲ့ ... ဘာဝင်ငွေမှ မရသေးတော့ မင်းရဲ့လုပ်ရပ်တွေကို ငါ ဘဝင်မကျဘူး လူရဲ"

"လူတစ်ကိုယ် အကြိုက်တစ်မျိုးဆိုတဲ့စကား ရှိတာပဲ၊



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အဲဒီဘက်မှာ ဝါသနာကြီးလွန်းနေတာ ဘာတတ်နိုင်မှာလဲ''

''ဟာ ဒီကောင်ကွာ ... ပြောဆိုဆုံးမနေတဲ့ကြားက ကိုယ်ဖြစ်ချင်တာပဲ ဖွတ်ပြောနေတာပဲ၊ ဒီတော့ မင်းကို ငါမေးမယ် ... မင်း ငါ့စီးပွားရေးလုပ်ငန်းတွေမှာ ဝင်လုပ်မလား၊ မင်းလုပ်ချင်တာတွေ လုပ်နေမှာလား''

ဦးဖေအောင်အသံက ခက်ထန်မာကြောနေသည်။

''ကျွန်တော်ကတော့''

''တော်ပြီ လူရဲ ... မပြောနဲ့တော့၊ ငါ နားလည်ပြီ၊ မင်းဟာ ဘယ်လိုဆုံးမလို့မှ နားမဝင် သဘောမပေါက်တော့ မင်းဝါသနာပါတဲ့ ပညာတွေပဲ ဆက်လုပ်တော့၊ မင်းကို သားသမီးဆိုတဲ့ သံယောဇဉ်နဲ့ ငါ ငွေနှစ်ထောင် ပေးလိုက်မယ်၊ မနက်ဖြန်မနက် မင်း ငါ့အိမ်က ဆင်းသွားတော့''

''ကိုဖေအောင်''

''မင်း ... ဘာမှဝင်မပြောနဲ့ မမြနွယ်၊ မင်း ငါ့စိတ်ကို သိတယ်နော်''

''ဒါ ... ရှင့်ညီအစ်ကိုမောင်နှမလို သံယောဇဉ်ဖြတ်လို့မရဘူး၊ ရှင့်ရဲ့ တစ်ဦးတည်းသောသားလေ''

''ငါသိတယ် မမြနွယ်၊ နင့်သား ဘွဲ့ရပညာတတ် တစ်ယောက်ဖြစ်နေပြီပဲ၊ သူ့အစွမ်းအစကို စောင့်ကြည့်ကြတာပေါ့''





''ကျွန်တော် သဘောကျတယ်အဖေ၊ ကျွန်တော်ကလည်း စွန့်စားချင်နေတာ''

''စွန့်စားပါ ... စိတ်ကြိုက်စွန့်စားပါ''

''ကိုဖေအောင် ... ရှင့်သားအရင်းနော်၊ စဉ်းစားဦး''

''ငါစဉ်းစားပြီးမှ ဒီစကားကိုပြောတာပါ မမြနွယ်''

လူရဲက သူ့အခန်းထဲသို့ ဝင်သွားသည်။ ဗီရိုထဲမှ သားရေအိတ်ကြီးတစ်လုံးကို ဆွဲထုတ်သည်။ အဝတ်အစားများ၊ ကင်မရာ၊ သူ့အတွက် လိုအပ်မည်ထင်သော အသုံးအဆောင်ပစ္စည်းများ၊ တောစီးဖိနပ်တို့ကို သားရေအိတ်ထဲသို့ ထည့်သည်။ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်တော့ ငွေသုံးထောင်ကျော် ရှိသည်။ လူရဲ သက်ပြင်းချလိုက်မိ၏။ ကျောပိုးအိတ်ကိုလွယ်ပြီး အခန်းထဲမှ ထွက်လာမိသည်။ သူ့အဖေဦးဖေအောင်က အပြင်သို့ထွက်သွားပြီဟု လူရဲ သိလိုက်သည်။

''သားရယ် ... မင်းအဖေက စိတ်ဆိုးလို့ပြောတာပါ၊ မသွားပါနဲ့လား''

ဒေါ်မြနွယ်က ငိုယိုရင်းပြောသည်။

''သားမှာ သုတေသနပြုစရာတွေ အများကြီးရှိနေသေးတယ် အမေ၊ မိဘစကားကို သား နားမထောင်တာတော့မဟုတ်ပါဘူး၊ သားရဲ့ သုတေသနလုပ်ငန်းတွေ ပြီးစီးတာနဲ့ အမေ့ဆီကို သား အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်၊ အဖေ့ရဲ့စီးပွားရေးလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း သား ဦးစီးလုပ်ကိုင်ဖို့ စိတ်ကူးထားပါတယ်၊ သားက ခရီးထွက်ဖို့စိတ်ကူးနေတာ အဖေက သားကို အိမ်ကနှင်ချတော့ အဆင်ပြေသွားတာပေါ့ အမေရယ် ...အဟင်း ... ဟင်း''

လူရဲမျက်နှာက မချိမချဉ်ဖြစ်နေသည်။

''သားရယ် ... မင်းက ရယ်နိုင်ပေမယ့် ဝမ်းနဲ့လွယ်မွေးခဲ့ရတဲ့ အမေက မပြုံးနိုင်ပါဘူး၊ သားကို အမေ စိတ်မချဘူး။ အမေတို့ ချမ်းသာတာ ငါ့သားတစ်သက် စားလို့မကုန်နိုင်ပါဘူး။ မင်းအဖေပြောသလို သူ့စီးပွားရေးလုပ်ငန်းမှာ မင်း ဝင်ရောက်လုပ်ကိုင်ပေးရင် ပြဿနာဖြစ်စရာ မလိုပါဘူး''

''သား ခရီးထွက်မှာ ဘာမှမကြာပါဘူး အမေရယ်၊ ဘာမှစိတ်မပူပါနဲ့ အမေ၊ သား ခရီးသွားဖို့ ပိုက်ဆံက ငွေသုံးထောင်ပဲရှိတယ်၊ အဲဒါကြောင့် ...''

''ဟင်း ... မင်းအဖေသိရင်တော့ အမေ့ကိုသတ်တော့မှာပဲကွယ်''

ဒေါ်မြနွယ်က ဗီရိုထဲမှ ပိုက်ဆံအိတ်ကို သွားယူပြီး လူရဲကို ငွေတစ်ထပ်ကြီး ထုတ်ပေးသည်။

''သား ... ဒီနေ့ပဲ ခရီးထွက်တော့မှာလား''

''သားသူငယ်ချင်း အဒူလေး (လှမြင့်) ဆီမှာ တစ်ညတည်းပြီး နောက်နေ့မှာ ခရီးစထွက်တော့မယ် အမေ''





လူရဲက သူ့အဖေ့ဓာတ်ပုံကို ရှိခိုးသည်။ သူ့အမေကိုလည်း ရှိခိုးသည်။ ထို့နောက် ကျောပိုးအိတ်ကို ညာဘက်ပခုံးတွင် လွယ်ပြီး အိမ်ထဲမှထွက်သွားသည်။

''သား အမေ့ဆီ အမြန်ဆုံးပြန်လာခဲ့နော်''

''စိတ်ချအမေ ... ပြန်လာခဲ့မယ်၊ အမေနဲ့အဖေ ကျန်းမာအောင်သာ ဂရုစိုက်ပါ''

လူရဲက နောက်သို့လှည့်မကြည့်ဘဲ ပြောသွားသည်။ ဒေါ်မြနွယ်မှာ မျက်ဝန်းအိမ်ထဲမှာ မျက်ရည်များ ရစ်ဝဲလျက်ကျန်ခဲ့သည်။ ဒေါ်မြနွယ်သည် ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

''ဒီအဖေနဲ့ ဒီသားကြောင့်တော့ စိတ်ဆင်းရဲပြီး ငါသေတော့မှာပဲ''

ဒေါ်မြနွယ်က ဝမ်းနည်းပြီး ငိုနေသည်။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဟာ လူရဲ . . . ဘယ်လိုဖြစ်လာတာလဲ၊ ကျောပိုးအိတ်ကြီးလွယ်လို့"

အဒူလေးက လူရဲကိုမြင်သည်နှင့် တအံ့တသြ ပြောသည်။ လူရဲက အဒူလေး၏ဘေးနားတွင် ဝင်ထိုင်သည်။

"ငါ့အဖေက ငါ့ကို အိမ်ကနှင်ချလိုက်လို့ကွ"

"ဟင် . . . မင်းတို့သားအဖ ဘာဖြစ်ကြလို့လဲ"

လူရဲက သူငယ်ချင်းဖြစ်သူ အဒူလေးအား ပြောပြလိုက်၏။ အဒူလေးက လူရဲပြောပြသည်ကိုနားထောင်ပြီး ပြုံးနေသည်။

"မင်းကလည်း မင်း ဝါသနာကိုမစွန့်နိုင်ဘူး။ မင်းအဖေကလည်း စီးပွားရေးသမားဆိုတော့ မင်းကို စီးပွားရေးလုပ်ငန်းမှာပါ ဝင်လုပ်စေချင်တယ်၊ နှစ်ယောက်စလုံးက သူ့သဘောသူ





ဆောင်နေတာဆိုတော့ ဘယ်သူ့မှ အပြစ်ပြောလို့မရဘူး။ ဒါနဲ့ မင်းက ဘယ်ကိုခရီးထွက်ဖို့ စိတ်ကူးထားသလဲ"

အဒူလေးက လူရဲ၏မျက်နှာကို အကဲခတ်ရင်း မေးသည်။

"မြန်မာပြည်မြောက်ဖျား၊ ကချင်ပြည်နယ်ဘက်ကို လေ့လာရေးခရီး သွားမလို့၊ အဲဒီမှာ ငါ လေ့လာမှတ်တမ်းစရာတွေ အများကြီးရှိတယ်"

"ဟာ . . . ခရီးက အဝေးကြီးပဲ"

"ဟုတ်တယ်၊ ရန်ကုန်ကနေ မြစ်ကြီးနား။ မြစ်ကြီးနားကနေ ပူတာအို၊ မချမ်းဘောဘက်ကို ခရီးဆက်မှာကွ"

"မင်း အဲသလို သွားချင်ရာသွားနေတာကို မင်းအဖေက သဘောမကျတာ အဲဒါကြောင့်"

"ဘာပဲဖြစ်ဖြစ်လေ . . . ငါကတော့ ငါလေ့လာချင်တာကို လေ့လာခွင့်ရရင် ကျေနပ်ပြီ၊ ပြန်ရောက်လာတော့မှ အဖေ့စိတ်တိုင်းကျ စီးပွားရေးလုပ်ငန်းမှာ ဝင်ပြီးကူညီမယ်၊ အဲဒါဆိုရင် အဖေကလည်း ငါ့ကို စိတ်ဆိုးပြေသွားမှာပါကွာ"

"လူရဲ . . . မင်းက အေးအေးလေးနဲ့ ဆိုးတဲ့ကောင်နော်"

လူရဲက အဒူလေး၏စကားကို သဘောကျပြီးရယ်မော၏။



www.burmeseclassic.com

www.burmeseclassic.com



''အေးလေ ... မင်းက သုတေသနအလုပ်ကို ဝါသနာပါနေတာ ဘယ်လိုလုပ် အပြစ်ပြောလို့ရမှာလဲ၊ မင်း ခရီးဝေးတွေကို မကြာခဏသွားနေတာလည်း ငါသိတယ်၊ အဲဒီဒေသတွေကတွေ့ရှိတဲ့ ရှေးဟောင်းပစ္စည်းတွေ, ပေစာ ပုရပိုက်စာတွေ, မြေပုံကားချပ်တွေ စုဆောင်းထားတာ မနည်းဘူးနော်''

''ပြီးခဲ့တဲ့နှစ်က ပုံတောင်ပုံညာဘက်ကိုသွားပြီး ရုပ်ကြွင်းတွေကို လေ့လာစုဆောင်းထားတယ်၊ မှတ်တမ်းမှတ်ရာတွေနဲ့ စာတမ်းရေးထားတယ်''

''သိပါတယ် သူငယ်ချင်းရယ်၊ မင်းရဲ့အခန်းထဲမှာ မင်းရှာဖွေစုဆောင်းထားတဲ့ပစ္စည်းတွေနဲ့ ရှုပ်ပွနေတာပဲဥစ္စာ၊ မြွေဝင်ခွေနေတောင် မင်းသိမှာ မဟုတ်ဘူး''

''အဲသလောက်လည်း မဟုတ်သေးပါဘူးကွာ''

''ငါပြောတာ လိုရင်တောင်လိုနေဦးမှာ''

''ဟာကွာ ... မင်းကလည်း ပြောရော့မယ်၊ အခု ငါ သွားရောက်လေ့လာမယ့် ကချင်လူမျိုးတွေကို ဟိုးရှေးနှစ်ပေါင်းများစွာက ငါတို့မြန်မာတွေက 'အချင်' လို့ခေါ်ခဲ့ကြတယ်၊ ကချင်လူမျိုးတွေကတော့ သူတို့ဘာသာစကားအရ 'ဂျိန်းဖော' လို့ခေါ်ကြတယ်၊ ကချင်ဆိုတဲ့စကားဟာ ကချင်လူမျိုးတွေရဲ့ ဘာသာစကား မဟုတ်ဘူး၊ ငါ တက္ကသိုလ်နောက်ဆုံးနှစ် ဖြေပြီးတုန်းက အဲဒီကိုသွားပြီး လေ့လာဖူးတယ်''





''ဟင် ... ငါတောင် မသိပါလား''

''ဘယ်သူ့မှ အသိမပေးဘူးလေ၊ စာမေးပွဲဖြေပြီးတာနဲ့ ကလေးက ဘွားလေးတို့ဆီ အလည်အပတ်သွားဦးမယ်လို့ အဖေနဲ့အမေ သဘောကျအောင်ပြောပြီး ငါ တိတ်တိတ်တိတ်သွားခဲ့တာ၊ အဲဒီကိုသွားမယ်လို့ဆိုရင် အဖေနဲ့အမေက ဘယ်လိုလုပ်ခွင့်ပြုမှာလဲ''

''အေး ... ဒါလည်း ဟုတ်တာပဲ''

''တရုတ်လူမျိုးတွေက ကချင်ကို 'ရှန်ထို' လို့ခေါ်တယ်၊ တောင်ထိပ်သားလို့ အဓိပ္ပာယ်ရတယ်၊ ရှမ်းလူမျိုးတွေကတော့ ကချင်ကို 'ခန့်ဝံ' လို့ခေါ်တယ်၊ ရှေးကျတဲ့မြန်မာကျောက်စာတွေမှာတော့ ကချင်ဆိုတဲ့စကားအသုံးအနှုန်းကို မတွေ့ရဘူး၊ မြန်မာသက္ကရာဇ် (၈၀၄) ခုနှစ်မှာ ရေးထိုးထားတဲ့ ညောင်ဦးရွှေစည်းခုံ ညံ့ ၄၀ ကျောက်စာမှာတော့ 'ကခြင်' လို့ရေးထိုးထားတာကို ငါ လေ့လာမှတ်သားရတယ်၊ မြန်မာစာတမ်းတွေမှာတော့ ကချင်ကို 'သိမ်းဖော' လို့ရေးသားထားကြတယ် ...၊

ကချင်ပြည်နယ်မှာ ဒေသကိုလိုက်ပြီး တချို့နေရာတွေမှာ ဂျိန်းဖောလို့ခေါ်တယ်၊ အထက်မြစ်ဖျားဘက်မှာတော့ 'ခခု' လို့ခေါ်တယ်၊ ခခုဆိုတာ မြစ်ဖျားလို့ အဓိပ္ပာယ်ရတယ်၊ ကချင်လူမျိုးအုပ်စု နှစ်ဆယ်ရှိတယ်လို့ သိရတယ်၊ ဒီပေမဲ့ ... ငါးခုသာ ထင်ရှားတယ်၊ ကျန်တဲ့ ဆယ့်ငါးခုက မထင်ရှားဘူး ...၊

www.burmeseclassic.com



ကချင်လူမျိုးတွေရဲ့ အယူအဆအရ ရှေးဦးစွာ သူတို့မှာ ‘ဝချက်ဝ’ ဆိုတဲ့ ဖခင်ကြီးတစ်ယောက် ရှိတယ်၊ အဲဒီဖခင်ကြီးမှာ သားငါးယောက်ရှိတာ အဲဒီငါးယောက်ကနေ ထင်ရှားတဲ့လူမျိုးစုကြီး ငါးစု ပေါ်လာတယ်၊ အဲဒီလူမျိုးစုကြီးတွေက (၁) မရစ် (၂) လထော၊ (၃) လမိုင်၊ (၄) အင်ခမ်၊ (၅) မရမ်တို့ဆိုတာတွေပဲ

မရမ်အုပ်စုဆိုတာ အစ်ကိုအကြီးဆုံးက ပေါက်ဖွားဆင်းသက်လာတဲ့ အုပ်စုဖြစ်ပြီး ဝါအရင့်ဆုံးဖြစ်တယ်၊ လမိုင်အုပ်စုကတော့ အင်အားအကြီးဆုံးဖြစ်တယ်၊ အဲဒီလူမျိုးကြီးအုပ်စု ငါးစုဟာ အထင်အရှားပဲ၊ ကချင်ပြည်နယ်က မြန်မာပြည်ရဲ့မြောက်ပိုင်း (မြောက်ဖျား) မှာရှိတယ်၊ ဧရာဝတီနဲ့ ချင်းတွင်းမြစ်ဖျားမြစ်ဝှမ်းဒေသပေါ့၊ နက်ရှိုင်းထူထပ်တဲ့ သစ်တောတွေ၊ တောင်တန်းကြီးတွေ၊ ရေတံခွန်တွေ၊ ချောင်းတွေနဲ့ စိမ်းလန်းစိုပြည်တဲ့ဒေသလို့ ပြောရမှာပေါ့၊ မြောက်နဲ့အရှေ့မှာ တရုတ်နိုင်ငံ၊ အနောက်ဘက်မှာ ကသာခရိုင်၊ အထက်ချင်းတွင်းခရိုင်၊ နာဂတောင်တန်း၊ အာသံပြည်နယ်တို့ ဝန်းရံတည်ရှိတယ် . . .၊

တကယ်တော့ ကချင်လူမျိုးတွေဟာ တိဘက်မြန်မာ အနွယ်ဝင်တွေပဲ၊ သူတို့ရဲ့မူရင်းဒေသဟာ သဘာဝအားဖြင့် ‘ပြန့်ပြူးနေသော တောင်ထိပ်’ လို့ အဓိပ္ပာယ်ရတဲ့ ‘မဂ္ဂိုင်းရှင်ဂရဘုံ’ ဖြစ်တယ်လို့ ဆိုကြတယ်၊ ကချင်လူမျိုးတွေက နတ်ကိုးကွယ်ကြတယ်၊ မင်္ဂလာဆောင်တွေ၊ အသုဘတွေမှာ ဒုမ်ဆ





ဆိုတဲ့နတ်ဆရာက ညွှန်ကြားပြသတဲ့အတိုင်း ပြုလုပ်ကြတယ်၊ ကျေးရွာတွေမှာ ‘ဆလိုင်း’ သို့မဟုတ် ‘ပေါမိုန်’ လို့ခေါ်တဲ့ သူကြီးတွေက အမှုအခင်းကိစ္စတွေ၊ သာရေးနာရေးကိစ္စတွေကို ဆောင်ရွက်ပေးကြတယ်၊ ငါတို့ဆီက ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေလိုပေါ့ . . .၊

ကချင်လူမျိုးတွေက သူတို့သေဆုံးသွားတဲ့အခါ သူတို့ရဲ့ ဝိညာဉ်တွေက ရှေးအဘိုးအဘွားတွေရဲ့ဝိညာဉ်ရှိရာကို သွားရောက်ပူးပေါင်းတယ်လို့ အယူရှိကြတယ်၊ သူတို့ရဲ့ သင်္ချိုင်းပေါ်မှာ ခိုင်ခံ့တဲ့တင်းကုပ်တွေ ဆောက်လုပ်ပြီး အမိုးမိုးထားတယ်၊ ကချင်လူမျိုးတစ်ဦး သေဆုံးသွားတဲ့အခါ အဲဒီလူ နေ့စဉ်အသုံးပြုခဲ့တဲ့ ဓား၊ လှံ၊ သေနတ်၊ အဝတ်အထည်ကို သူ့အလောင်းနဲ့အတူ မြှုပ်နှံသင်္ဂြိုဟ်လေ့ရှိကြတယ် . . .၊

ကချင်လူမျိုးတို့မှာ မူရင်းစာပေဆိုတာ မရှိဘူးလို့ ငါသိရတယ်၊ ရောမအက္ခရာတွေနဲ့ ခရစ်ယာန်သာသနာပြုဘုန်းကြီးတွေ တီထွင်ပေးထားတဲ့စာ၊ ကချင်စာလို့ပဲ ပြောရတော့မှာပေါ့၊ အဲဒီစာကို အသုံးပြုကြတယ်၊ သူတို့ရဲ့ဘာသာစကားနဲ့ ခေါ်ဝေါ်သုံးရတဲ့အကြောင်း အရာဝတ္ထုပစ္စည်းတွေကို မြန်မာလိုပဲ ပြောဆိုတယ်၊ စကားသံက ဝဲတော့ မနည်းနားထောင်ယူရတယ်”

“အင်း . . . မင်းက အတော်လေ့လာထားတာပဲ”

“ပထမအခေါက်က အဲဒီမှာ ရက်အတော်ကြာအောင်



www.burmeseclassic.com

www.burmeseclassic.com



လေ့လာနေတာ၊ ပြီးတော့ ငါက တောပစ်တာ ဝါသနာပါတော့ အဲဒီကမုဆိုးတစ်ယောက်နဲ့ အတော်ခင်မင်ရင်းနှီးခဲ့ရတယ်၊ အဲဒီမုဆိုးက တောကျွမ်းတယ်၊ ငါရောက်သွားတဲ့နေရာက လူသူအရောက်အပေါက်နည်းတယ်၊ အုပ်ချုပ်ရေးနဲ့ အလှမ်းကွာတယ်၊ ပြည်နယ်ဒေသနဲ့ အလှမ်းကွာဝေးတာမို့ ယဉ်ကျေးမှုက တစ်မျိုးပဲ

ဘယ်လိုပြောရမလဲ ခေတ်နောက်ကျန်ပြီး မသိမ်မွေ့ဘူးဆိုရမယ်၊ သူတို့အချင်းချင်းပြောတဲ့စကားတွေကို နားထောင်ရင်းအနေကြာလာတော့ ငါလည်း ကချင်စကားပြောတတ်လာတယ်၊ တစ်နေရာနဲ့တစ်နေရာ စကားသုံးနှုန်းပုံချင်း မတူကြဘူး၊ တောင်တစ်တောင် စကားတစ်မျိုးလို့ ပြောရတော့မှာပဲ၊ ငါကတော့ လေ့လာချင်သေးတယ်၊ ရက်တွေက ကြာနေပြီ၊ တော်ကြာ အမေက ငါ့ကိုသတိရလို့ မန္တလေးက ဘွားလေးဆီကို ဖုန်းဆက်ရင် အလိမ်တွေပေါ်သွားမှာစိုးလို့ ပြန်လာခဲ့ရတာ''

လူရဲက စီးကရက်တစ်လိပ်ကို မီးညှိ ဖွာရှိုက်လိုက်သည်။

''မနက်ဖြန် မင်းသွားရင် ငါလည်း လိုက်ချင်တယ်၊ အဲဒီဒေသတွေကို ငါ မရောက်ဘူးသေးလို့''

''မင်းအဖေနဲ့အမေက စိတ်ချပါ့မလား၊ ငါက တောတောင်တွေထဲ လျှောက်သွားပြီးလေ့လာနေတတ်တာမျိုး၊ မုဆိုးတွေနဲ့ တောထဲမှာ အမဲပစ်သွားနေတတ်တာမျိုး၊ အသက်အန္တရာယ် စိုးရိမ်ရတယ်၊ မင်း လိုက်ရဲလို့လား၊ ပြီးတော့ ငါ ပြန်ချင်တဲ့အချိန်ကျတော့မှ ပြန်လာမှာနော်၊ ဟိုမှာနေရတာ ပျင်းစရာကောင်းတယ်ဆိုပြီး ပြန်လာချင်လို့ မလွယ်ဘူး''

''ရဲဇာနည်သိုင်းအဖွဲ့က သိုင်းသမားတစ်ယောက်ပါကွာ၊ ရဲဇာနည်လူရဲနဲ့ သိုင်းပညာသင်ဘက်ပါကွ၊ တောတောင်ထဲသွားတာ အဆန်းလုပ်လို့၊ ငါ့အဖေနဲ့အမေက မင်းနဲ့ဆို စိတ်ချပြီးသား''

''အဲဒါဆိုရင် ကောင်းပါတယ်ကွာ၊ ငါ့အတွက် အဖော်ရသလို အကူအညီလည်း ရတာပေါ့၊ ငါ့တပည့်အနေနဲ့ လိုက်ခဲ့ပေါ့''

''ဟာ ...ဒီကောင်''

လူရဲက အသံထွက်အောင်ပင် ရယ်နေသည်။

''ဦးလေးနဲ့ဒေါ်လေး မမြင်ပါလား၊ ဘယ်သွားနေကြသလဲ''

''မြို့ထဲကို ဈေးသွားဝယ်ကြတယ်''

''ဟင် ...ဟုတ်လား၊ မနက်ဖြန် ခရီးထွက်ကြမယ်၊ သွားဖို့လာဖို့ စီစဉ်ရဦးမယ်၊ ငါ မြို့ထဲသွားလိုက်ဦးမယ်''

''ဟေ့ကောင် လူရဲ ...ညစာ ငါ့အိမ်မှာစားနော်၊ မပြင်က စားမလာနဲ့''

''အေးပါကွာ''

***

www.burmeseclassic.com

## အခန်း (၃)

လူရဲနှင့်အဒူလေးတို့သည် လေယာဉ်ခရီးဖြင့် မြစ်ကြီးနား မှပူတာအိုသို့ လာခဲ့ကြသည်။ အဒူလေးက ရေခဲတောင်ကြီးများ၊ စိမ်းလန်းသောတောအုပ်များ၊ နက်ရှိုင်းသောချိုင့်ဝှမ်းကြီးများ၊ ကွေ့ဝိုက်စီးဆင်းနေသော မြစ်ချောင်းများကို လေယာဉ်ပေါ်မှ အထူးအဆန်းသဖွယ် ကြည့်နေသည်။ လူရဲက အဒူလေးအား လေယာဉ်ပေါ်မှ မြေပြင်ရှုခင်းများကို လက်ညှိုးထိုးပြရင်း ရှင်း လင်းပြောပြလာသည်။ လေယာဉ်ထဲမှာဖြစ်သော်လည်း အအေး ဓာတ်က လွှမ်းခြုံနေသည်။ ပီဘီဆောင်းရာသီမှ အအေးဓာတ်ကို ခံစားနေရသည့်နှယ်ပင်။

လေယာဉ်ကြီးက ငြိမ့်ခနဲဖြစ်သွားသည်။ အဒူလေးက ကြောက်လန့်ပြီး လူရဲလက်ကို လာ၍ကိုင်သည်။ လူရဲက 'မင်း





ဘာမှမဖြစ်နိုင်ပါဘူး၊ ခါးပတ်ပတ်ထားတယ်လေ'ဆိုသည့် သင်္ကေတစကားဖြင့် အဒူလေးခန္ဓာကိုယ်မှ ခါးပတ်ကို လက်ညှိုး ထိုးပြလိုက်သည်။

"လေယာဉ်က ပူတာအိုလေဆိပ်ကို ဆင်းတော့မှာကွ၊ ချက်ချင်းမဆင်းဘူး၊ အရှိန်သတ်တဲ့သဘော လေယာဉ်ကွင်းကို တစ်ပတ်ဝဲပြီး လှည့်ပတ်ဦးမှာ၊ လေယာဉ်ဦး ဖြောင့်တန်းတော့ မှ ဖြည်းဖြည်းချင်း ဆင်းမှာ၊ ဘာမှမကြောက်ပါနဲ့"

လေယာဉ်ဘီးက ပြေးလမ်းပေါ်သို့ ကျသွားသည့်အခါ အားဘီး ချိုင့်ထဲသို့ကျသည့်ပမာ အနည်းငယ်ခုန်သွားသည်။ လေယာဉ်ပြေးနှုန်းက တဖြည်းဖြည်း နှေးသွားသည်။ ထို့နောက် ငြိမ်ညင်းစွာ ရပ်တန့်သွားသည်။

"ဟော့ကောင် ...ရောက်ပါပြီကွ၊ မင်းကြည့်ရတာ နှုတ်ထိတ်နေတဲ့မျက်နှာလေးနဲ့ သနားစရာကွာ"

လူရဲက ရယ်မောစွာပြောသည်။

"လေယာဉ်တစ်ခါမှမစီးဖူးတော့ ကြောက်တယ်ကွ"

လူရဲနှင့်အဒူလေးက ခါးပတ်များကို ဖြုတ်သည်။ ခရီးသည်များက လေယာဉ်ပေါ်မှ ဆင်းသွားကြပြီး လူရဲ နှင့်အဒူလေးက ကျောပိုးအိတ်များကိုလွယ်ပြီး လေယာဉ်ပေါ်မှ ဆင်းလာသည်။ အဒူလေးက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့် နေသည်။ လူရဲက အဒူလေးကိုကြည့်ပြီး သဘောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဒူလေးက သူ့ကို ပျောင်းပြောင်းရကောင်းလောဟု လူရဲမျက်နှာကို မကြည့်သလို ကြည့်နေသည်။

"ဘယ်ဆက်သွားမှာလဲ"

အဒူလေးက မေးကလေးဆတ်ပြီး မေးသည်။

"မင်းက ငါ့တပည့်အနေနဲ့ လိုက်လာတာမဟုတ်လား"

"ဟာ ... လာပြန်ပြီလား ဒီတပည့်"

"ဘာလဲ ... မဟုတ်ဘူးလား"

"ကျွတ် ... ထားပါတော့ ဆရာရယ်"

လူရဲက ဂျစ်ကားများရပ်ထားသည့်နေရာသို့ အဒူလေးကို လက်ဆွဲပြီး ခေါ်လာသည်။

"ငါတို့ အခု ဘယ်သွားကြမှာလဲ လူရဲ"

"မချမ်းဘောကိုသွားမယ်လေ"

"ကားနဲ့သွားရမှာပေါ့"

"အေးလေ ... အဲဒါကြောင့် ကားစီးဖို့လာတာပေါ့"

အဒူလေးက ခေါင်းတဆတ်ဆတ်ညိတ်နေသည်။ လူရဲက အဒူလေးကိုခေါ်ပြီး ကားပေါ်သို့တက်သည်။ ကားအရှိန်ဘာက စက်နှိုးသည်။ မကြာမီ ကားကလေးက ပုံမှန်အရှိန်ကလေးနှင့် မောင်းထွက်လာသည်။ အဒူလေးက လမ်းဘေးဝဲယာမှ ရှုခင်းများကို အထူးအဆန်းသဖွယ် ကြည့်နေ၏။ မကြာမီတွင် မချမ်းဘော ဒေသအတွင်းသို့ ဝင်လာသည်။





မချမ်းဘော သည် မြစ်ကမ်းနံဘေးမှ ရွာတစ်ရွာသာ ဖြစ်ပါချေသည်။ ကချင်ပြည်နယ်မှ မချမ်းဘောရွာကို လူတိုင်း သိနေကြသည်။ ချစ်စရာ မချမ်းဘောဟုပင် ကင်ပွန်းတပ်ထားသည်။ ကားကလေးက တံ့ခနဲ ရပ်သွား၏။ လူရဲက ကားပေါ်မှ အလျင်ဆင်းသည်။ အဒူလေးက ဟိုကြည့်သည်ကြည့်နှင့် ဆင်းလာသည်။ လူရဲက ကားဆရာအား ကားခထုတ်ပေးသည်။

"ဟော့ကောင် တပည့် ... လာလေကွာ"

လူရဲက ရှေ့မှသွားနှင့်သည်။ အဒူလေးက ကြောင်အမ်းအမ်းနှင့် လိုက်လာသည်။ မြို့မှာဆိုလျှင် ကားကလေးနှင့် ဟိုလည်သွားနေတတ်သော အဒူလေးသည် ယခု လမ်းလျှောက်သွားလာနေရသဖြင့် မျက်နှာက ရှုံ့မဲ့နေသည်။

ဟိုးရှေးဆီမှ တောင်ယာစိုက်ခင်းများကို မြင်တွေ့နေရသည်။ လူရဲက ခြံဝင်းတစ်ခုထဲသို့ တန်းတန်းမတ်မတ်ပင် ဝင်လာခဲ့၏။ ခြံဝင်းထဲတွင် ပန်းပင်မျိုးစုံနှင့် သီးနှံပင်များ စိုက်ပျိုးထားသည်။ အဒူလေးက လှပပြီး အရောင်အသွေးစုံလင်လှသော ပန်းခင်းများကို ငေးမောကြည့်နေသည်။

'ဝုတ် ဝုတ် ဝုတ် ဝုတ်'

စူးရှကျယ်လောင်သော ခွေးဟောင်သံကြောင့် အဒူလေးသည် လှမ်းလက်စခြေလှမ်းများကို ရပ်လိုက်၏။

"ဆလန်းဒေါင်း ... ဆလန်းဒေါင်း"



www.burmeseclassic.com

www.burmeseclassic.com



လူရဲက ရပ်တန့်ပြီး အော်၍ခေါ်နေ၏။

ခြံဝင်းအနောက်ဘက်ပိုင်းတွင် သေသပ်စွာဆောက်ထားသော အိမ်ကလေးတစ်လုံးရှိနေသည်။ အုန်းခွံရောင်ရှိ၍ လူခါးစောင်းခန့်မြင့်သော ခွေးကြီးတစ်ကောင်ကို သံကြိုးဖြင့်ချည်ထားသည်။ ခွေးကြီးက လူစိမ်း၏အရိပ်အယောင်ကိုမြင်သဖြင့် သံကြိုးကို ဆောင့်ရုန်းကာ မာန်ဖီနေသည်။ အိမ်ထဲမှ အသက်ငါးဆယ်ခန့်ရှိမည်ထင်ရသည့် လူကြီးတစ်ဦး ထွက်လာသည်။ ထိုလူကြီးဝတ်ဆင်ထားသည့် အဝတ်အစားများက ဟောင်းနွမ်းစုတ်ပြတ်နေသည်။

"ဘယ်သူလဲ"

ထိုလူကြီးက ခြံရှေ့ဘက်သို့ လှမ်းကြည့်ရင်းမေးသည်။ လူရဲက ခွေးကြီးကို သံကြိုးဖြင့်ချည်ထားမှန်းသိသဖြင့် အိမ်ကလေးရှေ့သို့ တိုးကပ်၍ လျှောက်သွားသည်။ လှမ်းမေးသည့် လူကြီးက လူရဲကို အသေအချာကြည့်နေသည်။

"ဆရာထန်းကလည်း ကျွန်တော်ကို မမှတ်မိတော့ဘူးလား"

"ဟင် ... ဗမာကောင်၊ မင်း ... လူ ... လူရဲ"

"ဟုတ်ပါတယ် ဆရာထန်းရဲ့၊ ဆလန်းဒေါင်းကော ဘယ်သွားနေတာလဲ"

"ဟိုးနောက်မှာရပ်နေတာ မင်းခေါ်လာတဲ့သူလား။ သူ့ကို ခေါ်ဦးလေ၊ ဆလန်းဒေါင်းတော့ အိပ်ရာထဲမှာ လဲနေတယ်"

"ဟင် ... ဆလန်းဒေါင်း ဘာဖြစ်လို့လဲ ဆရာထန်း"

"လာပါ ... အိမ်ပေါ်တက်ပြီး အမောအပန်းဖြေကြပါဦး။ မင်းတို့ ခရီးပန်းလာတယ် မဟုတ်လား၊ မင်းအဖော်ကို ခေါ်လိုက်ပါဦး"

လူရဲက အဒူလေးကို လက်ယပ်ပြီးခေါ်သည်။ ဆရာထန်းက အိမ်ကလေးပေါ်သို့ ပြန်တက်သွားသည်။ လူရဲနှင့် အဒူလေးက အိမ်ကလေးထဲသို့ လှမ်းကြည့်ရင်း အိမ်ပေါ်သို့ တက်လာသည်။

"ဗျို့ ... ဆလန်းဒေါင်း"

လူရဲက လှမ်းခေါ်သည်။

"ငါ အခန်းထဲမှာရှိတယ် လူရဲ"

အားပျော့သည့်လေသံဖြင့် ပြောလိုက်သော ယောကျ်ားတစ်ယောက်၏အသံကို ကြားရသည်။ လူရဲက အဒူလေးကို ချက်ရိုပ်ပြပြီး အခန်းထဲသို့ ဝင်လာသည်။ အခန်းထဲတွင် မီးခွက်ကလေးတစ်ခု ထွန်းထားသည်။ မီးခွက်မှ အလင်းရောင်သည် အခန်းထဲတွင် မှိန်ပျပျဖြာကျနေ၏။ အခန်းထဲမှ အိပ်ရာပေါ်တွင် သဲလျောင်းနေသော ယောကျ်ားကြီးမှာ တစ်ကိုယ်လုံး ဒဏ်ရာ အရပ္ပနှင့်။





ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com



“ဟင် ဆလန်းဒေါင်း . . . ဘယ်လိုဖြစ်တာလဲဗျာ၊ တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေနဲ့”

လူရဲက ဆလန်းဒေါင်း၏အိပ်ရာဘေးတွင် ထိုင်ချရင်းမေးသည်။ ဆလန်းဒေါင်း၏လက်ကို ဆုပ်ကိုင်ကြည့်သည်။

“ဟိုးတစ်လောက ငါ တောထဲကို အမဲလိုက်သွားရင်း ဒဏ်ရာတွေရလာတာ၊ ဒဏ်ရာတွေက ပြင်းထန်လွန်းလို့ တောထဲမှာ ခုနစ်ရက်လောက် သတိမေ့မြောနေသေးတယ်၊ ရွာရောက်ဖို့ အားတင်းပြီး ပြန်လာခဲ့ရတာ၊ ငါ့ကိုယ်ငါ သေပြီလို့တောင် ထင်ထားတာ”

“ဟင် . . . ဆလန်းဒေါင်းက အမဲကောင်ကြီးနဲ့ ရင်ဆိုင်တိုးတာလား”

“မဟုတ်ဘူးကွ . . . မင်းတို့ ပင်ပန်းလာတယ်၊ အေးအေးဆေးဆေး အနားယူကြပါဦး၊ ညကျတော့မှ အေးအေးဆေးဆေး ပြောပြမယ်၊ မင်း အတော်စိတ်ဝင်စားသွားမှာ သေချာတယ်”

ဆလန်းဒေါင်းက နွမ်းလျနေသောလေသံဖြင့် ပြောသည်။

“ဆလန်းဒေါင်းတစ်ကိုယ်လုံး ဒဏ်ရာတွေက အတော်များတယ်၊ အခု ဒီဒဏ်ရာတွေပျောက်အောင် ဘယ်လိုကုနေသလဲ”





“ကျိန်းမာရေးမှူးနဲ့ ကုသနေတယ်၊ ငါ့ဆီကို တစ်နေ့တစ်ခေါက်လာပြီး ဒဏ်ရာတွေကို ဆေးထည့်ပေးတယ်၊ ဆေးထိုးတယ်၊ ဒီဒဏ်ရာတွေ မပျောက်မချင်း ငါ အိပ်ရာထဲမှာ ယ်လောက်လှဲနေရဦးမယ်မသိဘူး”

“ကျွန်တော့်ဆီမှာ ဆေးဝါးတွေ ပါလာသေးတယ်၊ ဆလန်းဒေါင်း နေကောင်းသွားမှ တောထဲမှာ အမဲပစ်ထွက်ကြသေးတာပေါ့”

ဆလန်းဒေါင်းက အားယူ၍ ပြုံးပြသည်။

“ဘာမှအားမငယ်ပါနဲ့ ဆလန်းဒေါင်းရယ်၊ သူက ကျွန်တော့်သူငယ်ချင်း အဒူလေးတဲ့၊ ဒီအရပ်ဒေသကို မရောက်သေးလို့ အလည်အပတ်သဘောမျိုးလိုက်လာတာ၊ အဒူလေး . သူက ငါပြောတဲ့ မုဆိုးဆလန်းဒေါင်း၊ အမဲပစ်သိပ်တော်တာ၊ ခုတော့ ဘယ်လိုဖြစ်ပြီး တောထဲမှာ ဒဏ်ရာတွေရလာသလဲ နိုင်ဘူး”

“ဟဲ့ ဗမာကောင်ရယ် . . . နင်က သိပ်သိချင်နေတာ ညကျရင် ငါပြောပြလို့ နင်သိရတော့မယ့်ဥစ္စာ၊ ကဲ . . . ာအပန်းဖြေရင် ရေချိုး၊ နင်တို့စားသောက်ဖို့ ဆမားထန်းက ပြုတ်နေပါပြီ”

လူရဲနှင့်အဒူလေးတို့က ရေချိုးပြီးသည်နှင့် တောင်ယာ ားအား လိုက်လံကြည့်ရှုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



''အဒူလေးရေ ...ငါ ဒီကိုလာရတဲ့ရည်ရွယ်ချက်က တော့ တောင်ပေါ်မှာ တောင်ယာလုပ်ကိုင်နေကြတဲ့ ရဝမ်, လီဆူ တိုင်းရင်းသားတွေရဲ့ရိုးရာယဉ်ကျေးမှု, ဓလေ့ထုံးစံတွေကို လေ့လာပြီး စာတမ်းတစ်စောင် ရေးချင်လို့ပဲကွ၊ ငါ့ဝါသနာအရ မှဆိုးဆလန်းဒေါင်းနဲ့ တောတောင်တွေထဲမှာ အမဲပစ်ထွက်မယ် ပေါ့ကွာ၊ အခု မုဆိုးဆလန်းဒေါင်းက တောထဲက ဒဏ်ရာရ ရလာပြီး အိပ်ရာထဲလဲနေတာဆိုတော့ ဒီမှာ ငါ အကြာကြီးနေရ တော့မှာပေါ့၊ မင်း လိုက်လာပြီးတော့ နေရထိုင်ရပျင်းစရာကြီး တော့ ငါ စိတ်ညစ်အောင်မပြောနဲ့''

လူရဲက မျက်နှာခပ်တည်တည်ထားပြီး ပြောသည်။

''အဲဒီစကားပြောဖို့ ငါ လုံးဝစိတ်မကူးဘူး၊ ငါ သဘာဝရှုခင်းတွေကိုကြည့်ပြီး စိတ်ထဲမှာ ကြည်နူးနေမိတာ''

လူရဲနှင့်အဒူလေးတို့က ချင်းတွင်းမြစ်ကမ်းနံဘေးတွင် ထိုင်နေလိုက်ကြသည်။ ချင်းတွင်းမြစ်ရေက တသွင်သွင် စီးဆင်း နေလျက် ရှိ၏။

''အဒူလေး ...မင်းသိအောင်ပြောပြထားရဦးမယ် အရင်တုန်းက ဒီအကြောင်းကို စကားမစပ်မိလို့ မပြောမိကြဘူး အခုတော့ အချိန်ကလေးလည်း ရနေတာမို့ ပြောကြတာပေါ့ တကယ်တော့ ငါတို့မျိုးရိုးက အနုပညာမျိုးရိုးကွ၊ ငါတို့မျိုး ဇာတိက မန္တလေးက၊ နိုင်ငံကျော်တေးရေးဆရာကြီး အေဝမ်း





ဆရာညွှာဆိုတာ မင်းကြားဖူးမှာပေါ့''

''အေး ...ကြားဖူးတယ်''

''အဲဒီတေးရေးဆရာကြီး အေဝမ်းဆရာညွှာဆိုတာ ငါတို့ အမေဘက်က အဘွားသန်းရဲ့ အစ်ကိုတစ်ဝမ်းကွဲဆိုတော့ ငါတို့ အဘိုးတစ်ဝမ်းကွဲ တော်စပ်တယ်၊ အဘိုးအေဝမ်းဆရာညွှာရဲ့သမီး ကြီး ဒေါ်တင်အုန်း၊ ငါတို့ကတော့ အမေတင်အုန်းလို့ခေါ်ကြတယ်၊ အခု သူက မန္တလေးမြို့ အနောက်ပြင် မင်းတဲအီကင်းရပ်ထဲမှာ နေတယ်၊ အဘိုးအေဝမ်းဆရာညွှာရဲ့သား လေးလေးဦးသန်းလွင် က ရွှေမန်းသဘင်ထဲမှာ တေးရေးဆရာ၊ ဂီတမှူးအဖြစ် နှစ် ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီးမှ ကွယ်လွန်သွားရှာပြီ၊

အခု မင်းကို ငါပြောပြချင်တာက အဘိုးအေဝမ်းဆရာ ညွှာရဲ့ဂီတဉာဏ်ထက်သန်မှုကိုပဲ၊ အဘိုးအေဝမ်းဆရာညွှာက ဆယ်ငယ်ကတည်းက ဂီတဝါသနာကို ပါခဲ့တယ်၊ ကျောင်းစာသင် ကြားရင်း အရပ်ထဲက ဆိုင်းဆရာတွေဆီမှာ ဂီတပညာကို သင် ယူခဲ့တယ်၊ အဘိုးအေဝမ်းဆရာညွှာဟာ လူပျိုပေါက်အရွယ်မှာ နေမကောင်းဖြစ်ရာက မျက်စိနှစ်လုံးစလုံး ကွယ်သွားခဲ့တယ်၊ အဘိုးအေးဝမ်းဆရာညွှာက မျက်စိနှစ်ကွင်းအလင်းမရပေမယ့် ဘဝကို အရှုံးမပေးဘူး၊ သူ ကျွမ်းကျင်စွာတတ်မြောက်ထားတဲ့ စလွေနဲ့ အငြိမ့်သီချင်းတွေ ရေးတယ်၊ ဆရာညွှာရေးတဲ့ အငြိမ့် သီချင်းတွေကို ပရိသတ်တွေက နှစ်သက်ကြတယ်၊ မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



ဆရာညွှာကို အိမ်ထောင်ချပေးကြတယ်၊ မိဘနှစ်ပါးသေဆုံးသွားတဲ့အခါ ဆရာညွှာ ဒုက္ခရောက်မှာစိုးတာကြောင့်ပါ ...။

အဘိုးအေဝမ်းဆရာညွှာဟာ နာမည်ရ အငြိမ့်သီချင်းရေးဆရာတစ်ဦး ဖြစ်လာတယ်၊ အဲဒီတုန်းက မျက်စိမမြင်တဲ့ အဘိုးအေဝမ်းဆရာညွှာက ဖနီးမယားကို တေးရေးခန့် ရှာဖွေ ကျွေးမွေးတာဟာ အံ့သြစရာပဲ၊ ဆရာညွှာ တေးရေးကောင်းတဲ့ သတင်းကြောင့် ရန်ကုန်မြို့ အေဝမ်းဓာတ်ပြားကုမ္ပဏီက ဆရာညွှာကို တေးသီချင်းတွေ ရေးခိုင်းတယ်၊ ဆရာညွှာက ပလွေနဲ့ သံစဉ်ရှာဖွေပြီး တေးသီချင်းတွေ ရေးတယ်၊ ရှင်သီဝလိ, စစ်ကိုင်းတံတား, သမ္မုဒ္ဒေ စတဲ့သီချင်းတွေဟာ ဆရာညွှာရဲ့ နာမည်ကြီး ဓာတ်ပြားသီချင်းတွေပေါ့ ...။

ဆရာညွှာရဲ့သမီး မတင်အုန်းက ဆရာညွှာပြောပြတဲ့ တေးသီချင်းစာသားတွေကို စာရွက်ပေါ်မှာ လိုက်ပြီး ရေးပေးတယ်၊ တစ်ခါတော့ မင်းတဲအိကင်းရပ်ထဲက တူတော်စပ်တဲ့ ကိုသောင်းထွန်းက ကချင်ပြည်နယ်၊ မချမ်းဘောမှာ အစိုးရဝန်ထမ်းတစ်ယောက်မို့ တာဝန်ကျနေတယ်၊ ခွင့်ယူပြီး အရပ်ထဲပြန်လာတဲ့အခါ ဘကြီးဖြစ်တဲ့ ဆရာညွှာဆီကို လာပြီးတွေ့ဆုံတယ်၊ အဲဒီအခါ ဆရာညွှာက မချမ်းဘောရွာအကြောင်းကို ကိုသောင်းထွန်းကို မေးတယ်၊ သောင်းထွန်းက ပြောပြတယ် ဆရာညွှာက သူသိလိုသမျှကို ထပ်မေးတယ်၊ ကိုသောင်းထွန်း





ပြောပြသွားသမျှကို အေဝမ်းဆရာညွှာက သမီးကြီးမတင်အုန်းကို စာအုပ်တစ်အုပ်ထဲမှာ ရေးမှတ်ထားစေတယ် ...။

ကိုသောင်းထွန်း ပြန်သွားတော့ ဆရာညွှာက ပလွေမှုတ်ပြီး သံစဉ်ရှာနေတယ်၊ ညီအစ်ကိုဝမ်းကွဲတော်စပ်တဲ့ ကိုလှကြိုင်က ဆရာညွှာရဲ့ပလွေသံကို နားထောင်ရင်း "အင်း ... အစ်ကိုညွှာ ပလွေမှုတ်ပြီး သီချင်းစာသား စီနေတာဖြစ်မယ်၊ ပလွေတေးသွားက အရမ်းနားထောင်လို့ကောင်းတာပဲ" လို့တွေးမိတယ်၊ အဲဒီအချိန်မှာ ဆရာညွှာက သမီးကြီးမတင်အုန်းကို လှမ်းခေါ်တယ် ...။

"စာရွက်ထဲမှာ ငါဆိုပြတဲ့ အလိုက်အတိုင်း စာသားတွေ ရေးနော်၊ မမှားစေနဲ့နော် သမီး" လို့ မှာကြားနေတယ်၊ ကိုလှကြိုင်က နားစွင့်နေမိတယ် ...။

♬ ချစ်စရာ မချမ်းဘောရွာကလေး ××× အေးချမ်းလှပါသရှင် ××× အေးချမ်းလှပါသရှင် ××× ပထဝီအနေအထား ××× ပြောကြားရပါရင် ××× မြောက်ဘက်သေးစတစ်ခွင် ××× ဒီးစဉ်တစ်ထောက်နား ××× မြစ်ကြီးနားရောက်ရင် ××× ဆဟင်ခရီး ××× လေယာဉ်စီးကာပင် ××× ရေခဲပြင် ဖုံးလွှမ်းနေတဲ့ ××× တောင်တန်းကြီးတွေ ဖြတ်ကာ,ကျော်ကာနှင့် ×××

ပူတာအိုစခန်းမြို့ ××× လှမ်းလို့နော် ××× ပျော်ပျော်ရွှင်ရွှင် ××× ရှေ့ခရီးဆက်ကာပင် ××× မော်တော်ကားနဲ့



www.burmeseclassic.com

www.burmeseclassic.com



အရောက်သွားပါရင် ××× တစ်နေ့ခရီးအဝေး ××× မြစ်ကမ်
နံဘေးက ××× မချမ်းဘောရွာကလေး ××× အေးချမ်းလှပါသ

နောင့်ဆိုင်ရွာစခန်းကို ××× လှမ်းလို့ပဲမြင် ××× ပ
ဝန်းကျင် လျှိုမြောင်တစ်လွှားတွင် ××× ရိုးရာစရိုက် ××× တော
ယာစိုက်ကာပင် ××× လေ့ကားထစ်အသွင်ပြောင်း ×
မှုဟောင်းစနစ်ကို ××× တွန်းလှန်ဖျက်လို့ပြင် ×××

ရဝမ်၊ လီလူး၊ ရှမ်းနဲ့ ကချင် ကရင် ××× ချစ်ကြ
ရင်းနှီးကြကာပင် ××× တောင်ယာစိုက်ခင်းသီးနှံတွင် ××× ရိ
သိမ်းချိန်ကျ ××× မြူးကြွလို့ ××× ဆူထူးပပျော်ရွှင် ×××

ကြေးမုံပြမှာ ××× ရိုးသားလှတဲ့ ××× တစ်မျိုးသားအ
နဲ့ ××× ယဉ်ကျေးပုံသွင် ××× ရဝမ်လုံမလေးက ဖြူဖွေးတဲ့ဝတ်
ဆင်ယင် ××× လီဆူးပျိုချော ××× အေးသောတေးသံလွ
××× အေးသောတေးသံလွင် ××× ဝါကြည်ကြည်အကဆန်း
××× ရွှင်လန်းပုံလေး ××× ငေးကြည့် ××× ကြည့်မိသရှင်×

ဒေသန္တရ ဗဟုသုတစုံလင် ××× ရယူရန်အစဉ် ×
တို့သွေးချင်းများ ××× ဌာနေကိုပင် ××× တို့သွေးချင်းမျ
××× ဌာနေကိုပင် ××× တစ်ခါတလေ အရောက်လှမ်းလို့ ×
မြန်းကြွ၍လာစေချင် ××× အိုး ××× အိုး ××× အိုး ××× အိ
တစ်ခါတလေ ××× အရောက်လှမ်းလို့ ××× မြန်းကြွ၍လာစေ
××× ချစ်စရာမချမ်းဘောရွာကလေးပင် ××× အိုး ××× ဟို





ဟိုး ××× ချစ်စရာ မချမ်းဘောရွာကလေးပင် ××× ♫

ကိုလှကြိုင်က အေဝမ်းဆရာညွှာ သီဆိုနေတဲ့ သီချင်းစာ
းကို နားထောင်ပြီး အစ်ကိုဖြစ်သူကို အတိုင်းအတာမရှိအောင်
းစားသွားတယ်၊ မချမ်းဘောရွာကို မျက်စိမမြင်တဲ့ အေဝမ်း
ရာညွှာက ရောက်ဖူးတာလည်း မဟုတ်။ တူတော်မောင်
ာင်းထွန်း ပြောပြသည့်များကို သီချင်းတစ်ပုဒ်ဖြစ်အောင်
စပ်နိုင်တဲ့ ဆရာညွှာရဲ့ ပညာဉာဏ်ရင့်သန်မှုက တကယ်ချီး
းစရာပါပဲ၊ မကြာပါဘူး ... အေဝမ်းဆရာညွှာရေးစပ်တဲ့
ချစ်စရာ မချမ်းဘော'' ဆိုတဲ့သီချင်းက အသံကောင်းသော
ျိုးသမီးအဆိုတော် သီဆိုထားတဲ့ဓာတ်ပြား ပေါ်ထွက်လာ
ယ်၊ အဲဒီသီချင်းက လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားခဲ့တယ်၊
ယ်လောက်လေးစားစရာကောင်းတဲ့ ပါရမီရှင်လဲ ...၊

အဘိုးဆရာညွှာရေးစပ်ခဲ့တဲ့ အဲဒီသီချင်းကို ငါ နှစ်သက်
တည်းက အဲဒီဒေသကလူမျိုးတွေရဲ့ ဓလေ့စရိုက်, ဘာသာ
ား, ရိုးရာကိုးကွယ်မှုတွေကို ငါ လေ့လာချင်စိတ်ဖြစ်ပေါ်လာ
ရတော့တာပဲ''

လူရဲနှင့်အဒူလေးတို့ စကားပြောကောင်းနေဆဲမှာ ပင်
ပြင်ဘက်၌ မှောင်ရိပ်သန်းလာသည်။ ထို့ကြောင့် မုဆိုး
လန်းဒေါင်းအိမ်သို့ ပြန်လာခဲ့ကြ၏။ ဆမားထန်းက ထမင်းပွဲ
င်ဆင်ပြီး စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



''လူရဲ ... မင်းတို့ ဘယ်သွားနေကြတာလဲ''

အခန်းထဲမှ ဆလန်းဒေါင်းက လှမ်းမေးသည်။

''မြစ်ကမ်းနံဘေးကို သွားနေတာပါ ဆလန်းဒေါင်း''

''ထမင်းစားကြတော့၊ မင်းရဲ့သူငယ်ချင်းကို ဝအောင် ထည့်ကျွေးပါ၊ မင်းက ငါတို့နဲ့ ခင်မင်နေပြီဆိုတော့ အကြောင်း မဟုတ်ဘူး၊ ညည်းသည်က အားနာနေမှာစိုးလို့''

''ဟုတ်ကဲ့ပါ ဆလန်းဒေါင်း''

လူရဲ၊ အဒူလေး၊ ဆမားထန်းတို့ ညစာစားကြ၏။ ည အမှောင်ကြီးစိုးလာသည်နှင့်အမျှ အအေးဓာတ်က လွှမ်းကဲလာ သည်။ ဆလန်းဒေါင်း၏အိပ်ရာဘေးတွင် မီးဖိုထားသည်။ ထမင်း စားပြီးလျှင် လူရဲနှင့်အဒူလေးက မီးဖိုဘေးသို့သွား၍ ထိုင်သည်။ အဒူလေးက သူ သိချင်နေသည်များကို ဆလန်းဒေါင်းအား မေးမြန်းနေသည်။

''ငါတို့ဂျိန်းဖောလူမျိုးတွေက အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်တယ်ကွ၊ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံကို တိုက်ခိုက် သိမ်းပိုက်ထားတုန်းကလည်း ငါတို့ ဂျိန်းဖောလူမျိုးတွေက ဗြိတိ သျှကို သစ္စာမခံဘူး၊ ဒီကောင်တွေကို ငါတို့က ကုလားလို့ပဲ ခေါ်တယ်၊ အဲဒီကုလားတွေကို ငါတို့က သိပ်ရွံမုန်းတာ၊ ကြည့်လို့ မရဘူး၊ ငါတို့က လူဦးရေနည်းပါးပေမယ့် အမျိုးသားစိတ်ဓာတ် ပြင်းထန်တာကြောင့် ဗြိတိသျှတို့က ငါတို့ကို တိုက်ရိုက်မအုပ်ချုပ် နိုင်ဘူး၊ လိုက်ဆိုင်းစော်ဘွားကြီးက အုပ်ချုပ်တယ်၊ ငါတို့မိဘတွေ ရှိစဉ်အခါက လွန်ခဲ့တဲ့နှစ်ပေါင်း ၆၅–နှစ်ခန့်က လိုက်ဆိုင်း အဆက်အသွယ်ဖြစ်တဲ့ စော်ဘွားကြီးလိုင်ဆိုင်းလက အုပ်ချုပ် တယ်၊ မြန်မာဘုရင်တွေလက်ထက်ကတည်းက လိုက်ဆိုင်း အဆက်အနွယ် အဆက်ဆက် အုပ်ချုပ်ရေးကို တာဝန်ယူခဲ့တာ ဆိုတော့ မြန်မာဘုရင်တွေက ချီးမြှင့်ထားတဲ့ ရွှေပိန်းချ ရွှေ အတွင်း တပ်ခမောက်၊ ခြသေ့ရုပ်ရွှေစကားဝါရိုက် စာပုလွေ၊ တချွန်တော်၊ ကျောက်တူးသမားတွေကို ကြီးကြပ်ကွပ်ကဲရတဲ့ 'ကျောက်တော်ဝန်ခန့်အပ်လွှာ' စတဲ့ ပေစာမွန်တွေရှိကြတယ်၊

စော်ဘွားကြီးတွေက အဲဒီအသုံးအဆောင်ပစ္စည်းတွေ ကို သားစဉ်မြေးဆက်ဆက် လက်ဆင့်ကမ်းပေးသယ်ခဲ့ကြ တယ်၊ ငါတို့လူမျိုးက ဘုရင်ရဲ့ရဲမက်တွေနဲ့အတူ ဗြိတိသျှနယ် ချဲ့တွေကို တိုက်ခိုက်အောင်ပွဲဆင်ခဲ့တဲ့ဖြစ်ရပ်တွေ ရှိခဲ့တာကိုး၊ စော်ဘွားကြီးတွေကို ဒူးဝါးလို့ ခေါ်ကြတယ် ...၊

ငါတို့ဂျိန်းဖောလူမျိုးတွေက ငါတို့စားဖို့ကို ကိုယ်တိုင် ကြိုးစားရှာဖွေကြတယ်၊ စိုက်ပျိုးရေးကျွမ်းကျင်သူက ထွန်ယက် စိုက်ပျိုးတယ်၊ အထည်ရက်တတ်သူက အထည်ရက်တယ်၊ သား ငါးရှာဖွေတတ်သူက သားငါးရှာတယ်၊ ငါက တောကျွမ်းတော့ မုဆိုးအလုပ်နဲ့ အသက်မွေးတယ်၊ ငါတို့လူမျိုး အမျိုးသားတိုင်းမှာ ဓား လှံ တူမီးသေနတ် ကိုယ်စီရှိကြတယ်၊ တောင်ယာခုတ်တယ်





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



နော်၊ ရာသီဥတုကြောင့် တောင်ယာက သီးနှံမရရင် ပိန်းဥ မျောက်ဥတွေ လိုက်တူးတယ်၊ ပြောင်းဆန်ကို ပြုတ်စားတယ် သက်ကြီးရွယ်အိုတွေကို ပိုလျှံသူတွေက စောင့်ရှောက်ကျွေးမွေး တယ်၊ ငါတို့မှာ မနာလိုဝန်တိုစိတ်တွေ မရှိကြဘူး ...၊

ငါတို့ရဲ့အိမ်တိုင်းမှာ မီးဖိုတွေ ဖိုထားတတ်ကြတယ် တချို့အိမ်ကြီးတွေမှာတော့ အိမ်ထဲမှာ မီးဖိုသုံးဖို ဖိုထားကြတယ် မီးဖိုတွေက သူ့နေရာနဲ့သူ ဖိုထားတာပေါ့၊ ပထမမီးဖိုမှာ ကလေး တွေ ဝိုင်းဖွဲ့စကားပြောနေတတ်တယ်၊ ဒုတိယမီးဖိုမှာ မိန်းမတွေ ဝိုင်းဖွဲ့စကားပြောကြတယ်၊ တတိယမီးဖိုမှာတော့ လူကြီးတွေ ဝိုင်းဖွဲ့ပြီး အခါးရည်သောက်ရင်း စကားပြောနေတတ်ကြတယ်"

ဆလန်းဒေါင်းသည် ပြင်းထန်သောဒဏ်ရာများကို ဂရု မထားဘဲ ပြောပြနေသည်။ ယခင်က ဖဖြိုးခဲ့သော သူ့ခန္ဓာကိုယ် သည် ကြုံလှီသေးကွေးသွားသည်။ မျက်တွင်းဟောက်ပက်ဖြစ်နေ သည်။ ပါးရိုးကြီးများ မြင့်တက်နေပြီး ပါးက ချိုင့်ခွက်နေသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ရှည်လျားစွာရှိနေသည်။

ဆလန်းဒေါင်းသည် သူ့တစ်ကိုယ်လုံးတွင် ရရှိထားသော ဒဏ်ရာများ၏နာကျင်မှုကို ကြိတ်မှိတ်ခံစားနေပုံရသည်။

"ဩော် ဒါထက် ဆလန်းဒေါင်း ...ကျွန်တော်တို့ ရောက်လာခါစက ညကျတော့မှ အေးအေးဆေးဆေး ပြောပြ မယ်ဆိုတာ ဘာအကြောင်းအရာလဲဗျ၊ ပြောပြစမ်းပါဦး"





ဆလန်းဒေါင်းက ခေါင်းညိတ်သည်။

"ပြီးခဲ့တဲ့လထဲက ငါ တောထဲကို အမဲပစ်သွားခဲ့တယ်၊ သွားနေကျတောကို သွားတာမဟုတ်ဘူး၊ သားကောင်ကြီးတွေ နယ်ထင်တဲ့ တောနက်ထဲကို အရဲစွန့်သွားတာ၊ တောက ကြမ်း တယ်၊ တောင်တန်းကြီးတွေက တအားမြင့်တယ်၊ ငှက်ဖျားကြမ်း တဲ့ တောထဲတောင်ထဲသွားတာပေါ့"

လူရဲက မှဆိုးဆလန်းဒေါင်းကို စကားဖြတ်မေးချင် သော်လည်း မျိုသိပ်ထားလိုက်သည်။ မှဆိုးဆလန်းဒေါင်း ဘာ ကြောင့် ဒဏ်ရာတွေအများကြီးရပြီး အိပ်ရာထဲလဲနေသည်ကို လူရဲက သိချင်နေသည်။ ဆလန်းဒေါင်းက စကားကို အားယူ၍ ပြောဆိုနေရမှန်း သိနေသဖြင့် ငြိမ်၍ နားထောင်နေမိသည်။

"ငါ တောထဲတောင်ထဲမှာ မျက်စိလည် လမ်းမှားနေ တာ ရက်အတော်ကြာတယ်၊ ငါလည်း တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမကြုံဖူးတော့ ကြောက်လန့်သွားတယ်၊ အဲလိုနဲ့ လျှောက် သွားရင်း လူရိုင်းအုပ်စုတွေနေတဲ့ ရွာကြီးတစ်ရွာကို ရောက်သွား တယ်၊ ငါတို့နေရာနဲ့ အရမ်းဝေးတဲ့နေရာမှာရှိတာ လူရဲရဲ့"

"စိတ်ဝင်စားလာပြီဗျာ ...ဆက်ပြောပါဦး"

"မြန်မာပြည်နဲ့ တိဗက်ပြည်နယ်စပ် ရေခဲတောင်ဒေသ ထဲမှာရှိတဲ့ ရွာတစ်ရွာလို့ ဆိုရမှာပဲ၊ ရုပ်ရှင်ထဲမှာ တွေ့ဖူးတဲ့ လူရိုင်းတွေလို ယဉ်ကျေးမှုကင်းမဲ့တယ်၊ အုပ်ချုပ်ရေးနဲ့ ကင်းကွာ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့နေရာပဲ၊ ရေခဲတောင်ကြီးတွေအလယ် ချိုင့်ဝှမ်းထဲမှာရှိတဲ့ လူရိုင်းရွာတစ်ရွာပဲ၊ ငါ မျက်စိလည် လမ်းမှားနေတုန်း လူရိုင်းတွေကတွေ့ပြီး ဖမ်းသွားကြတာ၊ သူတို့ပြောတဲ့စကားတွေက တိဗက်စကားမျိုးပဲ၊ တချို့စကားတွေက ကချင်စကားလိုမျိုးဆိုတော့ နည်းနည်းနားလည်လို့ တော်သေးတာပေါ့''

''လူရိုင်းတွေက အများကြီးပဲလား''

''ဟာ ... အတော်များတယ်၊ လူရိုင်းခေါင်းဆောင်က ငါ့ကို မေးတယ်၊ ငါက သူမေးတာ နားလည်သလောက် ပြန်ဖြေရတာပေါ့၊ ငါ့ကို မီးတွေပိုင်းထားတဲ့ သစ်ပုပ်တိုင်မှာ ချည်ထားတာ နှစ်ရက်၊ ဘာမှလည်း မကျွေးဘူး၊ ရေလည်း မတိုက်ဘူး''

''သူတို့က ဘာကိုးကွယ်ကြသလဲ''

''နတ်ကို ကိုးကွယ်တာပေါ့၊ နတ်ဆရာက ဝါးကို မီးဖုတ်ပြီး ပေါက်ကွဲမှုအသံကို နားထောင်တယ်၊ ဝါးက ဘုတ်ဆိုတဲ့ အသံပဲ မြည်တယ်၊ ငါကတော့ ငါ့ကို နတ်ဘုရား ယဇ်ပူဇော်ဖို့ ဖမ်းဆီးထားတယ်ထင်တာ၊ ဝါးက ဒိုင်းခနဲသာ အသံမြည်ရင် ငါ ယဇ်ပူဇော်ခံရမှာ အသေအချာပဲ''

''အင်း ... ဆက်ပြောပါဦး''

''အဲဒီရွာကို 'ထရွန်းတန်' လို့ခေါ်တယ်၊ အဲဒီလူမျိုးက ကချင်လူမျိုးစုစာရင်းထဲမှာ မတွေ့ရသေးတဲ့ ပိန်းကူးလူမျိုးတွေပဲ၊ အဲဒီထရွန်းတန်ရွာမှာ ငါ့လို မျက်စိလည်လမ်းမှားပြီး ရောက်သွား





တဲ့ ဇောထရိန်ဆိုတဲ့ ငါနဲ့ သက်တူရွယ်တူ အသက် ငါးဆယ် ကျော်သူတစ်ယောက်ကို တွေ့ခဲ့ရတယ်၊ သူက မြန်မာစကား လည်း တတ်တယ်၊ ကချင်စကားလည်း တတ်တယ်၊ အသက် အစိတ်လောက်မှာ အဲဒီရွာကို ရောက်သွားတာ၊ အခု ရွာသူ ပိန်းကူးမတစ်ယောက်နဲ့ညားပြီး အဲဒီရွာသားဖြစ်နေပြီ ဆိုပါတော့၊ ဇောထရိန်က ဘာလူမျိုးလဲတော့ ငါမသိဘူး ...၊

သူပြောပြလို့ ပိန်းကူးလူမျိုးတွေအကြောင်း ငါသိရတာ၊ ပိန်းကူးလူမျိုးတွေက သူတို့ရွာကို လူစိမ်းတွေရောက်လာတာ လုံးဝမကြိုက်ဘူး၊ သူတို့ရွာထဲကို လူစိမ်းဝင်လာရင် ဖမ်းဆီးပြီး နတ်ဆရာကို အပ်တယ်၊ နတ်ဆရာက ဝါးကို မီးဖုတ်ပြီး ပေါက်ကွဲသံကိုနားထောင်ပြီး အဆိုးအကောင်းကိုဆုံးဖြတ်တယ် ပြောတာပဲ၊ ဒိုင်းခနဲအသံမြည်ရင် နတ်ဘုရားကို ယဇ်ပူဇော်တယ်၊

ငါက ကံကောင်းသွားတယ်၊ ဇောထရိန်ကလည်း ငါ့ကို ကူညီတယ်၊ အဲဒီဒေသမှာ ရွှေတွေ, ကျောက်မျက်ရတနာတွေ အရမ်းထွက်တာပဲ၊ ပိန်းကူးလူမျိုးတွေက ရွှေတွေ, ကျောက်မျက်ရတနာတွေ တန်ဖိုးရှိမှန်း မသိကြဘူး၊ စမ်းချောင်းရေကလည်း တအားကြည်လင်တာပဲ၊ ရေကလည်း အေးစိမ့်နေတယ်၊ နေရှိန်ပြင်းတဲ့အချိန်မှာ ရေချိုးရတယ်၊ စမ်းချောင်းထဲကို ခဏပဲ ဆင်းချိုးနိုင်တယ်၊ ငါ အဲဒီနေရာကို တကယ်ရောက်ခဲ့တယ်ဆိုတာ သိရအောင် စမ်းချောင်းထဲကတွေ့တဲ့ ကျောက်စိမ်းတုံးလေးတစ်တုံး



www.burmeseclassic.com

www.burmeseclassic.com



ယူလာတယ်''

ဆလန်းဒေါင်းက သူ့သားရေအိတ်ဇစ်ကို ဖွင့်သည်။ သားရေအိတ်ထဲမှာ အဝတ်ဖြင့်ထုပ်ထားသည့် အထုပ်ကလေးကို ပြသည်။ အထုပ်ထဲမှ ကွမ်းသီးလုံးခန့်ရှိသော ကျောက်စိမ်းတုံးကလေးကို လူရဲအား လှမ်းပေးသည်။ လူရဲက ကျောက်စိမ်းတုံးကလေးကို လက်နှိပ်ဓာတ်မီးဖြင့် အသေအချာထိုးကြည့်၏။

''ဟ ဆလန်းဒေါင်း . . . ဒီကျောက်က အတော်အရည်အသွေးကောင်းတာပဲ''

''ဒီမှာရှိသေးတယ် လူရဲ''

ဆလန်းဒေါင်းက အဝတ်အိတ်ထဲမှ လိမ်ကောက်နေသော အဝါရောင်အရာဝတ္ထုလေးတစ်ခုကို လူရဲ လက်ဝါးပေါ်သို့ ထည့်ပေးသည်။

''ဟာ . . . ရွှေက ကောင်းလွန်းလို့ ဖယောင်းလို ပျော့ပျောင်းနေပါလား၊ မြွေရုပ်ကလေးလို ဖြစ်နေတယ်''

''အဲဒါ ဖောထရိန်က လက်ဆောင်အဖြစ်ပေးလိုက်တာ၊ ဟိုတန်းပေါ်မှာ ဘာကောင်လဲ လူရဲ လှမ်းကြည့်လိုက်စမ်း''

လူရဲက ဆလန်းဒေါင်း လက်ညှိုးထိုးပြရာသို့ လှမ်းကြည့်လိုက်သည်။ အိမ်ကလေး၏ထုပ်တန်းပေါ်တွင် ကြက်တူရွေးတစ်ကောင်ကို လူရဲ မြင်လိုက်ရသည်။

''အဲဒါလည်း ဖောထရိန်က ပေးလိုက်တာ၊ အရမ်းလိမ္မာ





ပါးနပ်တဲ့ ကြက်တူရွေးက သူနဲ့ဆက်သွယ်လိုတဲ့အခါ စာရေးအကြောင်းကြားလို့ရအောင် ဖောထရိန်ပေးလိုက်တဲ့ ကျေးစေတမန်ပေါ့''

''အင်း . . . ဆလန်းဒေါင်းရဲ့စကားအရဆိုရင် ထရွန်းတန်ဆိုတဲ့ရွာဟာ လူသူမသိသေးတဲ့ လျှို့ဝှက်နေရာတစ်ခုပဲ၊ တိုးရှေးနှစ်ပေါင်းများစွာ ရှိခဲ့တာဖြစ်မယ်''

''ဟုတ်တယ် လူရဲ၊ ဒီပိန်းကူးလူမျိုးတွေဟာ မြွေကို ကိုးကွယ်ကြတယ်၊ ပိန်းကူးလူမျိုး အိမ်ထောင်သည် သားသည်အမေတွေက သူတို့သားမြွတ်က နို့ရည်တွေကိုညှစ်ပြီး မြွေတွေကို ခွက်ကလေးတွေထဲ ထည့်တိုက်ကြတယ်၊ အဲဒီမြွေတွေက မြွေဆိုးတွေချည်းပဲ . . .၊

အဲဒီမြွေဆိုးတွေကိုနိုင်တဲ့ အလမ္ပာယ်ဆရာက ပိန်းကူးလူမျိုးအားလုံးအပေါ်မှာ ဩဇာညောင်းတယ်၊ အဲဒီ အလမ္ပာယ်ဆရာရဲ့နာမည်က 'ဖိုဘီနာ' လို့ ခေါ်တယ် . . .၊

သူ့ကို နတ်ဘုရားတွေက စေလွှတ်လို့ ဒီရွာကိုလာပြီး စောင့်ရှောက်နေရတာဆိုပြီး သူက ကြွေးကြော်တယ်၊ သူက ဘာလူမျိုးမှန်းတော့ မသိရဘူး၊ ဂျိန်းဖောစကားကိုတော့ အတော်သည်လည်ဝယ်ဝယ် တတ်ကျွမ်းတယ်၊ ဖောထရိန်ကတော့ အလမ္ပာယ်ဆရာ ဖိုဘီနာဟာ ဘာမှတွေးခေါ်မြော်မြင်မှုမရှိသေးတဲ့ ပိန်းကူးလူမျိုးတွေအပေါ်မှာ လူလည်လာကျနေတဲ့ လူလိမ်



www.burmeseclassic.com

www.burmeseclassic.com



လူကောက်တစ်ယောက်လို့ စွပ်စွဲတယ်၊ ဒါပေမဲ့ ပိန်းကူးလူမျိုးတွေက ဖိုဘီနာကို လက်ခံအားကိုးနေကြတော့ ဇောထရိန်လည်း ဘာမှမပြောသာတော့ဘူးပေါ့၊ ပြီးတော့ အဲဒီဒေသကို မကြာခဏ ရောက်လာတတ်တဲ့ တောတွင်းထဲက သတ္တဝါကြီးတစ်ကောင်လည်း ရှိတယ်တဲ့ ...၊

အဲဒီသတ္တဝါကြီးက အရပ်အမြင့် ရှစ်ပေ ကိုးပေလောက် ရှိတယ်၊ ခန္ဓာကိုယ်က အလွန်ထွားကျိုင်းပြီး သန်မာတယ်၊ တောတွင်းထဲက လူ့ဝံကြီးထက် ထွားကျိုင်းတဲ့သတ္တဝါကြီးလို့ ဇောထရိန်က ငါ့ကို ပြောပြတယ် ...၊

အဲဒီသတ္တဝါကြီးက အလွန်စရိုက်ကြမ်းတယ်လို့ သိရတယ်၊ ဒါပေမဲ့ ပိန်းကူးလူမျိုးတွေက သိပ်ကြောက်လန့်ကြတယ်၊ မြွေတို့ရဲ့အရှင်သခင်လို့ ယူဆပြီး ကိုးကွယ်ရာအဖြစ် သဘောထားကြတယ်၊ ဒီသတ္တဝါကောင်ကြီးကို 'နှင်းလူ' လို့ခေါ်ကြတယ်၊ လူမဟုတ် တိရစ္ဆာန် မဟုတ်တဲ့ သတ္တဝါပဲ ...၊

နှင်းလူကို ဘယ်သူမှမမြင်ဖူးကြဘူး၊ အဲဒီနှင်းလူနဲ့ ရင်ဆိုင်တွေ့ရင်လည်း အသက်ရှင်ဖို့မလွယ်ဘူးလို့ ဆိုကြတယ်၊ ဖိုဘီနာက နှင်းလူရဲ့ဝိညာဉ်ကိုယ်ပွားဆိုပြီး ထရွန်းတန်မှာ လူတွင်ကျယ်ကြီးလုပ်နေတာပေါ့ကွာ ...၊

ငါက အဲဒီဒေသကို ထပ်သွားချင်သေးတယ်၊ ဒါပေမဲ့ အဲဒီဒေသကအပြန်မှာ ကျောက်တောင်ပေါ်ကကျပြီး ဒဏ်ရာတွေ





ရထားတာကြောင့် ပျောက်အောင် မနည်းကုသရသေးမှာကွ၊ မင်းကိုတော့ ရောက်ဖူးအောင်သွားရောက်ပြီး အသေအချာလေ့လာစေချင်တယ်''

ဆလန်းဒေါင်းက လူရဲသိအောင် ပြောပြပြီးသည်နှင့် ဆေးဟိုက်နေရှာသည်။

''အဲဒီဒေသက ဒီကိုရောက်အောင် ဘယ်နှရက်ကြာသလဲ ဆလန်းဒေါင်း''

''ဆယ်ရက်လောက် ကြာတယ်၊ ခရီးလမ်းက ကြမ်းတယ်''

''ပင်ပန်းတာကို ကျွန်တော် မမှုပါဘူး၊ ကျွန်တော်က အများမသိသေးတဲ့ အကြောင်းအရာတွေကို သိအောင်လေ့လာဖော်ထုတ်ချင်နေတာ၊ အင်း ... ဆလန်းဒေါင်းပြောတဲ့ ဇောထရိန်ကို ကျွန်တော် တွေ့ချင်တယ်၊ ဘယ်လိုဆက်သွယ်ရမလဲ''

''အဲဒီကိစ္စကို မနက်ဖြန် ငါစီစဉ်ပေးပါ့မယ်၊ ငါ့ဒဏ်ရာတွေက နာကျင်ကိုက်ခဲလာလို့ ဆေးသောက်ပြီး အိပ်တော့မယ်ကွဲ''

''ကောင်းပါပြီ ဆလန်းဒေါင်း''

ဆမားထန်းက အခန်းအပြင်ဘက် မီးဖိုဘေးတွင် လူရဲ့အတွက် မီးဖိုပြင်ဆင်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



လှူရဲက ဆလန်းဒေါင်း ပြောပြသည်များကို မှတ်တမ်းရေးထားသည်။ အဒူလေးက ခရီးပန်းလာသဖြင့် အိပ်ပျော်နေသည်။ လှူရဲက ဆလန်းဒေါင်း ပြောပြသည့်ဒေသသို့ သွားရောက်လေ့လာချင်သည့်ဆန္ဒများ ပြင်းထန်နေတော့သည်။

❊ ❊ ❊

## အခန်း (၄)

''မင်း အတင့်မရဲနဲ့နော် လှူရဲ၊ ဦးဆလန်းဒေါင်းရဲ့ ပြောစကားအရဆိုရင် ခရီးက ကြမ်းတမ်းတယ်ဆို၊ ပြီးတော့ မင်းတစ်ယောက်တည်း သွားရမယ့်ခရီး၊ ငါ လိုက်ခဲ့မယ်ဆိုတော့ မင်းက လက်မခံဘူး၊ အသက်အန္တရာယ် ထိခိုက်မယ့်ဒေသကို သွားချင်စမ်းပါနဲ့ လှူရဲရယ်''

အဒူလေးက လှူရဲကို တားမြစ်နေသည်။ လှူရဲက ခေါင်းကို ဘယ်ညာခါယမ်းပြသည်။ ဆလန်းဒေါင်းက သားမွေးသားရေဖိနှပ်ရှည်၊ သားမွေးအင်္ကျီတစ်ထည်၊ လက်အိတ်၊ နှင်းဘောထဲတွင်စီးသည့် ဖိနပ်ပါးတစ်ရံ၊ အမဲလိုက်သေနတ်တစ်လက်၊ ဓားမြှောင်ရှည်တို့ကို ပေးသည်။ လှူရဲက ခရီးလမ်းတွင် အားသောက်ရန် စည်သွပ်ဘူးနှင့် ရိက္ခာခြောက်အပြည့်အစုံကို



www.burmeseclassic.com

www.burmeseclassic.com



ပူတာအိုသို့သွား၍ ဝယ်ထားသည်။ ပစ္စည်းများကို ကျောပိုးအိတ်ထဲသို့ ထည့်ထားသည်။

ဆလန်းဒေါင်းက ထရွန်းတန်ဒေသသို့သွားသည့်ခရီး လမ်းမြေပုံကို လူရဲအား ရေးဆွဲပေးပြီး အသေအချာရှင်းပြသည်။ သည်နေရာမှ 'ဒီမူးတောင်ကြား' ကိုကျော်လွန်ပြီး သွားရသည်။ 'ခါကာဘိုရာဇီတောင်ကြီး' ကို ကွေ့ပတ်ခရီးနှင်ရဦးမည်။ ထိုတောင်ကြီးများအား ကျော်ဖြတ်ပြီးမှ 'တီစီတောင်ကြား' အထိ သွားရမည်။ တီစီတောင်ကြားက လမ်းကျဉ်းသည်။ ထိုတောင်ကြားလမ်းကျဉ်းတစ်ဝက်အထိ သွားရမည်။

ဖောထရိန်ပေးလိုက်သော ကျေးတမန်၏လည်ပင်းတွင် စာရေးပြီး ချည်ပေးလိုက်သည်။ ကြက်တူရွေးက ဖောထရိန်ရှိရာသို့ ပျံသန်းသွားမည်။ ခရီးလမ်းတွင်ကြာမည့် (၁၀) ရက်အချိန်ကို တွက်ဆပြီး လာမည့် မြန်မာလဆန်း (၉) ရက်နေ့တွင် တီစီတောင်ကြားလမ်း ခရီးတစ်ဝက်သို့ရောက်အောင် လူရဲ သွားမည်။ ဖောထရိန်၏ ခြေမြန်သမားက လူရဲကိုလာခေါ်ရန် ဆလန်းဒေါင်းက စာထဲတွင် ရေးထားသည်။ ဆလန်းဒေါင်းမှာ ပြင်းထန်စွာ ဒဏ်ရာများရထားသဖြင့် သူ့ကိုယ်စား လူရဲကို လွှတ်လိုက်သည်ဟု ဖောထရိန်အား အသိပေးစာ ပေးပို့ခြင်းပင်။

အဒူလေးက လူရဲနှင့်အတူ လိုက်ပါချင်သည်။

''ဆလန်းဒေါင်းရဲ့စကားအရဆိုရင် အခု ငါသွားမယ့်ခရီးက အန္တရာယ်များတယ်၊ မင်းကို ငါခေါ်သွားမိလို့ တစ်စုံတစ်ခုဖြစ်သွားမှာကို ငါ အရမ်းစိုးရိမ်မိတယ်၊ ငါက သေနတ်ပစ်တတ်တယ်၊ ရဲဇာနည်သိုင်းသင်တန်းဆင်းထားတာမို့ လူနှစ်ယောက်လောက်တော့ အသာလေး တိုက်ခိုက်နိုင်တယ်၊ မင်းသည်း သိုင်းပညာတတ်ထားတာမှန်ပေမယ့် အန္တရာယ်တစ်စုံတစ်ရာကျရောက်လာရင် ခုခံဖို့ အတွေ့အကြုံမရှိသေးဘူး၊ အကယ်တမ်း အန္တရာယ်နဲ့ကြုံတွေ့လာရင် ကိုယ့်အသက်ကိုယ်လု ကြရမှာ မဟုတ်လား''

''ငါက မင်းအတွက် စိုးရိမ်လို့ ပြောနေတာ လူရဲ''

''မင်း ဒီလောက် စိတ်အားထက်သန်နေရင်လည်း လိုက်ခဲ့ကွာ''

''သေအတူ ရှင်မကွာပါ သူငယ်ချင်းရယ်''

ဆလန်းဒေါင်းက အဒူလေးအတွက် အမဲပစ် တူမီးသေနတ်တစ်လက်နှင့် ဓားမြှောင်တစ်ချောင်း ထပ်ထုတ်ပေးသည်။

''လူရဲ . . . မင်းရဲ့သူငယ်ချင်းကို ဂရုတစိုက် ခေါ်သွားပါကွာ''

ဆလန်းဒေါင်းက ပြောသည်။ မချမ်းဘောမှ လားပိုင်ရှင်တစ်ဦးထံမှ လားတစ်ကောင် ငှားပေးသည်။ အဒူလေးက စိတ်သားရေဖိနပ်၊ သားမွေးသားရေဂျာကင်ကြီးကို ဝတ်ပြီး




ခု နစ် စဉ် ကြယ် တာ ပေ
www.burmeseclassic.com

www.burmeseclassic.com



သဘောကျနေသည်။

နောက်တစ်နေ့မနက်တွင် လားပေါ်သို့ ပစ္စည်းများတင်ပြီး ခရီးစတင်ထွက်ခွာလာခဲ့သည်။ လားတစ်ကောင်နှင့် လူနှစ်ယောက်။

"မင်း ပင်ပန်းမှာ အသေအချာပဲ အဒူလေး"

"ရပါတယ် သူငယ်ချင်းရယ်၊ ယောကျ်ားပဲကွာ အားမလျှော့ပါဘူး"

အဒူလေးက ခြေလှမ်းသွက်သွက်လျှောက်နေသည်။

"မင်း သေနတ်လွယ်ထားရတာ လေးလာရင် ငါ့ကိုပေးလေ"

"မလေးပါဘူး။ ငါတို့ အခုသွားနေတာ တောလမ်းခရီးပေါ့"

"ဟုတ်တယ် အဒူလေး၊ မချမ်းဘောကနေ နောင်မွန်ကို သွားနေတာ၊ နွေရာသီဆိုရင် ကားလမ်းပေါက်တယ်၊ မချမ်းဘောနဲ့ နောင်မွန်က (၆၂) မိုင်ဝေးတယ်၊ အခု ငါတို့သွားနေတာ လားလမ်းလို့ခေါ်တယ်၊ လားလမ်းက မိုင်လေးဆယ်သာသာပဲ ရှိတယ်၊ လူပင်ပန်းပေမယ့် ခရီးတိုတာပေါ့။ လားတွေက ခရီးကျွမ်းတယ်၊ လူက ပြပေးစရာမလိုဘူး"

လူရဲက အဒူလေးပင်ပန်းမှာစိုးသဖြင့် လမ်းခရီးတွင် ခဏတစ်ဖြုတ် အနားပေးသည်။ အချိန်ကြာကြာ အနားယူနေလို့





ကလည်း မဖြစ်။ ချိန်းဆိုထားသော မြန်မာလဆန်း (၉) ရက်နေ့တွင် တီစီတောင်ကြားလမ်းခရီးတစ်ဝက်သို့ ခြေမြန်သမားနှင့်တွေ့အောင် အရောက်သွားရမည့်ကိစ္စက ရှိနေသည်။ ညနေနေဝင်သည်နှင့် စမ်းချောင်းများရှိသည့်နေရာတွင် ရေမိုးချိုးသည်။

ညစာ ချက်ပြုတ်စားကြသည်။ လားကိုလည်း စိမ်းလန်းသောသစ်ရွက်များ ရှာဖွေကျွေးမွေးသည်။

ညအမှောင်ထဲတွင် ကြယ်ရောင်မှိန်ပျပျကို အားကိုးအားထားပြုပြီး ခရီးဆက်ကြသည်။ သည်မျှအေးချမ်းလှသောရာသီဥတုကို ဂရုမထားနိုင်။ သွားလာလှုပ်ရှားနေသမျှ တစ်ကိုယ်လုံး နွေးထွေးနေသည်။ ညဉ့်နှစ်နာရီမှ မနက်လေးနာရီအထိသာ ခဏမှေးစက်သည်။

သူငယ်ချင်းအပေါ် သံယောဇဉ်ကြီးလှသော အဒူလေးကို လူရဲက သနားနေမိသည်။ အဒူလေးသည် အလွန်ပင်ပန်းနွမ်းနယ်နေပုံရလေ၏။

"ပင်ပန်းနေပြီလား သူငယ်ချင်း"

"မပင်ပန်းပါဘူးကွာ၊ လိုရာခရီးကို အချိန်မီရောက်ဖို့က အရေးကြီးပါတယ်၊ မရောက်ဖူးသေးတဲ့ဒေသ၊ မမြင်ဖူးသေးတဲ့ရှုခင်းတွေကို မြင်တွေ့ရတော့ မောပန်းတာကို ဂရုမထားနိုင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''အင်း ... တောင်ပေါ်လမ်းတွေဆိုတော့ လမ်းကျဉ်းတယ်၊ ဟိုသည်ငေးတာလည်း သတိထားပြီးကြည့်ငေးပါ သူငယ်ချင်းရယ်၊ ခြေချော်ပြီး တောင်အောက်ကျသွားရင် မလွယ်ဘူး''

''စိတ်ချပါ၊ ခရီးနှောင့်နှေးအောင် မလုပ်ပါဘူး''

လမ်းခရီးတွင် တောင်ပေါ်သားခရီးသွားများနှင့် ဆုံတွေ့ကြသည်။ ကိုယ့်ခရီးကိုယ် ဆက်ခဲ့ကြရသည်။ လူရဲ၏စိတ်အာရုံထဲတွင် တီစီတောင်ကြားသို့ အချိန်မီရောက်ချင်နေသည်။ လမ်းခရီးတွင် ခဏနားတိုင်း ဆလန်းဒေါင်းရေးဆွဲပေးလိုက်သော ခရီးလမ်းမြေပုံကို ပြန်၍ကြည့်မိကြသည်။

လူရဲတို့နှစ်ဦးနှင့် လားတစ်ကောင်တို့၏ လမ်းလျှောက်နှုန်းကလည်း တစ်နာရီ သုံးမိုင်နှုန်း။ တစ်နေ့လုံး တစ်ညလုံး သွားလိုက်၊ ခဏနားလိုက်နှင့် ခရီးနှင်လာခဲ့ရာ နောက်တစ်နေ့မနက်တွင် နောင်မွန်းမြို့သို့ ရောက်လာသည်။ အဒူလေးနှင့်အတူ နောင်မွန်းမြို့ပတ်ဝန်းကျင်ကို တစ်ခဏတာ လှည့်လာခွင့်ရသည်။

လမ်းတွင် စားသောက်ရန် စားစရာအချို့ဝယ်ယူပြီး ခရီးဆက်သည်။ နောင်မွန်းမြို့တွင် ရဝမ်၊ လီဆူး၊ ဂျိန်းဖော လူမျိုးများက လူရဲနှင့် အဒူလေးတို့ကို မျက်နှာစိမ်းတွေမှန်းသိ၍ ကြည့်ရှုနေကြသည်။ ဝန်တင်လားကို အနားပေးခြင်းလည်း ဖြစ်သည်။





လူနားမှ သူနားရသည့် ဝန်တင်လား။ ခရီးလမ်းတစ်လျှောက် တာဝန်ကျေသည်။ ဝန်တင်လားက ဖွဲကောင်းသည်။ သူရဲတို့ကျွေးသောအစာကိုသာ စားသည်။ ဆွဲခေါ်ရာသို့ အလိုက်သင့်ပါလာသည်။ ငြင်းဆန်ခြင်းမရှိ။

လူရဲနှင့်အဒူလေးသည် ဝန်တင်လားကလေးကိုဆွဲ၍ ခရီးဆက်ခဲ့ကြရာ ခုနစ်ရက်မြောက်သောနေ့တွင် ခါကာဘိုရာဇီတောင်ကြီးကို ပတ်နေမိကြပြီ။ ဆလန်းဒေါင်းရေးဆွဲပေးလိုက်သောမြေပုံကို မကြာခဏ ထုတ်ကြည့်ပြီး ခရီးလမ်းမမှားရအောင် ဂရုစိုက်ရသည်။

နောက်တစ်ရက် ခရီးကြမ်းနှင်လိုက်သောအခါ တီစီတောင်ကြားအား မြင်တွေ့ရသဖြင့် လူရဲ ဝမ်းသာသွားသည်။ သူတို့သည် တီစီတောင်ကြား ခရီးလမ်းတစ်ဝက်မှ ဇောထရိန်လွှတ်လိုက်သည့် ခြေမြန်သမားကို စောင့်ဆိုင်းနေရမည်ဖြစ်၏။ တီစီတောင်ကြားသည် ဟိုဘက်တောင်ကမ်းပါးယံ၊ သည်ဘက်တောင်ကမ်းပါးယံ။ ဆလန်းဒေါင်းပြောပြလမ်းညွှန်လိုက်သည့်အတိုင်းပင်။ လုံးဝ အမှားအယွင်းမရှိ။ လူရဲတို့သည် တီစီတောင်ကြားလမ်းတစ်ဝက်အထိ လာခဲ့ကြပြီး စခန်းချနားနေလိုက်ကြ၏။

လူရဲက စခန်းချသည့်နေရာတွင် မီးဖိုသည်။ အဒူလေးက တောင်ကမ်းပါးယံတွင် ရွက်ဖျင်တဲကလေး ထိုးနေသည်။ လူရဲက တစ်ညလုံးမီးဖိုထားရမည်ကိုသိသဖြင့် ထင်းများ

www.burmeseclassic.com

www.burmeseclassic.com



လိုသလောက် စုဆောင်းထား၏။ အဒူလေးသည် ခရီးပင်ပန်းနေသဖြင့် ရွက်ဖျင်တဲအောက်တွင် ကျောပိုးအိတ်ကိုချပြီး လှဲလျောင်းနေသည်။ ဝန်တင်လားပေါ်တွင်တင်ထားသော ပစ္စည်းများကို ရွက်ဖျင်တဲအောက်သို့ ယူလာခဲ့သည်။ လူရဲက သစ်ရွက်စိမ်းများကိုရှာဖွေပြီး လားကို ကျွေးနေသည်။

''ဘယ်လိုလဲ သူငယ်ချင်း . . . ပင်ပန်းနေပြီလား၊ ငါတို့က ဒီနေရာက စောင့်နေရုံပါပဲ၊ ထရွန်းတန်ဒေသက ဇောထရိန်လွှတ်လိုက်တဲ့ ခြေမြန်သမားက ငါတို့ကိုလာခေါ်လိမ့်မယ်၊ လဆန်း (၉) ရက် လရောင်ရဲ့အလင်းရောင်အောက်မှာ အနားယူနေကြတာပေါ့ကွာ''

လူရဲက အဒူလေး၏ဘေးနားတွင် လာထိုင်ရင်း ပြောသည်။ ထိုစဉ် တောင်ကမ်းပါးယံပေါ်မှ အသံတစ်ခုကို ကြားလိုက်ရသည်။ လူရဲက တိတ်ဆိတ်စွာနေရန် အဒူလေးကို သတိပေးသည်။ လူရဲသည် အမဲပစ်သေနတ်ကိုယူ၍ တောင်ကမ်းပါးယံပေါ်သို့ တိတ်ဆိတ်စွာ တက်သွားသည်။

နေရောင်က ဝင်လုဆဲဆဲမို့ အလင်းရောင်က ရှိနေသေး၏။ ရေခဲကျောက်ဆောင်များကြားတွင် တောင်ဆိတ်နှစ်ကောင်၊ အဖိုနှင့်အမ။ အစာကို ခေါင်းငုံ့စားနေကြသည်။ လူရဲက ကျောက်ကမ်းပါးယံကို အကာအကွယ်ယူထားသည်မို့ လူရဲကို သူတို့နှစ်ကောင် မမြင်ကြ။ လူရဲက တောင်ဆိတ်တစ်ကောင်ကို





အမဲပစ်သေနတ်ဖြင့် အသေအချာချိန်ထားသည်။ သူနှင့် တောင်ဆိတ်နှစ်ကောင်က ဘာမှမဝေး။ မြင်ကွင်းက ရှင်းသည်။ အပိုင်ပစ်လို့ရနေသည့် အနေအထား။

လူရဲက တောင်ဆိတ်ထီးကြီးကို အမဲပစ်သေနတ်ဖြင့်ပစ်ရန် ချိန်ထားပြီးမှ သေနတ်ကို ပခုံးတွင် ပြန်လွယ်ထားလိုက်၏။ သူ့ထံသို့ ချိန်းဆိုထားသည့်လူက လာနေမည်မှာ သေချာသည်။

တိစီတောင်ကြားမှ သေနတ်သံကြားလျှင် လာခေါ်သည့်သူက သို့လော သို့လော တွေးစရာဖြစ်သွားမည်။ သည်ဒေသမှ ရန်သူကို မိမိက ဖိတ်ခေါ်သလို ဖြစ်သွားမည်။ လူရဲသည် စခန်းချနေသည့်နေရာသို့ ပြန်လာခဲ့သည်။

''မင်းက ဘာသံကြားလို့ တောင်ကမ်းပါးယံပေါ် တက်သွားရတာလဲ''

အဒူလေးက မေးသည်။

''အမဲပစ်ထွက်နေတဲ့ မုဆိုးကွ၊ အသံကြားတာကြောင့် သွားကြည့်တာ''

''ငါတော့ ဘာသံမှမကြားမိပါဘူး''

''တောင်ဆိတ်နှစ်ကောင်၊ ပစ်မယ်ဆိုရင် အသေအချာရတာပေါ့''

''ဟင် . . . ဘာလို့မပစ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"သေနတ်သံကြားရင် ရန်သူက ငါတို့ဆီကို အမြန်ဆုံး ရောက်လာမှာပေါ့၊ ငါတို့ဆီကို တကယ်လာနေတဲ့ ဖောထရိန် လွှတ်လိုက်တဲ့ ခြေမြန်သမားကလည်း တစ်မျိုးထင်ပြီး နောက်ကြောင်းပြန်လှည့်သွားရင် မခက်ပါလား၊ ခြေမြန်သမားလာရင် ငါတို့ရောက်နေပြီဆိုတာ သိရအောင် မီးဖိုထားတယ်လေ၊ ခြေမြန်သမားက မီးရောင်မြင်တဲ့ဆီ ရောက်လာမှာပဲ"

လူရဲနှင့် အဒူလေးက အသားခြောက်များကို မီးဖုတ်စားသည်။ ဗိုက်မဝပေမယ့် အဆာပြေသည်။ ကျောက်သားပေါ်တွင် သားမွေးသားရေပြားကြီးကိုခင်းပြီး နှစ်ယောက်သား လှဲနေလိုက်ကြသည်။ လဆန်း (၉) ရက် လခြမ်းလေးက တဖြည်းဖြည်းနှင့် အနောက်ဘက်သို့ နိမ့်ဆင်းသွားသည်။ အလင်းရောင်ကလည်း မှိန်ပျပျသာရှိသည်။ နေ့စဉ်ရက်ဆက် ခရီးကြမ်းနှင်လာရသည့်အတွက်ကြောင့် လူရဲတို့နှစ်ဦးစလုံးမှာ ပင်ပန်းနွမ်းနယ်နေကြ၏။ လေးလံထိုင်းမှိုင်းနေကြသည်။ မျက်စိကိုစုံမှိတ်ပြီး မှေးစက်နေမိကြသည်။

ညဉ့်နက်ချိန်တွင် လူရဲက ဖျတ်ခနဲ နိုးလာသည်။ တိတ်ဆိတ်နေသော ညဉ့်အမှောင်တွင် ဖိုထားသောမီးရောင်သာ လင်းနေသည်။ လူရဲက နားစွင့်ထားမိသည်။ အမှောင်ထဲသို့ စူးစိုက်စွာကြည့်သည်။ သူတို့စခန်းချသည့်နေရာသို့ တဖြည်းဖြည်းနှင့်လာနေသည့် လူရိပ်သဏ္ဌာန်တစ်ခု။





လူရဲက ဘာမှမသိသလို မှောက်လျက်အနေအထားဖြင့် ကြည့်နေသည်။ အဒူလေး ပါးစပ်ကိုပိတ်ပြီး လက်ကုပ်ပြီးနေသည်။ အဒူလေးကလည်း အကင်းပါးသည်။ ပက်လက်လှန်နေရင်းမှ မှောက်အိပ်လိုက်သည်။ လူရဲက အမှောင်ထဲမှ သူရိပ်ရှိရာသို့ လက်ညှိုးထိုးပြသည်။ အဒူလေးက ခေါင်းညိတ်ပြသည်။

သေချာပါသည်။ လူရဲတို့ရှိရာသို့ လူတစ်ယောက် ချဉ်းကပ်လာနေသည်။ လက်ထဲတွင် ဓားမြှောင်တစ်ချောင်းကိုင်ထားသည်။ ဖောထရိန်လွှတ်လိုက်သည့် ခြေမြန်သမားမဟုတ်တော့ သေချာသွားပြီ။ ခြေမြန်သမားဆိုလျှင် လူရဲတို့၏ မီးရောင်မြင်သည်နှင့် အသံပေးပြီးလာမှာ မုချ။ ယခုလာနေသည်က လူရဲတို့ကို လုပ်ကြံမည့်အနေအထား။ တိုက်ခိုက်မည့် အသွင်အပြင်။

မှောက်လျက်အနေအထားဖြင့် အိပ်မောကျနေသည့်ပမာ ဟန်ဆောင်နေလိုက်သည်။ လူရဲတို့အနားသို့ ပို၍တိုးကပ်လာသည်။ လူရဲတို့နှင့် မလှမ်းမကမ်းသို့အရောက်တွင် ခြေသံက ရပ်သွားသည်။ သက်ပြင်းချသံသဲ့သဲ့ကို လူရဲ ကြားမိသည်။ ဖောထရိန်ထံသို့ လူရဲတစ်ယောက်တည်း လာမည်ဟု စာရေးသားပို့ထားသည်။ ယခုအိပ်နေသည်က နှစ်ယောက်ဖြစ်နေသဖြင့် သမားသူ တွေဝေနေဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မသမာသူက လူရဲတို့ အိပ်မောကျနေသည်ဟု ထင်ထားပုံရ၏။ မသမာသူသည် လူရဲတို့အနီးသို့ တိုးကပ်လာနေပြီး လူရဲက အဒူလေးအား လက်တို့ထားသည်။ မသမာသူက လူရဲတို့အနားသို့ရောက်လျှင် လက်ထဲမှဓားကို အပေါ်သို့ မြှောက်လိုက်၏။ အဒူလေးရှိရာသို့ ဓားဖြင့် ပြေးထိုးသည်။

လူရဲနှင့်အဒူလေးက တစ်ဖက်ဆီသို့ ကိုယ်ကို လှိမ့်ရှောင်လိုက်၏။ မသမာသူ၏ဓားချက် လွဲသွားသည်။ လူရဲက ချက်ချင်းလှုံးလဲထကာ ရင်ဆိုင်လိုက်သည်။ သားမွေးသားရေကျာကင်ဝတ်ထားသည့် ကျွန်းဖောလူမျိုးတစ်ဦးဖြစ်မှန်းတော့ သိလိုက်ရသည်။

"မင်း . . . ဘယ်သူလဲ၊ ဘာကြောင့် ငါတို့ကို လုပ်ကြံရတာလဲ"

လူရဲက ကျွန်းဖောစကားဖြင့် မေးလိုက်သည်။ မသမာသူက မဖြေ။ မသမာသူသည် အရပ်အမောင်းကောင်း၍ တောင့်တင်းသည်။ တကယ့်လူကြမ်းကြီးတစ်ယောက်အသွင်။

လူရဲက ဓားမြှောင်ကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ကျွဲပေါက်ကြီးနှင့် ရင်ဆိုင်လိုက်၏။ ကျွဲပေါက်ကြီးက လူရဲနှင့် အဒူလေးကို အပြတ်ရှင်းမည့်အနေအထားဖြင့် ရပ်နေသည်။

"မင်းကို ငါ မေးနေတယ်"





လူရဲအသံက မာကျောသွားသည်။ ကျွဲပေါက်ကြီး မျက်နှာက ခက်ထန်နေသည်။ နှစ်ယောက်တစ်ယောက်မို့ တိုက်ခိုက်ရန် ချိန်ဆနေပုံရသည်။

"ငါ မတရားတာ ဘယ်တော့မှမလုပ်ဘူး"

လူရဲက အဒူလေးကို အသာဖယ်နေရန် လက်ဖြင့် အသာပြလိုက်သည်။ ကျွဲပေါက်ကြီးက လူရဲကို ဓားမြှောင်ဖြင့် အတင်းဝင်ထိုးသည်။ လူရဲက ရှောင်တိမ်းပြီး ကျွဲပေါက်ကြီး၏ ညာဘက်ဝမ်းဗိုက်နေရာကို ဘယ်ခြေထောက်ဖြင့် တအားကန်လိုက်သည်။

"အွတ်"

ကျွဲပေါက်ကြီး ဒေါသဖြစ်သွားသည်။ ဓားမြှောင်ကို လက်ပြန်ကိုင်သော လူရဲမျက်နှာဆီသို့ ဘယ်ညာပက်သည်။ လူရဲက ရှောင်တိမ်းရင်း ဓားမြှောင်ဖြင့် တွတ်လိုက်၏။ ကျွဲပေါက်ကြီး၏ သားမွေးကျာကင်ကြီး ထက်ခြမ်းကွဲသွားသည်။

"မင်းအသက်ကို မနှမြောဘူးလား ကျွဲပေါက်ကြီး"

ကျွဲပေါက်ကြီးက နှာခေါင်းရှုံ့သည်။

"ငါတို့သွားမယ့်ခရီးကို မင်းက လာပြီး တားဆီးတာလား"

လူရဲက ကချင်ဘာသာစကားဖြင့် ပြောသည်။

"မင်း ဖောထရိန်ဆီကို သွားမလို့မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွဲပေါက်ကြီးက စကားပြန်ပြောသည်။ ဂျိန်းဖောစကား မှ လူရဲက နားလည်သွားသည်။

"အေး . . . ဟုတ်တယ်၊ ငါက ဖောထရိန်ရဲ့မိတ်ဆွေ မင်းက ဘာကြောင့် ငါ့ကိုလာပြီး နှောင့်ယှက်ရတာလဲ"

"အဲဒါ မင်းသိစရာမလိုဘူး၊ ထရွန်းတန်ဒေသကို မင်း တို့ မရောက်စေရဘူး"

"အဲဒီဒေသက ဖောထရိန်ဆီကို ငါတို့က မရောက် ရောက်အောင် သွားမယ်ဆိုရင်ကောကွာ"

"ငါက တားဆီးရမှာပဲ"

"ငါတို့နှစ်ယောက်ကို သေအောင်တိုက်နိုင်မှ မင်းဆန္ဒ ပြည့်ဝမှာပဲ"

ကျွဲပေါက်ကြီးက လူရဲအနားသို့ တိုးကပ်လာသည်။ လူရဲ၏ရင်ဝဆီသို့ ချိန်ပြီး ဓားမြှောင်ဖြင့် ထိုးသည်။ လူရဲက ကိုယ်ကိုနွဲ့၍ရှောင်ပြီး ကျွဲပေါက်ကြီးမျက်နှာကို လက်ပြန်ရိုက်ချ လိုက်သည်။ ထို့နောက် နားအုံဆီသို့ ဓားမြှောင်ကို ထိုးစိုက်လိုက် သည်။

"အား အား"

ကျွဲပေါက်ကြီးသည် သွေးများ ဖြန်းခနဲ ထွက်သွားသော နားနောက်ပိုင်းအား လက်ဖြင့်ဖိကာ အမှောင်ထဲသို့ပြေးသွား သည်။ လာရာလမ်းသို့ ပြန်ပြေးသွားပုံရသည်။





အဒ္ဒူလေးက သက်ပြင်းချသည်။

"ဖောထရိန်လွှတ်လိုက်တဲ့ ခြေမြန်သမားမဟုတ်တာ တော့ သေချာတယ်၊ ဒီကောင်ကြီးက ငါ့ကို အပြတ်ရှင်းတာနေ၊ သူ့ပြောစကားအရ တို့ကို ထရွန်းတန်ဒေသကို မရောက်စေရဘူး ဆိုတော့ ဒီကျွဲပေါက်ကြီးဟာ အလမ္ဘာယ်ဆရာ ဗိုဟီနာရဲ့ လက်ရုံး တပည့် ဖြစ်ရမယ်၊ ဗိုဟီနာဟာ ယဉ်ကျေးမှုမရှိ၊ အသိပညာ ကြွယ်ဝသေးတဲ့ ပိန်းကူးလူမျိုးတွေကို ခြောက်လှန့်ပြီး သူ့ကို ယုံကြည်အားကိုးလာအောင် ဆောင်ရွက်နေတာအမှန်ပဲ၊ သူက မြွေတွေကို နိုင်တယ်ဆိုတော့ မြွေကိုကိုးကွယ်နေတဲ့ ပိန်းကူးလူမျိုး တွေရဲ့ အထွဋ်အထိပ် ဖြစ်သွားတာပေါ့၊ အဲဒီလို လူလည်ကျတဲ့ သူကိုမှ လူရဲက နှိပ်ကွပ်ချင်နေတာ၊ ကြက်တူရွေးနဲ့ပို့လိုက်တဲ့ စာအရ ငါတို့ ဒီနေရာကပဲ စောင့်နေရမှာပဲ"

လူရဲနှင့်အဒ္ဒူလေးက အမိုးအကာသဖွယ်ဖြစ်နေသော ကျောက်ဆောင်အောက်တွင် လှဲလျောင်းနေမိကြ၏။ ပတ်ဝန်း ကျင်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။ လူရဲက နှင်းမြူများ ကြားမှ မပီဝိုးတဝါးမြင်နေရသော ကောင်းကင်ယံမှ ကြယ်များကို မော့ကြည့်နေသည်။ ထိုစဉ် ရေခဲတောင်ကို တရွတ်တိုက်သလို လျှောက်လာသည့် ခြေသံကို လူရဲ ကြားလိုက်မိ၏။ ထို့ကြောင့် နားစွင့်နေလိုက်၏။ အဒ္ဒူလေးက ခရီးပင်ပန်းလာသဖြင့် ခေါင်း ချသည်နှင့် အိပ်ပျော်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေခဲမြစ်က တိုးလာသည့်ခြေသံသည် လူရဲတို့နှင့် ပို၍နီးကပ်လာ၏။ လူရဲက အဒူလေးကို လက်တို့ပြီးနှိုးသည်။ အဒူလေးကလည်း အကင်းပါးသည်။ လူရဲလက်ကို ပြန်ကိုင်ပြီး သူနိုးနေကြောင်း သတိပေးသည်။ ခြေသံက လူရဲတို့အနီးသို့ ရောက်သည်နှင့် ရပ်သွားသည်။ လူရဲက ခေါင်းကိုငဲ့စောင်း၍ ကြည့်လိုက်သည်။ လမ်းပေါ်တွင်ရပ်နေသည့် လူရိပ်တစ်ခု။

"သင် ... ဘယ်သူလဲ၊ ဇောထရိန်လွှတ်လိုက်တဲ့သူ လား"

လူရဲက ရပ်နေကြောင်း သိနေသလို မေးလိုက်သည်။

"ဟုတ်ပါတယ် ကိုလူရဲ၊ ဆလန်းဒေါင်းပို့လိုက်တဲ့ စာ ရလို့လာခေါ်တာပါ၊ ငါက ဇောထရိန်ရဲ့သား ထော်မာန်ပါ"

လူရဲနှင့်အဒူလေးက ထော်မာန်ရှေ့တွင် ရပ်နေလိုက် ၏။

"စောစောပိုင်းက ကျွဲပေါက်ကြီးတစ်ကောင်နဲ့ ငါတို့ တိုက်ခိုက်ခဲ့ရသေးတယ်"

သုံးယောက်သား မီးဖိုဘေးတွင် သွားထိုင်နေလိုက်ကြ ၏။

"ကိုလူရဲတို့ကို လာတိုက်ခိုက်သူဟာ အလမ္မာယ် ဆရာ ဖိုဘီနာရဲ့လူပါ၊ အဖေကလည်း သူ့ဆီလာတဲ့ ညှော်သည် တစ် တစ်ခုဖြစ်မှာကို စိုးရိမ်နေရှာတယ်"





"ဆလန်းဒေါင်း ကျေးတမန်နဲ့ပို့လိုက်တဲ့စာက ဘယ်နှ ရက်ကြာမှ ရသလဲ"

"အဖေမွေးထားတဲ့ကြက်တူရွေးက သိပ်လိမ္မာတာ၊ တို့ခြံထဲက သစ်ပင်အောက်မှာရှိတဲ့လှောင်အိမ်မှာ နေတယ်၊ ဆလန်းဒေါင်းစာက နှစ်ရက်ပဲကြာတယ်၊ ဒါပေမဲ့ အဖေက မတတ်တော့ ငါက ဖတ်ပြရတယ်၊ အဲဒါ ဖိုဘီနာရဲ့ လူတစ် ဘက်က ကြားသွားတယ်၊ အဲဒါကြောင့် နင့်ကို ဖိုဘီနာက ကိုလာလို့မရအောင် အပြတ်ရှင်းခိုင်းလိုက်တာပဲ၊ ဒီလို ကျွဲ ပေါက်လောက်ရှိတဲ့ ကောင်ကြီးကို နင်တိုက်ခိုက်နိုင်တာ နင့် မ်းအစကို ငါသိသွားပြီ၊ ငါ ဒီကိုလာရင်း လမ်းမှာ ပြေးလာ တဲ့အသံကြားလို့ တောင်ကမ်းပါးယံမှာ တက်ပုန်းနေလိုက်တယ်၊ ကျွဲပေါက်ကြီးနားအုံကို အုပ်ရင်း လဲကျသွားတယ်၊ ရေခဲပြင်ပေါ် က လျှော့ကျပြီး တောင်အောက်ကို ကျသွားတာ"

"ဟာ ... ဒါဆို ကိစ္စတုံးသွားပြီပေါ့"

"ဟုတ်တယ်၊ နင်တို့ ဆလန်းဒေါင်းဆီက ထွက်လာကြ ကြာပြီ၊ ရိက္ခာလုံလောက်ရဲ့လား"

"လုံလောက်ပါတယ် ထော်မာန်"

"အင်း ... နင်တို့သိအောင် ပြောထားရဦးမယ်၊ ဆိုရင် ငါတို့ရွာသားတွေဟာ ဖိုဘီနာရဲ့ဩဇာအာဏာကို မ်းမိုးခံနေရတယ်၊ ဖိုဘီနာကို နတ်ဘုရားလို ကိုးကွယ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဗိုဘီနာက စနိုးမင်းလို့ခေါ်တဲ့ လူသားဝက်ဝံကြီးနဲ့ ဗျ
သားတွေကို ခြောက်လှန့်ထားတယ်''

''အဲဒီနှင်းလူသတ္တဝါကို မင်း မြင်ဖူးလား ထော်မာန်''

''ငါလည်း မမြင်ဖူးဘူး၊ ငါ့အဖေလည်း မမြင်ဖူးပါဘူး
ဗိုဘီနာက ငါတို့ရွာထဲကို လူစိမ်းတစ်ဦး ဝင်လာရင် ဘယ်ကို
ပြန်လို့မရဘူးလို့ အမိန့်ထုတ်ထားတယ်၊ ငါ့အဖေက ဒီနယ်သား
မဟုတ်ဘူး၊ အမေ့ကို သနားပြီး ယူမိတဲ့အချိန်ကစပြီး သူ့ဒေသ
ကို ပြန်မရောက်တော့ဘူး''

''ငါကလည်း ဗိုဘီနာရဲ့ ပိန်းကူးလူမျိုးတွေအပေ
လှည့်စားလိမ်ညာနေတဲ့လုပ်ရပ်တွေကို ဖော်ထုတ်ချင်လို့ ဒီဒေ
ကို လာခဲ့တာပဲ၊ ငါ့သူငယ်ချင်းအဒ္ဒလေးက ငါ့ကို စိတ်မချ
လိုက်လာတာ''

''လူရဲ ... နှင် ငါတို့ရွာကိုရောက်ရင် သတိဝီရိယ
နေမှဖြစ်မယ်၊ ပြီးတော့ နှင့်ကို ငါ့အဖေက အသေးစိတ်ပြော
လိမ့်မယ်၊ ငါတို့လူမျိုးတွေရဲ့အယူဝါဒက မိန်းမပျိုလေးရှိတဲ့အိမ်
ယောကျ်ားလေးရောက်လာရင် ယောကျ်ားလေးက မိန်းမပျို
လိုချင်လို့လာတာပဲ သဘောထားတယ်၊ အဲဒါကြောင့် နှင် 
အစ်မ အယ်လာရှောင်ကို အများအသိအမှတ်ပြုတဲ့ မင်္ဂလာ
ကျင်းပပြီးယူရမယ်''

''ဟာ ... ဒုက္ခပါပဲကွာ၊ မိဘက မိန်းမအတင်းပေးစာ





ဘာတောင် မယူခဲ့ဘူး၊ ငါ့ရဲ့သုတေသနလုပ်ငန်းတွေကို မလုပ်ရ
တော့မှာစိုးလို့''

''ငါတို့လူမျိုးစုရဲ့ ဓလေ့ထုံးစံကိုတော့ နှင်လိုက်နာမှ
ဖြစ်မယ် လူရဲ၊ ငါ့အစ်မက အပျိုစင်လေးပါ၊ အဖေက ဗိုဘီနာ
ရဲ့လုပ်ရပ်တွေကို မျက်မုန်းကျိုးနေတာ၊ နှင်က ဗိုဘီနာရဲ့ လှည့်မှိုး
မှုကို တိုက်ထုတ်မယ်ဆိုလို့သာ အဖေက နှင့်ကို လက်ခံတာနော်''

''ငါက နှင်းလူသတ္တဝါကြီးကို တိုက်ခိုက်ချင်နေတာ၊
ငါတို့ ဒီတစ်ည ဒီနေရာမှာပဲ စခန်းချအနားယူကြတာပေါ့၊ မနက်
အစောကြီး ခရီးဆက်ကြမယ်လေ''

''ငါတို့ရွာကိုရောက်ဖို့ အများကြီး ခရီးဆက်ရဦးမှာ လူရဲ
ရဲ့၊ ဗိုဘီနာကို လက်ခံယုံကြည်နေသူတွေက ဒီနယ်တစ်ကြောမှာ
သွားလာကျက်စားနေကြတယ်၊ နှင်တို့နှစ်ယောက်က မျက်နှာစိမ်း
တွေဆိုတော့ ရန်ရှာမှာစိုးရိမ်ရတယ်၊ လူရဲက လျင်မြန်ဖျတ်လတ်
သူဆိုတော့ စိုးရိမ်စရာတော့မရှိပါဘူး''

လူရဲတို့သုံးယောက်သည် မီးပုံဘေးတွင် လှဲလျောင်း
အိပ်စက်ကြလေသည်။ ညဉ့်နက်ချိန်တွင် နှင်းများ တဖွဲဖွဲကျလာ
သည်။ အိပ်လို့မရတော့။ မီးပုံထဲသို့ ထင်းခြောက်များ ထပ်ထည့်
ပြီး မီးအားကောင်းအောင်လုပ်သည်။ မီးပုံမှအပူကြောင့် အနွေး
ဓာတ်ရလာသည်။ စကားပြောရင်း အလင်းရောင်သန်းလာသည်။

''ငါတို့ ခရီးဆက်ကြစို့ လူရဲ''



www.burmeseclassic.com

www.burmeseclassic.com



မီးပုံကို သေချာစွာ ငြိမ်းသတ်ခဲ့သည်။ အဒူလေးက ရက်ပေါင်းများစွာ အိပ်ရေးပျက်သောကြောင့် ငိုက်မျဉ်းရင်း လျှောက်လာသည်။

"ထော်မာန် . . . မင်းအဖေက ငါတို့ကို ဘာလို့လာမကြိုတာလဲ"

"အဖေက အသက်ခြောက်ဆယ်နီးပါးရှိနေပြီ လူရဲရဲ့ ဒီခရီးက ခရီးကြမ်းမဟုတ်လား။ အဖေက နင်တို့ကိုလာကြိုမလို့ ပြင်ဆင်သေးတယ်၊ ငါက အဖေပင်ပန်းမှာစိုးလို့ ငါကိုယ်တိုင် လာကြိုတာ"

"ဩော် အေး . . . ငါသဘောပေါက်ပြီ"

ခရီးလမ်းတွင် သွားလိုက်၊ နားလိုက်နှင့် ခရီးဆက်ခဲ့ကြသည်။ လူရဲက တောလမ်းခရီးတွင်တွေ့သော တောင်ဆိတ်တစ်ကောင်ကို အမဲပစ်သေနတ်ဖြင့် ပစ်သည်။ တောင်ဆိတ်သေကို ခြေနှစ်ဖက် လက်နှစ်ဖက်ကို ကြိုးချည်ပြီး သစ်ကိုင်းလျှိုပြီး ထမ်းလာသည်။

တစ်နေ့နှင့်တစ်ရက် ခရီးနှင်လာခဲ့ရာ ဟိုးအဝေးဆီတွင် ရွာငယ်လေးတစ်ရွာကို လှမ်းမြင်ရသည်။

"ဟိုးမှာ လှမ်းမြင်ရတာ ငါတို့ရဲ့ ထရွှန်းတန်ရွာကလေးပဲ လူရဲ၊ ငါတို့ရွာထိပ်မှာ ဖိုဘီနာရဲ့အစောင့်တစ်ယောက် ရှိတယ်၊ သူက လူရဲတို့ကို မေးလိမ့်မယ်၊ ဖောထရိန်ဆီ လာလည်တာလို့ ပြော၊ ငါတို့အိမ်ကို လူစိမ်းယောကျ်ားနှစ်ယောက် ရောက်လာကြောင်း ဖိုဘီနာရဲ့အစောင့်က ဖိုဘီနာကို သတင်းပို့လိမ့်မယ်၊ လူရဲတို့နှစ်ယောက်ဟာ ဘယ်လိုလူတွေလဲဆိုတာ ဖိုဘီနာရဲ့ ဧည့်သည်တွေက အကဲခတ်ကြည့်ရှုနေကြတော့မှာ အမှန်ပဲ"

ထော်မာန်က လူရဲကို သတိပေးသည်။ ထရွှန်းတန်ရွာကလေးသည် အိမ်ခြေ လေးဆယ်၊ ငါးဆယ်ခန့်သာရှိမည်ဟု လူရဲ ခန့်မှန်းသည်။ ထရွှန်းတန်ရွာထိပ်သို့ ရောက်လာသည်။ ရွာသားတစ်ဦးက လှံတစ်ချောင်း ကိုင်ထားသည်။ လူရဲနှင့် အဒူလေးကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"မင်းတို့ . . . ဘယ်သူတွေလဲ၊ ဘယ်သူ့ဆီ သွားမလို့ လဲ"

ရွာသားက လှံဖြင့်ကန့်လန့်တားထားရင်း မေးသည်။

"ငါ့နာမည်က လူရဲ၊ သူက ငါ့သူငယ်ချင်းအဒူလေး၊ သူ့ရဲ့မိတ်ဆွေ ဖောထရိန်ဆီကို သွားမလို့"

လူရဲက ဂျိန်းဖောလူမျိုးစကားဖြင့် ပြောသည်။

"ဖောထရိန်ဆီကို ဘာသွားလုပ်မလို့လဲ"

"အလည်အပတ်သဘောမျိုးလာတာ၊ ငါတို့က မုဆိုးတွေပဲ"

ရွာသားက ခေါင်းညိတ်သည်။ ထော်မာန်က လူရဲတို့ကို သူ့အိမ်သို့ ခေါ်သွားသည်။





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အဖေ . . . ထော်မာန်ပြန်လာပြီ၊ ညေ့်သည်တွေလည်း ပါလာတယ်"

မိန်းကလေးတစ်ဦးက ဂျိန်းဖောလူမျိုးစကားဖြင့် ပြောဆိုလိုက်သည့်စကားကို လူရဲ ကြားလိုက်မိသည်။ အိမ်ကလေးထဲမှ အသက်နှစ်ဆယ်ခန့်အရွယ် မိန်းကလေးတစ်ဦး ထွက်လာသည်။ အိမ်ရှေ့တွင် ရပ်နေသည်။

"ထော်မာန် . . . အဲဒါ"

"ဟုတ်တယ် လူရဲ၊ အဲဒါ ငါ့အစ်မ အဲလာရှောင်လာ . . . အဖေ အိမ်ပေါ်မှာ စောင့်နေတယ်"

လူရဲက အဲလာရှောင်၏မျက်နှာကို အသေအချာကြည့်သည်။ တိုင်းရင်းသူတစ်ဦးဖြစ်သော်လည်း ဝတ်စားဆင်ယင်မှုက မရိုင်း။ ဆံပင်က ပခုံးပေါ်ထိ ရှည်လျားသည်။ မျက်လုံးဝိုင်းဝိုင်း၊ မျက်တောင်ကော့ကော့၊ ပါးဖောင်းဖောင်းကလေးနှင့် ချောမောလှပသည်။ အရပ်က ငါးပေသုံးလက်မခန့် ရှိသည်။ သူ့အရပ်အမြင့်နှင့် သူ့ကိုယ်လုံးကိုယ်ပေါက်က အချိုးကျပြေပြစ်သည်။

အဲလာရှောင်က သူ့ကို လူရဲက စူးစိုက်ကြည့်နေမှန်း သိသဖြင့် မျက်လွှာချထားသည်။ အဒူလေးက ချောင်းဟန့်မှ လူရဲက အကြည့်လွှဲသည်။ အိမ်ပေါ်သို့ တက်လာသည်။

"လာပါ လူရဲ . . . မင်းကို ငါ စောင့်နေတာ"





အသက်ငါးဆယ်အရွယ် လူကြီးတစ်ဦးက မီးဖိုဘေးတွင် ထိုင်နေသည်။ လူရဲနှင့်အဒူလေးက ထိုလူကြီး၏ဘေးတွင် သွားရောက်ထိုင်သည်။

"ဦးလေးက ဖောထရိန်လား"

"အေး . . . ဟုတ်တယ်၊ မင်းတို့ကို ဗိုဘီနာရဲ့ဘက်တော်သားတစ်ဦးက လာရောက်နှောင့်ယှက်တာသိရလို့ ငါ စိတ်မကောင်းဘူး။ ဗိုဘီနာက ဒီဒေသကို ဘယ်သူ့ကိုမှ မလာစေချင်ဘူး။ ပိန်းကူးလူမျိုးတွေကို သူက ဩဇာအာဏာနဲ့ လွှမ်းမိုးချုပ်ကိုင်ထားတာ မဟုတ်လား။ ပိန်းကူးလူမျိုးတွေ မကြောက်ကြောက်အောင် လူဝံလိုသတ္တဝါကောင်ကြီးနဲ့ ခြောက်လှန့်ထားတယ်၊ ဒီသတ္တဝါကြီးက စေခိုင်းလို့ သူက ဆောင်ရွက်နေရသလို ပိန်းကူးလူမျိုးတွေကို ပြောထားတယ်"

"အဲဒီသတ္တဝါကြီးက ဘယ်မှာနေသလဲ ဖောထရိန်"

"ကျောက်တောင်တစ်ခုက ကျောက်ဂူကြီးထဲမှာနေတယ်၊ ငါတို့လူသားတွေရဲ့ ခန္ဓာကိုယ်, အရပ်ထက် အဆပေါင်းများစွာ ကြီးတယ်၊ ဗိုဘီနာက ပိန်းကူးလူမျိုးသုံးဦးကို အဲဒီကျောက်ဂူကြီးအနား ခေါ်သွားပြီး လူဝံလိုသတ္တဝါကြီးကို ပြထားတယ်၊ မြင်ဖူးခဲ့တဲ့ ပိန်းကူးလူမျိုးသုံးယောက်က ရွာသူရွာသားတွေကို ပြောပြထားတော့ ကြောက်ရွံ့နေကြတာပေါ့၊ ငါက တွေ့ချင်လို့ တောတောင်ထဲမှာ လိုက်ရှာနေတာကြာပြီ၊ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဖူးသေးဘူး''

''ကျွန်တော်ကတော့ မတွေ့တွေ့အောင်ရှာပြီး အပြတ်နှိမ်နင်းမယ်''

''လွယ်လွယ်နဲ့တော့မဖြစ်နိုင်ဘူး လူရဲ၊ အချိန်အခါကိုတော့ စောင့်ရမယ်၊ မင်းတို့နှစ်ယောက် ဒီကိုရောက်လာတာကို ဇိုဘီနာ သိသွားလောက်ပြီ၊ မင်းတို့ကို နည်းအမျိုးမျိုးနဲ့ အန္တရာယ်ပေးတော့မှာ အမှန်ပဲ''

''အဲဒီကိစ္စကို ထော်မာန်ကလည်း လမ်းမှာ သတိပေးပါတယ်''

''ဇိုဘီနာက သိပ်ဉာဏ်များတယ်၊ ကောက်ကျစ်စဉ်းလဲတယ်၊ ရွာကအပျိုစင်ကလေးတွေကိုလည်း နည်းအမျိုးမျိုးနဲ့ အကြောင်းပြပြီး သိမ်းပိုက်တယ်၊ ငါက ငါ့သမီးလေး အဲလာအတွက် စိုးရိမ်ပူပန်နေတာ၊ အခု မင်းရောက်လာပြီဆိုတော့ ဇိုဘီနာ ချမှတ်ထားတဲ့ ဒေသဓလေ့ထုံးစံဆိုတာတွေကို ဂရုထားစရာမလိုတော့ဘူး၊ ငါမသိဘဲ ခြံအပြင်ကိုတောင် မထွက်ပါနဲ့၊ ဇိုဘီနာရဲ့လူယုံတော်တွေက ငါ့ခြံပတ်ဝန်းကျင်က ငါတို့လှုပ်ရှားမှုမှန်သမျှကို အကဲခတ်နေကြမှာပဲ၊ မင်းတို့က ငါတို့ဒေသကို အေးအေးဆေးဆေးလာရောက်လည်ပတ်နေတဲ့သဘောမျိုး နေပြရလိမ့်မယ်''

''ဟုတ်ကဲ့ပါ ဇောထရိန်''





အိမ်အပြင်ဘက်တွင် မှောင်ရိပ်သန်းလာသည်။ အအေးဓာတ်က လွှမ်းခြုံလာသည်။ အဲလာရှောင်က ညစာအတွက် ပြင်ဆင်နေသည်။ ဇောထရိန်က ရိုးရာခေါင်ရည်၊ ဆိတ်သားခြောက်တို့ဖြင့် တွေ့ဆုံပွဲအထိမ်းအမှတ်လေး ကျင်းပပေးသည်။ ရိုးရာခေါင်ရည်က တစ်ခွက်သောက်ပြီးသည်နှင့် လူရဲ၏ခေါင်းထဲတွင် ရီတီတီ ဖြစ်လာသည်။

''မင်း ခရီးပင်ပန်းလာတယ် လူရဲ၊ ခေါင်ရည်ကို ဝအောင်သောက်ပြီး အိပ်ရေးဝအောင်သာ အိပ်စက်လိုက်၊ မနက်ဖြန် မိုးလင်းရင် မင်း ပင်ပန်းနွမ်းနယ်နေသမျှတွေ ပြေပျောက်သွားလိမ့်မယ်''

ဇောထရိန်က အမြဲသောက်နေကျမို့လားမသိ ခေါင်ရည်နှစ်ခွက်ကုန်သွားသော်လည်း ပုံမှန်အနေအထားပင်။ အဒူလေးက ခေါင်ရည်ကို အလွန်နှစ်သက်သွားပုံရသည်။ ဆိတ်သားခြောက်လေးဝါးလိုက် ခေါင်ရည်သောက်လိုက်နှင့်။

''ထော်မာန် ဘယ်သွားလဲ''

''နင်တို့ပစ်လာတဲ့ တောင်ဆိတ်ကြီးကို အသားဖျက်ပြီး တင်းချက်နေတယ်''

အဲလာရှောင်က ပြောပြသည်။

''ဟုတ်တယ် လူရဲ၊ ဖါတို့ ခေါင်ရည်သောက်ပြီးတာနဲ့ ထမင်းစားကြတာပေါ့၊ ငါတို့ရွာကလူတွေ အမဲပစ်သွားလို့



www.burmeseclassic.com

www.burmeseclassic.com



သွားကောင်ရလာရင် ဗိုဘီနာကို စားဖို့ပေးရတယ်၊ ဗိုဘီနာက လူပေါ်လူညွှန့် ခူးစားတာလေ၊ ငါကတော့ ဘယ်တော့မှ မပေးဘူး၊ သူ့ကိုလည်း ဂရုမထားဘူး''

''ဗိုဘီနာက ဦးလေးတို့ ပိန်းကူးလူမျိုးပဲလား''

''မဟုတ်ပါဘူး၊ ငါတို့ဆီကို မြွေအလမ္မာယ်ဆရာ တစ်ယောက်အနေနဲ့ ရောက်လာတာ၊ လူဝံကို သူက ခိုင်းစေနေတာ၊ သူက ပြောတော့သာ လူဝံသတ္တဝါကြီးက သူ့ကို ခိုင်းစေလို့ ပိန်းကူးလူမျိုးတွေအပေါ် စောင့်ရှောက်နေရတာတဲ့၊ ဗိုဘီနာက ဂျိန်းဖော၊ လီဆူး၊ ရဝမ် စကားအားလုံးတတ်တယ်၊ ငါတို့ဒေသက မြွေပေါတယ်လေ၊ မြွေကိုက်ခံရတဲ့သူတွေကို သူကုသပေးတာ အသက်ချမ်းသာရသွားတာလည်း မနည်းဘူး၊ သူရောက်မလာခင်တုန်းက မြွေကိုက်ခံရရင် သေတာများတယ်၊ သူ့အတွက် စည်းရုံးရေးသဘောမျိုး ဖြစ်သွားတာပေါ့၊ သူ ပလွေမှုတ်ခေါ်ရင် မြွေတွေရောက်တာမှ အများကြီးပဲ၊ သူ နှင်လိုက်တာနဲ့ မြွေတွေက ပြန်သွားကြရော''

''အခု ဗိုဘီနာက ဘယ်မှာနေသလဲ''

''တောထဲက ကျောက်ဂူကြီးထဲမှာ နေတယ်''

''လူဝံကြီးနေတာက''

''ဟိုးတောနက်ထဲမှာလို့ ပြောတာပဲ''

''ဗိုဘီနာနဲ့လူဝံကြီးတို့က အတူမနေကြဘူးလား''





''စနိုးမင်းသတ္တဝါကြီးက လူသားနဲ့လူဝံတို့ ပေါင်းသင်းပြီး မွေးဖွားလာတဲ့ သတ္တဝါကြီးဆိုတော့ လူစကားတော့ နားလည်တယ်၊ တိရစ္ဆာန်စိတ်ကြောင့် စရိုက်ကြမ်းတမ်းတယ်လို့ လူဝံနေသသတ္တဝါကြီးကို မြင်တွေ့ဖူးသူတွေက ပြောတယ်''

''ကျွန်တော်က ဆလန်းဒေါင်းနဲ့အတူ အမဲပစ်ထွက်ဖူးတော့ တောထဲတောင်ထဲသွားရတာ ကျင့်သားရနေပါပြီ၊ စနိုးမင်းသတ္တဝါကြီးကို မတွေ့တွေ့အောင်ရှာမှာပေါ့''

''ဒီက ရေခဲတောင်ကြီးတွေက ဆလန်းဒေါင်းတို့အရပ်ဒေသက တောင်တွေနဲ့တော့ နည်းနည်းကွာခြားတယ်၊ အေးလေ ... ငါတို့ရည်ရွယ်ချက်က ဒီသတ္တဝါကြီးကို တိုက်ခိုက်ချေမှုန်းဖို့မဟုတ်လား၊ တစ်နေ့မဟုတ် တစ်နေ့တော့ တွေ့ရမှာအမှန်ပဲ''

''ဖောထရိန်တို့ ရိုးရာခေါင်ရည်က အတော်သောက်လို့ကောင်းတာပဲ၊ မူးသွားလိုက်၊ ပြေသွားလိုက်နဲ့ မြို့မှာ ဘီယာလေးသောက်ရင်တောင် မူးတတ်တဲ့ ကျွန်တော့်သူငယ်ချင်း ငြိမ်နေတာသာကြည့်''

''မင်းကို ထော်မာန်က ပြောပြခဲ့မှာပေါ့''

''ဘာကိုလဲ ဖောထရိန်''

''မင်း ငါတို့အိမ်ကိုလာတဲ့အတွက် မင်းဟာ ငါတို့ရွာသားအဖြစ် ခံယူရမယ်၊ ငါ့သမီး အဲလာရှောင်ကို ငါတို့ ... အင်း ... ဗိုဘီနာလုပ်ထားတဲ့ ဓလေ့ထုံးစံပဲပြောပါတော့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဓလေ့ထုံးစံအရ ပိန်းကူးလူမျိုးတွေအလယ်မှာ လက်ထပ်ယူရမယ်''

''ဟန်ဆောင်လက်ထပ်ထားတာမျိုးလား ဇောထရိန်ရဲ့သမီးက ကျွန်တော့်ကို လက်ခံပါ့မလား''

''ငါတို့လူမျိုးမှာ မိဘစီမံတာကို သားသမီးက နာခံရတယ်''

''စိတ်မဆိုးနဲ့နော် ဇောထရိန်''

''ဟ ...ငါက ဘာကိုစိတ်ဆိုးရမှာလဲကွ''

''စကားအဖြစ် ပြောမလို့ပါ၊ တကယ်လို့ ... ကျွန်တော်က ဇောထရိန်ရဲ့သမီး အဲလာရှောင်ကို ငြင်းဆန်မယ်ဆိုရင်ကော''

''အဲဒီကိစ္စကို မင်းက ငြင်းလည်း မင်းနဲ့ငါက ဘာမှပြဿနာမဖြစ်ပါဘူး၊ အေး ... ဒါပေမဲ့ ငါတို့လူမျိုးတွေရဲ့ ဓလေ့ထုံးစံက မိန်းမပျိုလေးရှိတဲ့အိမ်ကို ယောကျ်ားလေးတစ်ယောက်ရောက်လာပြီး တည်းခိုရင် ပတ်ဝန်းကျင်ကလူတွေက သို့လော ... သို့လော အပြောမခံရအောင် ပေးစားလိုက်တဲ့သဘောပါ၊ မိဘက စီမံတာကို သားသမီးက နားထောင်တဲ့သဘောမျိုး။ ကဲ ... လူရဲ ညဥ့်နက်လာပြီ ခေါင်းရည်ပွဲသိမ်းပြီး ညစာစားကြတာပေါ့''

''ကောင်းသားပဲ ဇောထရိန်''

ခုနှစ် စဉ် ကြယ် တာ ပေ



လူရဲတို့ ညစာစားကြသည်။ အဒူလေးက ခေါင်းရည်မူးနေသဖြင့် ထမင်းမစားနိုင်တော့ဘဲ လှဲအိပ်နေသည်။ အဲလာရှောင်က အဒူလေးကိုကြည့်ပြီး မျက်နှာကြီး ပြုံးနေသည်။ လူရဲလည်း ခေါင်းရည်အရှိန်တက်နေသဖြင့် အာလေး လျှာလေးဖြစ်နေသည်။ လူရဲနှင့် အဒူလေးက အိမ်အလယ်ခန်း ဇောထရိန်အိပ်ရာဘေးတွင် အိပ်ကြသည်။ ညဥ့်နက်လေ အအေးဓာတ်က ပိုလာလေ။

✻✻✻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လူရဲနှင့်အဲလာရှောင်တို့၏မင်္ဂလာပွဲကို ထရွှန်းတန် ဒေသ နေအိမ်များအလယ်မှ မြေကွက်လပ်ကြီးတွင် ကျင်းပသည်။ လူရဲရောက်လာပြီး နောက်တစ်နေ့တွင် ဖိုဘီနာက သူ၏လူတစ် ယောက်ကို လွှတ်၍ ဇောထရိန်ကို လာခေါ်သည်။ ဇောထရိန်အိမ် သို့ မျက်နှာစိမ်းလူနှစ်ယောက်ရောက်ရှိနေခြင်း ရှိ၊မရှိ မေးမြန်း သည်။ ဇောထရိန်က အမှန်တကယ် ရောက်ရှိနေကြောင်း ပြော သည်။ ထိုအခါ ဖိုဘီနာက ရိုးရာဓလေ့ထုံးစံကို နားလည်သလား ဟု မေးသည်။ ဇောထရိန်က နားလည်ကြောင်း ပြောသည်။ ဖိုဘီနာက မင်္ဂလာပွဲရက် ကျင်းပမည့်နေ့ကို သတ်မှတ်ပေးသည်။

မင်္ဂလာပွဲကျင်းပသည့်နေ့တွင် ထရွှန်းတန်ဒေသသို့ စနိုးမင်းသတ္တဝါကောင်ကြီးရောက်လာမည်ကို ဇောထရိန်က





စိုးရိမ်နေသည်။

''ဘာလို့စိုးရိမ်နေတာလဲ ဇောထရိန်''

ထိုနေ့က လူရဲက မေးသည်။

''လူဝံသတ္တဝါကြီးရဲ့အဖေ လူဝံကြီးက တောတောင်ထဲ မှာ မျက်စိလည်နေတဲ့ မိန်းမတစ်ယောက်ကို အတင်းခေါ်သွားပြီး ပေါင်းသင်းခဲ့တာလေ၊ မင်္ဂလာပွဲကျင်းပနေတဲ့အချိန်မှာ လူဝံ သတ္တဝါကြီးရောက်လာရင် ငါတို့မှာ ကာကွယ်ဖို့လက်နက်က အသင့်ရှိနေမှာ မဟုတ်ဘူး၊ ဖိုဘီနာကလည်း ဒီသတ္တဝါကြီးကို သတ်ဖို့ ခွင့်ပြုမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ လုယုံတော်တွေက အများကြီးပဲ၊ ဒီတော့ လူရဲရဲ့သူငယ်ချင်း အဒူလေးကို မင်္ဂလာအခြေအနေကို တစ်နေရာက စောင့်ကြည့် နိုင်းထားမှဖြစ်မယ်''

ဇောထရိန်က မင်္ဂလာပွဲသို့မသွားမီ အဒူလေးကို အသေး စိတ် မှာကြားနေသည်။ အမဲပစ်သေနတ်များတွင် ကျည်ဆန် အပြည့် ထည့်ထားသည်။ လူရဲက ခါးကြားတွင် ဓားမြှောင် တစ်လက်ကို ဝှက်၍ယူလာသည်။

မင်္ဂလာပွဲကျင်းပသည့် မြေကွက်လပ်ကြီးတွင် တိရစ္ဆာန် တို့၏အဆီဖြင့် ထွန်းညှိထားသော မီးတိုင်များ ပတ်လည်စိုက်ထူ ထားသည်။ မီးတိုင်မီးမှမီးရောင်ကြောင့် မြေကွက်သည် လင်း ထိန်နေသည်။ ရိုးရာခေါင်ရည်ကို ဝါးကျည်တောက်များတွင်



www.burmeseclassic.com

www.burmeseclassic.com



ထည့်၍ ညှော်ခံထားသည်။ မင်္ဂလာပွဲကို ထရွန်းတန်ဒေသမှ ယောကျ်ား၊ မိန်းမအားလုံး လာရောက်ကြသည်။ ဖိုဘီနာ၏ ဩဇာက ထရွန်းတန်ဒေသကို လွှမ်းမိုးထားသည်။

ဖိုဘီနာက စင်မြင့်ပေါ်တွင် ထိုင်နေသည်။ သားမွေး ဦးထုပ်ကို ဆောင်းထားသည်။ သားမွေးသားရေဂျာကင်ကြီးကို ဝတ်ဆင်ထားသည်။ ခေါင်ရည်ခွက်ကို လက်ကကိုင်ထားရင်း မော့သောက်နေသည်။ ဖိုဘီနာ၏မျက်နှာသည် ခက်ထန်သော အသွင်ကို ဆောင်နေသည်။ လူရဲက ဖိုဘီနာကို သေချာစွာ ကြည့်ရှုရင်း အကဲခတ်နေသည်။ ထို့အတူ ဖိုဘီနာကလည်း လူရဲကိုကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

အဲလာရှောင်က ရိုးရာဝတ်စုံကို ဝတ်ဆင်ထားသည်။ လူရဲ၏ဘေးနားတွင် ရပ်နေသည်။ ဖောထရိန်က သူ့သမီး ဘေးမှာ ရပ်နေသည်။ ထော်မာန်က ဖောထရိန် မှာကြားထားသည့်အတိုင်း ပတ်ဝန်းကျင်ကို အကဲခတ်ပေးနေသည်။ ရိုးရာ ခေလှေ့ထုံးစံ အရ မောင်း၊ လင်းကွင်း၊ ဗုံရှည်၊ မြွေ (ပလွေ) စသည့် မိရိုးဖလာ တူရိယာပစ္စည်းများဖြင့် တီးမှုတ်နေကြသည်။ သည်လူမျိုးစုနွယ် များသည် မင်္ဂလာပွဲ၊ နတ်ပွဲ၊ အသုဘတို့တွင် သီဆိုကခုန်သည့် အလေ့အထရှိသည်ဟု လူရဲ သိထားသည်။ ရွာသူရွာသားများ သည် ပျော်ရွှင်စွာ ကခုန်နေကြသည်။ ထရွန်းတန်ဒေသသည် တီးမှုတ်ကခုန်နေသံများဖြင့် ဆူညံလေသည်။





မနေ့က မင်္ဂလာပွဲတွင် ညှော်ခံရန် တောင်ဆိတ်တစ်ကောင်ကို လူရဲနှင့်ထော်မာန်က သွားပစ်ပြီး ယူလာခဲ့သည်။ ယနေ့မနက်က တောင်ဆိတ်ကို အရေခွံနွှာသည်။ အတွင်းကလီစာများကိုထုတ်၍ ချက်ပြုတ်စားသည်။ မင်္ဂလာပွဲကျင်းပသည့် မြေကွက်လပ်အလယ်တွင် မီးဖိုသည်။ မီးဖို၏တစ်ဖက်တစ်ချက်တွင် ခွတိုင်နှစ်ခုကို စိုက်ထားသည်။ တောင်ဆိတ်ကို သံချောင်းဖြင့်လျှို၍ မီးဖိုတွင် မီးကင်သည်။ မကြာမီ အသားကင်နံ့ ထွက်လာသည်။ ရွာသားတစ်ဦးက တောင်ဆိတ်အသားကင်အား ဓားဖြင့်လှီးဖြတ်ပြီး ဖိုဘီနာအား သွားပေးသည်။ ဖိုဘီနာသည် အသားကင်စားလိုက်၊ ခေါင်ရည်သောက်လိုက်နှင့် ငြိမ့်နေသည်။

လူရဲနှင့်အဲလာရှောင်ကို ဖောထရိန်ကိုယ်တိုင် လက်ထပ်ပေးသည်။ အဲလာရှောင်က ရှက်နေသည်။ မျက်နှာကြီးနီမြန်းနေသည်။ ပရိသတ်၏လက်ခုပ်သံများ ဆူညံသွားသည်။

"အားကိုး ... ငါက,သလို နင်လည်း လိုက်ကပါ။ ကသွားရင်လည်း ဘာမှရှက်စရာမလိုဘူး"

အဲလာရှောင်က မီးပုံကို လှည့်ပတ်ပြီး ကနေသည်။ လူရဲက အဲလာရှောင်ကို လိုက်ကြည့်ပြီး ကနေရသည်။ မှားသွားသည့်အခါတိုင်း နှစ်ဦးသား ရယ်မောမိကြသည်။ ချွေးများ ထွက်လာပြီး မောဟိုက်လာသည်။ ညဉ့်နက်ချိန်ရောက်မှ မင်္ဂလာပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီးစီးသွားသည်။ အဲလာရှောင်က လူရဲမျက်နှာမှ ချွေးများကို အဝတ်ဖြင့် သုတ်ပေးသည်။

"လူရဲ ... မင်းနဲ့ ငါ့သမီးဟာ အကြင်လင်မယား ဖြစ် သွားပြီမို့ ငါ့သမီးကို မင်း နိုင်းချင်တာခိုင်းလို့ရပြီ"

"ဦးလေးတို့ရဲ့ရိုးရာဓလေ့ကလည်း မလွယ်ပါလား ကခုန်လိုက်ရတာ တစ်ကိုယ်လုံး ချွေးတွေ ရွှဲသွားတာပဲ"

အဲလာရှောင်၏မျက်နှာလေးက ပြုံးနေသည်။

"မင်းပင်ပန်းနေတာ ငါသိတယ်၊ ခေါင်ရည်ပြင်းတစ် ခွက်သောက်လိုက်"

ထော်မာန်က လူရဲအား ခေါင်းရည်ပြင်းတစ်ခွက် လာပေးသည်။ လူရဲက မော့ချလိုက်သည်။ မျက်နှာရှုံ့မဲ့သွား သည်။

"အားပါးပါး ... လည်ချောင်းထဲ ပူတင်းသွားတာပဲ ဟူး ... အဲဒါမှ အမောပြေမှာ"

လူရဲမှာ ခေါင်ရည်ပြင်းအရှိန်ကြောင့် မူးဝေသွား သည်။ အဲလာရှောင်က လူရဲတစ်ကိုယ်လုံးမှ ချွေးများကို အဝတ်ဖြင့် သုတ်ပေးပြီး ရေစိုအဝတ်ဖြင့် ရေဖတ်တိုက်ပေးသည်။

"မင်းကတော့ ဟန်ကျသွားပြီ လူရဲ၊ ငါ့ကိုကျတော့"

အဒူလေးက ခေါင်ရည်မူးနေသည့်အရှိန်ဖြင့် လူရဲကို တီးတိုးပြော၏။





"ဇောထရိန်က သမီးတစ်ယောက်ပဲရှိတာ၊ မင်းလိုချင် ရင် ထော်မာန်"

"ဟာ ... ဒီကောင်ကွာ"

အဒူလေးက လူရဲ၏လက်မောင်းကို ရိုက်သည်။

"မင်းတို့နှစ်ယောက် ဘာတွေပြောပြီး သဘောကျနေ တာလဲ"

ဇောထရိန်က မေးသည်။

"ဘာမှမဟုတ်ပါဘူး ဦးလေးရယ်၊ ဩော် ... ဒါနဲ့ ကျွန်တော်က ယောက္ခမကို ဘယ်လိုခေါ်ရမှာလဲ"

"မင်းကြိုက်သလို ခေါ်ပါကွာ"

လူရဲက မူးမူးနှင့်လှဲအိပ်သည်။ အဲလာရှောင်က အခန်း ထဲသို့ ဝင်သွားသည်မှာကြာပြီ။

"အဒူလေး ... မင်းရဲ့သူငယ်ချင်းကို အခန်းထဲကို လိုက်ပို့ပေးလိုက်ပါ"

အဒူလေးက လူရဲကိုဆွဲထူပြီး အခန်းထဲသို့ လိုက်ပို့ သည်။ အခန်းထဲတွင် တိရစ္ဆာန်အဆီဖြင့် မီးခွက်ထွန်းညှိထား သည်။ မီးခွက်မှအလင်းရောင်က အခန်းထဲတွင် ဖြာကျနေသည်။ အဲလာရှောင်က အိပ်ရာပေါ်တွင် ထိုင်နေသည်။ ဦးခေါင်းကို အောက်သို့ ငုံ့ထားသည်။

"ငါ တအားမူးနေတယ် အဒူလေး"



www.burmeseclassic.com

www.burmeseclassic.com



"မူးနေရင်လည်း အဲဒီမှာပဲ အိပ်ရမယ်"

လူရဲက ယိုင်လဲမလို ဖြစ်သွားသည်။ အဲလာရှောင်က လာတွဲပြီး အိပ်ရာပေါ်တွင် ထိုင်ခိုင်းသည်။

"အဲလာ ...နင့်ကိုငါ ညီမလေးတစ်ယောက်လိုပဲ သဘောထားတယ်၊ ငါ တအားမူးနေတယ်၊ နင့်ဘေးနားမှာပဲ ငါ လှဲအိပ်လိုက်တော့မယ်"

လူရဲက တကယ်ပဲ လှဲအိပ်ချလိုက်သည်။ အဲလာရှောင်က လူရဲဘေးနားတွင် လှဲအိပ်သည်။

"အားကို ...နင်နဲ့ငါဟာ အကြင်လင်မယားဖြစ်သွားပြီ၊ နင် ခေါင်ရည်တွေသောက်တာ ငါမကြိုက်ဘူး။ အဖေနဲ့ ထော်မာန် သောက်တာလည်း ငါ ကြိုက်တာမဟုတ်ဘူး၊ မြော မရလို့ ငြိမ်နေရတာ"

"အင်းပါ ...အဲလာရယ်၊ ဒီညကခုန်ရတာ တအားပင်ပန်းလို့။ ပြီးတော့ နင့်အဖေကတိုက်တော့ သောက်မိတာပေါ့၊ နင့်အဖေက ..."

"အမေက ငါ နှစ်နှစ်သမီးအရွယ်က ထော်မာန်ကို မွေးအပြီးမှာ သေသွားတာ"

"ဟင် ...ဒါဆို နင့်အဖေမုဆိုးဖိုဘဝရောက်တာ ကြာပြီပဲ၊ နောက်ထပ်အိမ်ထောင်မပြုတာ ကျေးဇူးတင်စရာပဲ"

"အဖေက ငါတို့မောင်နှမကို သိပ်ချစ်တာ"





"ဟင်း ...ငါတို့ မြေပြန့်ကလူတွေကတော့ မယားသေ တို့ တစ်နှစ်မပြည့်ခင် နောက်မိန်းမ ထပ်ယူတာ များတယ်"

"နင်က စနိုးမင်းသတ္တဝါကြီးကို ချေမှုန်းပြီးရင် ငါတို့ အသမှာ နေမှာလား၊ နင်တို့ မြေပြန့်ကို ပြန်သွားမှာလား"

"ငါက နင့်ကို မြေပြန့်ကို ခေါ်သွားမှာပေါ့၊ ငါ့မှာ ဘနှစ်ပါးရှိသေးတယ်"

"ညီအစ်ကိုမောင်နှမ မရှိဘူးလား"

"ငါက တစ်ဦးတည်းသောသား၊ ငါ အိပ်တော့မယ်၊ နင်လည်း စိတ်ချလက်ချ အိပ်ပေတော့"

လူရဲက အဲလာရှောင်ကို ကျောခိုင်း၍ အိပ်သည်။ မောပန်းနေသည်မို့ အိပ်ပျော်သွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

သည်မနက် လှူရဲ အိပ်ရာမှနိုးလာတော့ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ စကားပြောသံများ၊ လှုပ်ရှားသံများ ကြောင့်သာ အိပ်ရာက နိုးလာရသည်။ အိပ်ယာကမထချင်သေး အဲလာရှောင်က သူ့ဘေးနားမှာမရှိတော့။ လှူရဲသည် အခန်း အပြင်သို့ ထွက်လာခဲ့သည်။

"မင်္ဂလာနံနက်ခင်းပါ သူငယ်ချင်း"

အဒူလေးက မျက်နှာမချိုမချဉ်နှင့် နှုတ်ဆက်သည် လှူရဲက မျက်နှာသွားသစ်သည်။ ထိုနေရာသို့ အဒူလေးလိုက် လာသည်။

"မင်းအတွက် ငါ ဂုဏ်ယူပါတယ် သူငယ်ချင်း"

အဒူလေးက တိုးတိုးပြောသည်။





"ဟာ ... ဒီကောင် ဘာတွေလာပြောနေတာလဲ၊ မင်း ဘာကိုဆိုလိုတယ်ဆိုတာ ငါသိတယ်နော် အဒူလေး၊ ညက ခေါင်ရည်တွေ တအားမူးပြီး ငါ အိပ်ပျော်သွားတာကွ"

"အင်း ... မင်းပြောတော့လည်း မင်းစကားပေါ့"

"ဟင် .. ဒီကောင်တော့ ခက်နေပြီ၊ ငါ တကယ်ပြောနေ တာ၊ ငါက အဲလာရှောင်ကို ညီမလေးလိုပဲ သဘောထားတာ"

"ဒီရွာကလူတွေကတော့ မင်းတို့နှစ်ယောက်ကို အကြင် လင်မယားလို့ သတ်မှတ်လိုက်ကြပြီလေ"

"သူ့ကို ငါက မချစ်မိသေးတာ"

"ဒီလောက်ချစ်စရာကောင်းတဲ့မိန်းကလေးကို မင်းမို့ လို့"

"ငါမေ့သွားတာ၊ မင်းနဲ့ ပေးစားခိုင်းလိုက်ရင်ကောင်း မှာ"

"အဲသလိုသာဆိုရင်တော့ မင်းကို နေ့တိုင်း ဦးချရှိခိုး နေမှာပဲ၊ ကျေးဇူးတင်လွန်းလို့ပါ"

"သွားစမ်းပါကွာ ... လာနောက်နေတယ်"

"မင်းအတွက် ပီတိဖြစ်လွန်းလို့ပါ"

"ဟာ ... ကျွတ်၊ သူ့အဖေနဲ့ သူ့မောင်လေးကြားသွား ရင် မကောင်းဘူး၊ ငါ တကယ်ပြောနေတာ၊ ညက မင်းတောင် ခေါင်ရည်တွေမူးပြီး လူမှန်းသူမှန်းမသိဘဲ လှဲအိပ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား''

''ဟုတ်ပါတယ်ဗျာ''

လူရဲက အဒူလေး၏ပခုံးကို ဖက်ထားရင်း ပြုံးနေ၏။

''အားကိုတို့ ... မနက်စာ စားကြရအောင်''

အဲလာရှောင်က အိမ်ပေါ်မှ လှမ်းခေါ်သည်။ လူရဲနှင့် အဒူလေးက အိမ်ပေါ်သို့ တက်လာသည်။ ဇောထရိန်တို့အိမ်တွင် ဆိတ်များ မွေးမြူထားသဖြင့် မနက်တိုင်း ဆိတ်နို့သောက်ရသည်။ ကောက်ညှင်းထမင်းနှင့် တောင်ဆိတ်ဝမ်းတွင်းသားဟင်းကို မနက်စာအဖြစ် စားသုံးကြသည်။

ထို့နောက် လူရဲက ဇောထရိန်၏တောပစ်သေနတ်ကို ဆေးကြောတိုက်ချွတ်နေသည်။ အဲလာရှောင်က လူရဲ၏အနားတွင် လာ၍ထိုင်သည်။

''အားကို ... နင် အမဲပစ်ထွက်ဦးမလို့လား''

''အမဲကောင်ကိုတွေ့တော့လည်း ပစ်လိုက်တာပေါ့၊ အဓိက,ကတော့ ဇိုဘီနာနေထိုင်တဲ့ကျောက်ဂူနဲ့ နှင်းလူသတ္တဝါကြီးနေတဲ့ ကျောက်ဂူကို လိုက်ရှာမလို့''

''သူတို့က ဟိုးတောနက်ထဲမှာနေတာ ဖြစ်လိမ့်မယ်၊ အန္တရာယ်များပါတယ် အားကိုရယ်''

''ငါ နင်တို့ ထရွှန်းတန်ဒေသကိုလာတာ ဇိုဘီနာက နင်တို့လူမျိုးတွေကို ခြောက်လှန့်ပြီး ဩဇာလွှမ်းမိုးနေတာကို





က်ခိုက်ဖို့ပဲ၊ နင်တို့ဒေသက ရွှေနဲ့ကျောက်မျက်ရတနာတွေ တ်တယ် မဟုတ်လား။ ဇိုဘီနာက အဲဒါတွေကို လက်ဝါးကြီး ပ် သိမ်းပိုက်ချင်နေတာ ငါသိတယ်၊ နင်တို့ ရွာသားတွေ ဖွေတွေ့ရှိသမျှ ရွှေနဲ့ ကျောက်မျက်ရတနာတွေကို ဇိုဘီနာကို အပ်နေရတယ် မဟုတ်လား။ နင်တို့လူမျိုးတွေဟာ ယခင်က မြွေတွေကို အန္တရာယ်ပေးလို့ ကြောက်လန့်ကြတာပဲရှိတယ်၊ ဘီနာရောက်လာတော့မှ မြွေကို အမြတ်တနိုး ကိုးကွယ်နေ ကြတယ် မဟုတ်လား''

''အဲဒီအထဲမှာ ငါတို့မိသားစုတော့ မပါဘူး၊ အဲဒါကြောင့် ဘီနာက ငါတို့မိသားစုကို မကျေနပ်ဘူး''

''ဇိုဘီနာဟာ လူကောင်းတစ်ယောက်မဟုတ်တာတော့ သချာတယ်၊ နင်နဲ့ငါရဲ့ မင်္ဂလာပွဲညက နင့်ကို ဇိုဘီနာက တ်လုံးကျွတ်ထွက်မတတ် စိုက်ကြည့်နေတာ ငါသတိထားမိ ယ်၊ နင်ရဲ့အလှနဲ့ ကိုယ်လုံးဇကိုယ်ပေါက်က တစ်ဖက်သား ဘောကျလောက်တာကိုး''

''ဘာစကားတွေ လျှောက်ပြောနေတာလဲ အားကို၊ ငါ နင့်မယားဖြစ်နေပြီလေ''

''အေး ... ဟုတ်ပါတယ်၊ ဇိုဘီနာက နင့်အပေါ် အာရုံ နေတာကို ငါ သတိပြုမိတဲ့အကြောင်း ပြောပြတာပါ။ ငါ ာထဲမှာ စားသောက်ဖို့ ကောက်ညှင်းထမင်းနဲ့ကျပ်တင်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အသားခြောက် ထည့်ပေးလိုက်ပါ''

''နှင်က တောထဲမှာ ဘယ်နှရက်ကြာမှာလဲ''

''နှစ်ရက် သုံးရက်တည်းပါ''

''နှင် အခုလိုသွားမှာ ငါ့အဖေ သိပြီးပြီလား''

''ဖေထရိန်ကို ငါပြောပြီးမှ ခရီးထွက်တာပါ။ နင့်အမေက ငါ့အစွမ်းအစကို ယုံကြည်တယ်၊ ငါ့သူငယ်ချင်းကို ဂရုတစိုက် ကျွေးမွေးပါ၊ ခေါင်းရည်တွေ သိပ်မသောက်ပါစေနဲ့''

''နှင်ကလည်း အသေအချာမှာထားခဲ့ဦးလေ''

နောက်တစ်နေ့မနက်စောစောတွင် လူရဲက ထရွန်းတန်ဒေသ တောင်ဘက်တောတွင်းထဲသို့ အမဲပစ်ထွက်သည် အသွင်ဖြင့် လာခဲ့သည်။ နှင်းများ တဖွဲဖွဲကျနေသည်။ ရှေ့ကိုက်တစ်ဆယ်အလွန်သို့ သည်းသည်းကွဲကွဲမမြင်ရ၊ သည်ဒေသတွင် နေရောင်ကို မြင်ရသည့်အချိန်က နံနက် (၉) နာရီရှိနေပြီ။

လူရဲသည် ပတ်ဝန်းကျင်မှအသံကို နားစွင့်ရင်း နှင်းတောထဲသို့ တိုးလာသည်။ လူရဲ အိမ်မှထွက်လာစဉ် အိမ်တံခါးပေါက်တွင်ရပ်ရင်း မျက်နှာငယ်လေးနှင့် ကျန်ခဲ့သည့် အဲလာရှောင်၏မျက်နှာလေးကို မြင်ယောင်နေမိသည်။

''အားကို ...သတိဝီရိယ ရှိပါစေနော်''

အဲလာရှောင်က လူရဲကို မှာလိုက်သည့်စကား။ လူရဲသည် အဲလာရှောင်၏ ဂရုစိုက်မှုများကြောင့် အဲလာရှောင်





အပေါ်တွင် သံယောဇဉ်ဖြစ်လာမိသည်။ မိမိသည် ဒေသသို့ သာရောက်သည့် အဓိကရည်ရွယ်ချက်မှာ မနုဿဗေဒကို သုတေသနပြုရန် ဖြစ်သည်။ ဆလန်းဒေါင်း၏တိုက်တွန်းချက်အရ မိမိသည် ပိန်းကူးလူမျိုးစုတို့အပေါ် လွှမ်းမိုးချုပ်ချယ်နေသော နိုင်ငံနာအမည်ရသည့် မင်းသားခေါင်းဆောင်းထားသောသူအား ဘီလူးဖြစ်ကြောင်း ဖော်ထုတ်ပေးရန်နှင့် စရိုက်ကြမ်းတမ်းသော အမျိုးစပ်သတ္တဝါကြီးအား တိုက်ခိုက်ချေမှုန်းရန်ဖြစ်သည်။

လူရဲသည် ခရီးအတော်လှမ်းမိလျှင် အရှေ့မှနေလုံးကြီးထွက်ပေါ်လာသည်ကို မြင်ရသည်။ အချမ်းဓာတ်တို့ ပျောက်သွားသည်။ ရေခဲတောင်များမှ ရေခဲငွေ့များ အထက်သို့ ပျံတက်နေကြသည်။ လူရဲသည် သစ်တောထူထပ်သော တောင်များဆီသို့ ဦးတည်သွားနေသည်။ လမ်းတွင် ခဏသာ နားသည်။

တောင်ထိပ်ပင်များမှ ရေခဲများ ပျော်ဆင်းပြီး စမ်းချောင်းသဖွယ် စီးဆင်းနေသည်။ စမ်းချောင်းရေဖြင့် မျက်နှာသစ်သည်။ ကိုယ်လက်သန့်စင်သည်။ စမ်းချောင်းရေသည် အေးစက်နေ၏။ ညနေစောင်းတွင် တောင်ကမ်းပါးကြီးတစ်ခုသို့ ရောက်သွားသည်။ ဆက်လက်၍ သွားရန်စိတ်မကူး။ တောင်ကမ်းပါးယံသို့ သစ်ကိုင်းများမှီပြီး ရွက်ဖျင်တဲထိုးသည်။ သစ်ကိုင်းခြောက်များ စုဆောင်းပြီး မီးဖိုထားသည်။ နေလုံးပျောက်သည်နှင့် အအေးဓာတ်က ဝင်လာတော့မည်။ အအေးဓာတ်ကို ကာကွယ်နိုင်ရန် ခေါင်ရည်ပြင်းကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျိုက်မော့သောက်သည်။ ဝမ်းထဲတွင် နွေးထွေးသွားသည်။

အမှောင်ထုကြီးစိုးသွားသည်။ ရွက်ဖျင်တဲအောက်သို့ ဝင်ပြီး ညစာစားသည်။ အဲလာရှောင်ကို သတိရနေမိသည်။ မီးဖိုမှ အနွေးဓာတ်ကလေးဖြင့် စောစောစီးစီးပင် အိပ်ရာဝင်ခဲ့သည်။ အေးစက်သောဒဏ်ကြောင့် လူရဲ အိပ်ရာမှနိုးလာသည်။ မီးဖိုထဲသို့ ထင်းခြောက်များ ထပ်ထည့်သည်။ မီးခိုးများ အူထွက်လာသည်။ ခေါင်ရည်ကို မော့သောက်သည်။

မနေ့က တစ်နေ့လုံး ပင်ပန်းထားသော်လည်း ကိုယ်လက်သြောင်းသြာကိုက်ခဲခြင်း မရှိသဖြင့် ဝမ်းသာနေမိသည်။ အလင်းရောင်မြင်ရသည်နှင့် မီးဖိုမှမီးကို ငြိမ်းသက်သည်။ တောင်ကြောလမ်းအတိုင်း ခရီးဆက်လာခဲ့သည်။ လူရဲသည် သွားနေရင်းမှ စကားပြောသံလိုလို ကြားမိသဖြင့် နားစွင့်လိုက်မိသည်။ လူနှစ်ယောက်စကားပြောသွားသည့်အသံသည် သူ့ရှေ့မှဖြစ်ကြောင်း လူရဲတွက်ဆ၍ ရသွားသည်။ တောင်ကြောပေါ်သို့ ခြေသံလုံ့လုံ့ဖြင့် တက်လာခဲ့သည်။

"ဟင်"

ဟိုးအဝေးဆီတွင် လုံ့များကို တမ်းတကာ သွားလာနေသောလူနှစ်ယောက်။ လူရဲက ထိုလူနှစ်ယောက်၏နောက်မှ နောက်ယောင်ခံလိုက်သွားသည်။ အတန်ကြာအောင်သွားမိလျှင် တောတွင်း၌ ကျောက်ဂူကြီးတစ်လုံးကို တွေ့ရ၏။ ကျောက်တောင်ကြီးအတွင်း သဘာဝအလျှောက် ဖြစ်နေသော ကျောက်ဂူကြီး။ ကျောက်ဂူကြီး၏ ဝင်ပေါက်တွင် လူနှစ်ယောက်က ဝါးချွန်ကိုင်၍ တင်းစောင့်နေသည်။ လူရဲရှေ့မှ လုံကိုယ်စီထမ်း၍ သွားနေသော လူနှစ်ယောက်သည် ကျောက်ဂူထဲသို့ ဝင်သွားကြသည်။ လူရဲက ကျောက်ဂူပေါက်ဝနှင့် တည့်သောနေရာမှ ကျောက်ဂူအတွင်းသို့ လှမ်းကြည့်သည်။

"ဟင် . . . ဖိုဘီနာ"

ကျောက်ဂူအတွင်း၌ အလင်းရောင်ကို မြင်ရသည်။ ဖိုဘီနာကို မိန်းကလေးနှစ်ဦးက နှိပ်ပေးနေသည်။ လူရဲသည် ဖိုဘီနာနေသောနေရာကို သိလိုက်ရသဖြင့် ဝမ်းသာသွား၏။ တောင်ကြောပေါ်တွင်ဝပ်၍ သူတို့အခြေအနေကို လှမ်းကြည့်နေသည်။

"ဟော့ကောင် . . . ထစမ်း"

ဂျိုန်းဖော်စကားဖြင့် ပြောလိုက်သည့်အသံကြောင့် လူရဲ သန့်သွားသည်။ ချွန်ထက်သောအရာဖြင့် သူ့လက်မောင်းအိုးကို ထောက်ထားမှန်း နာကျင်မှုကြောင့် သိလိုက်သည်။ လူရဲသည် ဝပ်နေရာမှ ဖြည်းညင်းစွာ ထလိုက်၏။

"မင်း ဘာလုပ်နေတာလဲ"

လူရဲက သူတို့ဘက်သို့ လှည့်လိုက်၏။ ဖိုဘီနာ၏လူယုံတော်နှစ်ဦးမှန်း သိလိုက်သည်။ ထိုလူနှစ်ယောက်က လုံသွားကိုယ်စီကိုင်ထားသည်။







www.burmeseclassic.com

www.burmeseclassic.com



''အမဲပစ်ထွက်လာတာ၊ မောပန်းလို့ မှောက်အိပ်နေတာ''

လူရဲက ဂျိန်းဖောစကားဖြင့် ပြန်လည်ပြောသဖြင့် ထိုသူနှစ်ဦး အံ့ဩသွားသည်။

''လာ ... လိုက်ခဲ့၊ မင်းကို ငါတို့အရှင်ကြီးဆီ ခေါ်သွားရမယ်''

''မလိုက်ဘူးဆိုရင်ကောကွာ''

လူရဲက မြန်မာလိုပြောသည်။ ထိုသူနှစ်ဦးက နားမလည်သဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြသည်။

''မင်း ဘာပြောနေတာလဲ''

''ဒါပြောတာ''

'ခွပ်'

''အင့်''

''အား''

လူရဲ၏တိုက်ကွက်က လျင်မြန်လွန်းလှသည်။ ထိုသူနှစ်ဦး ကြောင်အမ်းအမ်းဖြစ်နေကြစဉ် လူရဲက ဝမ်းဗိုက်ကို ခြေထောက်ဖြင့် ဆောင့်ကန်သည်။ လဲကျသွားစဉ် မျက်နှာသို့ လက်သီး တရစပ်ပစ်သွင်းလိုက်၏။ လူမိုက်နှစ်ဦး ငြိမ်သက်သွားသည်။ လူရဲက လူမိုက်တစ်ဦးစီချင်းထမ်းပြီး လှမ်းအော်လျှင် ဖိုဘီနာတို့မကြားနိုင်သော တောအုပ်ထဲသို့ ခေါ်သွားကာ တစ်





ယောက်စီကို သစ်ပင်တွင် နွယ်ကြိုးများဖြင့် တုပ်နှောင်ထားလိုက်သည်။ ထို့နောက် ဖိုဘီနာကို လှမ်းမြင်ရသည့်နေရာသို့ ပြန်သွားသည်။ ဖိုဘီနာက သည်နေရာသို့လာပြီး စည်းစိမ်ယစ်မူးနေတာ ဖြစ်လားဟု လူရဲ တွေးမိသည်။ အနောက်ဘက်မှ နေလုံးက ကွယ်ပျောက်သွားသည်။ လူရဲသည် အမှောင်ထဲတွင် တိတ်ဆိတ်စွာထိုင်ရင်း ကျောက်ဂူထဲသို့ လှမ်းကြည့်နေသည်။ ကျောက်ဂူထဲတွင် မီးရောင်များဖြင့် လင်းထိန်နေသည်။ ဖိုဘီနာနှင့် သူ၏ အယုံတော်များသည် ခေါင်ရည်သောက် ယစ်မူးနေကြသည်။ လူရဲက အခါအခွင့်စောင့်နေသဖြင့် ညစာစားရန်ပင် မေ့နေသည်။ ဖိုဘီနာတို့မှာ ခေါင်ရည်အတော်မူးနေကြပြီ။ လူရဲ အကြိုက်တွေ့သွားသည်။

လူရဲသည် အခြေအနေကို လေ့လာပြီးသည်နှင့် ကျောက်ဂူကြီးအနီးသို့ ချဉ်းကပ်လာခဲ့သည်။ ကျောက်ဂူဝမှ အစောင့်နှစ်ဦးသည် ဝါးချွန်ကိုကိုင်၍ ငိုက်မျဉ်းနေကြသည်။ လူရဲက အစောင့်တစ်ဦးအနားသို့ တိုးကပ်သွားပြီး လည်ပင်းကို နောက်ပြန်သိုင်းဖက်သည်။ ဝမ်းဗိုက်ဆီသို့ လက်သီးဖြင့် ဆက်ကာ ဆင့်ကာ ထိုးသည်။ အွတ်အွတ်ဆိုသည့်အသံ ပါးစပ်ထဲမှ ထွက်လာပြီး ပျော့ခွေသွားသည်။ နောက်အစောင့်တစ်ဦး၏ခေါင်းကို သေနတ်ဒင်ဖြင့် ထုချလိုက်သည်။

'ခွပ်'



www.burmeseclassic.com

www.burmeseclassic.com



"အ အား အား"

ကျောက်ဂူပေါက်ဝမှာတော့ အန္တရာယ်ကင်းရှင်းသွားပြီ လူရဲက အစောင့်တစ်ဦး၏အဝတ်အစားကို ဝတ်ပြီး ဓါးချွန်ကိုင်လျက် ကျောက်ဂူထဲသို့ ဝင်လာသည်။ ဖိုဘီနာနှင့် လူယုံတော်များသည် ခေါင်းရည်မူးပြီး အိပ်မောကျနေကြသည်။ လူရဲသည် ကျောက်ဂူထဲသို့ ဟိုသည်လိုက်ကြည့်နေမိသည်။

"ဟင်"

ကျောက်ဂူအလယ်မှ ကျောက်ကလပ်ပေါ်တွင် ရွှေဖြင့်ပြုလုပ်ထားသော မြွေရုပ်တုတစ်ခု။ မီးရောင်ဖြင့် ရွှေဝါရောင် တောက်နေသည်။ ရွှေများ၊ ကျောက်မျက်ရတနာများက ကျောက်ကလပ်ပေါ်တွင် စုပုံထားသည်။ မိန်းကူးလူမျိုးများထံမှ ဖိုဘီနာ ခေါင်းပုံဖြတ်ထားသည့် ရတနာတွေ။ လူရဲက ကျောက်ကလပ်ပေါ်မှ မြွေရုပ်တုကိုယူပြီး ကျောက်ဂူအပြင်သို့ ပြန်ထွက်လာခဲ့သည်။ ညတွင်းချင်းပင် ထရွန်းတန်သို့ ခရီးဆက်ခဲ့သည်။ ကောင်းကင်ပေါ်မှ ကြယ်ရောင်များက လူရဲကို များစွာ အကူအညီပေးသည်။ နောက်တစ်နေ့မနက်တွင် ဇောထရိန်တို့ အိမ်သို့ လူရဲ ပြန်ရောက်လာသည်။ လူရဲက ဇောထရိန်ကို အကြောင်းစုံရှင်းပြသည်။ မြွေရုပ်တုကို မြေကြီးထဲတွင် မြှုပ်နှံထားလိုက်သည်။ လူရဲမှာ ခရီးပြင်းနှင်လာရသဖြင့် တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းနေသည်။ အဲလာရှောင်က လူရဲကို နှင်းနှိပ်





ေးသည်။ လူရဲ အိပ်ပျော်သွားသည်။ ဘာမှမကြာလိုက်ပါ။ ဲလာရှောင်က လူရဲကို လှုပ်နှိုးသည်။

"ဘာဖြစ်လို့လဲ အယ်လာ၊ ငါ အိပ်ရေးပျက်လာတယ်၊ ာစ်ကိုယ်လုံး လေးလံနေတယ်"

"နင် အိပ်နေလို့မဖြစ်ဘူး အားကို၊ မောင်းထုသံတွေ င်ကြားတယ်မဟုတ်လား"

"အေး ...ကြားတယ်၊ အဲဒါ ဘာဖြစ်တာလဲ"

"ဖိုဘီနာက အကြောင်းတစ်စုံတစ်ရာရှိလို့ ရွာသားတွေ ကို မောင်းထုခေါ်ပြီး အစည်းအဝေးခေါ်တဲ့သဘောမျိုးပေါ့၊ ာလယ်ကို အဖေသွားပြီ၊ ငါ စမ်းချောင်းထဲကရေကို ခပ်ထား ာယ်၊ နင် လန်းဆန်းသွားအောင် ရေချိုးလိုက်"

လူရဲက သဘောပေါက်သွားသည်။ ရေချိုးပြီးသည်နှင့် ာက်စာစားသည်။ ရွာသားနှစ်ဦး အိမ်ရှေ့သို့ ရောက်လာ၏။

"ဘာကိစ္စရှိလို့လဲ ရွာသား"

အဲလာရှောင်က မျက်နှာခပ်တည်တည်နှင့် မေးသည်။

"ငါတို့အရှင်က နင့်ယောကျ်ားနဲ့သူ့အဖေကို ခေါ်ခိုင်း ိုက်တယ်"

အဲလာရှောင်နှင့်ရွာသားနှစ်ဦးတို့ ပြောဆိုနေချိန်တွင် ူရဲက သားမွေးဂျာကင်ကို ဝတ်လိုက်သည်။ ခါးကြားသို့ ားမြှောင်ထိုးထည့်ထားလိုက်သည်။ ဇောထရိန်က အိမ်ရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။ ဖိုဘီနာ၏လူနှစ်ယောက်ကို အကဲခတ်၏

"လူရဲ ... အဆင်သင့်ဖြစ်ပြီလား။ ငါတို့ သွားကြ
အောင်"

"ဟုတ်ကဲ့ ဦးလေး"

လူရဲနှင့်ဇောထရိန်တို့က လာခေါ်သည့်လူနှစ်ယော
၏နောက်သို့ လိုက်လာသည်။

"အမှုအရာမပျက်စေနဲ့နော် လူရဲ"

"စိတ်ချပါ ဦးလေး၊ ဒီလူကြီး ရှုံးသွားအောင် ကျွန်တော်
ပြောတတ်ပါတယ်"

ဖိုဘီနာက ရွာထဲမှ ဆလိုင်းတစ်ဦးအိမ်မှ စောင့်
သည်။ ဆလိုင်းဆိုသည်မှာ မြန်မာပြည်မှ ဆယ်အိမ်မှူးအဆင့်
သူ ဖြစ်လေသည်။ ကျေးရွာလူကြီးတစ်ဦးဟု ဆိုပါစို့။ ကျေး
လူကြီးက ကျေးရွာတွင်ဖြစ်ပေါ်သော အမှုအခင်း၊ သာရေး
ရေးကိစ္စများကို ဆောင်ရွက်သည်။

ဇောထရိန်၏လူယုံတော်နှစ်ယောက်က ဆလိုင်း၏
ထဲသို့ ဝင်သွားသည်။

"ဘယ်လိုလဲ ခေါ်လာပြီလား"

ဂျိန်းဖောစကားဖြင့် လှမ်းမေးသံကို လူရဲ ကြားလိုက်
မိသည်။

"ခေါ်လာခဲ့ပြီ ... နောက်မှာပါလာတယ်"





ဇောထရိန်က လူရဲ၏လက်ကိုဆွဲပြီး အိမ်ထဲသို့ဝင်
သွားသည်။ ဖိုဘီနာ၏မျက်နှာက ခက်ထန်နေသည်။ ဇောထရိန်
နှင့်လူရဲက ဖိုဘီနာရှေ့တွင် ရပ်နေသည်။

"ဇောထရိန် ... ငါဟာ မင်းတို့လူမျိုးတွေကို စောင့်
ရှောက်ကာကွယ်ဖို့ ရောက်လာတဲ့သူပဲ၊ ငါ့ကို နှင်းလူသတ္တဝါ
ကြီးက စေခိုင်းထားတာပဲ၊ မင်းတို့လူမျိုးတွေဟာ မြွေကို အရှင်
သခင်လို သဘောထားကိုးကွယ်ကြတယ်၊ ငါနေတဲ့ကျောက်ဂူ
ထဲမှာ ရွှေနဲ့ပြုလုပ်ထားတဲ့ မြွေရုပ်ကို ထုလုပ်ထားတယ်၊ မင်းတို့
ကိုးကွယ်တဲ့ အရှင်သခင် နတ်ဘုရားရဲ့ရုပ်တုဟာ မနေ့ညက
ပျောက်ဆုံးသွားတယ်၊ ဒီရုပ်တုကို အလေးအမြတ်ထား ကိုးကွယ်
ထားတာ ကြာပြီ၊ အခုလိုပျောက်ဆုံးသွားတာဟာ မရိုးသားဘူး၊
မင်းဆီကို လာတဲ့ညှော်သည်၊ မင်းသမီးရဲ့ယောကျ်ားနဲ့ သူ့အဖော်
တို့ ဒီဒေသကိုရောက်လာမှ ဖြစ်ရတာဆိုတော့ သူ့ကိုငါ စစ်မေး
ချင်တယ်"

"ဒီမှာ ဖိုဘီနာ ... ငါ့သမက်လူရဲက ငါ့အိမ်မှာပဲနေ
တယ်၊ ဘယ်မှမသွားဘူး။ သင်နေတဲ့ကျောက်ဂူဟာ ဘယ်နေရာ
မှာ ရှိမှန်းလည်း သူ မသိဘူး"

"မြွေနတ်ဘုရားရုပ် ပျောက်ဆုံးသွားတာဟာ မင်းတို့လူ
တွေ ဘေးဒုက္ခရောက်မယ့် အလားအလာပဲ၊ မြွေရုပ်တု ခိုး
သွားတဲ့သူကို ငါကတော့ စုံစမ်းဖော်ထုတ်ရမှာပဲ၊ ညှော်သည်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်လိုနေပါ၊ ငါတို့ဒေသအတွင်းကို မည်သူ့ကိုမဆို လာခွင့် ပေးတယ်၊ ပြန်ခွင့်မပြုတာတော့ အစဉ်အလာပဲ''

''ဗိုဘီနာ ...ကျုပ်ဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုး သင်တို့ကိုးကွယ်တဲ့ နတ်ဘုရားကို ကျုပ်က အယုံအကြည်မရှိဘူး ကိုးကွယ်မှာလည်း မဟုတ်ဘူး''

လူရဲက ဂျိန်းဖောစကားဖြင့် ပြောလိုက်သည်။ ဗိုဘီနာ အံ့ဩသွားပုံရသည်။ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

''အဲသလို ပြောလို့မရဘူး၊ မင်းဟာ ငါတို့ဒေသ ခိန်းကလေးရဲ့ယောက်ျား ဖြစ်သွားပြီ၊ ဒီတော့ မြွေနတ်ဘုရား ကိုးကွယ်ရမယ်၊ ငါတို့ဒေသမှာ နေထိုင်ရင် ငါတို့ရဲ့ ဓလေ့ထုံး ကို လိုက်နာရမယ်''

ဗိုဘီနာ၏အသံက ခက်ထန်နေသည်။ လူရဲက ဘာ ပြန်မဖြေဘဲ ပျက်ရယ်စွာ ပြုံးသည်။

''ဗိုဘီနာ သင် ငါတို့ကိုခေါ်တာ ဒီကိစ္စပြောချင်လို့လား''

''ဟုတ်တယ် ဇောထရိန်၊ မြွေနတ်ဘုရားရုပ်တု ပျောက် ဆုံးသွားမှုကို စနိုးမင်းသိသွားရင် မင်းတို့ရွာကို ရောက်လာ အမှန်ပဲ၊ စနိုးမင်းက အားလုံးကို ဒုက္ခပေးတော့မှာသေချာတယ်''

''ငါတို့ ဘာမှမသိတဲ့ကိစ္စမို့ ဘာလုပ်ပေးရမယ်ဆိုတာ ငါတို့မသိဘူး၊ ငါတို့ ပြန်လို့ရပြီလား''

''ရပါပြီ''





ဇောထရိန်က အိမ်ထဲမှ အလျင်ထွက်လာသည်။ လူရဲက နောက်မှလိုက်လာသည်။ ဗိုဘီနာ၏လူယုံတော်များက လူရဲကို ကြည်သလို ကြည့်နေသည်။

''ငါတို့လူမျိုးတွေအပေါ် လက်ဝါးကြီးအုပ်ရယူထားတဲ့ ရုပ်တုကြီးပျောက်သွားလို့ ဗိုဘီနာ သောကများနေတယ်၊ လူရဲ င်းဟာ ငါထင်တာထက် ပိုတော်နေတယ်၊ အခုတလော အသွား အလာတော့ ဆင်ခြင်ပါ''

''ကျွန်တော်က နှင်းလူသတ္တဝါကြီးကို တွေ့အောင်ရှာ င်နေတယ်''

''အချိန်ကလေးစောင့်ပါ ဦးလူရဲရယ်''

အဲလာရှောင်က အိမ်ပေါက်ဝမှထွက်၍ မျှော်နေသည်။ ာထရိန်က အိမ်ပေါ်သို့တက်သွားသည်။ အဲလာရှောင်သည် ူရဲလက်မောင်းကို လာ၍ဆုပ်ကိုင်ထားသည်။

''ဗိုဘီနာက အားကို့ကို ရန်ရှာမလားလို့ အဲလာ စိုးရိမ် ိုက်ရတာ၊ အားကိုနဲ့အဖေ ပြန်လာတာမြင်ရတော့မှ ရင်ထဲမှာ အေးသွားတယ်''

''အစ်ကိုက အကင်းပါးပြီးသားပါ အဲလာရယ်၊ ဗိုဘီနာ ါသဖြစ်နေတာမြင်ရတော့ အစ်ကို့ရင်ထဲမှာ ကလိကလိန်း ်နေတယ်၊ ဟိုကောင် အဒူလေးကော''

''ထော်မာန်နဲ့ ဆိတ်ကျောင်းလိုက်သွားတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ညက အိပ်ရေးပျက်လာတယ်"

အဲလာရှောင်က လူရဲ၏လက်မောင်းအိုးကို ခေါင်းမှီရင်း လိုက်လာသည်။ အိပ်ခန်းထဲသို့ နှစ်ယောက်သား ဝင်သွားကြသည်။ အဲလာရှောင်သည် လူရဲအပေါ်တွင် သံယောဇဉ်ဖြစ်နေပုံရသည်ဟု လူရဲတွေးမိသည်။ လူရဲကို သားမွေးများ ခြုံပေးသည်။ လူရဲ၏ခြေလက်၊ ကျောကုန်းတို့ကို နှိပ်ပေးသည်။

"ရပါတယ် အဲလာရယ်"

"အဲလာက အားကိုရဲ့မယား ဖြစ်နေပြီပဲ၊ လင်သားကို ပြုစုပေးရမှာပေါ့"

"ငါ့ဘဝက မရေမရာပါဘူး အဲလာရယ်၊ ငါက ဗိုဘီနာနဲ့ နှင်းလူသတ္တဝါကြီးကို တိုက်ခိုက်ဖို့ ဆုံးဖြတ်ထားတဲ့သူ၊ တကယ်လို့များ ငါသေသွားရင် မင်းက မုဆိုးမဘဝရောက်ရမှာ"

"အားကို . . . နင်ရဲ့သတ္တိအစွမ်းအစကို ငါယုံကြည်တယ်၊ နင် ဘာမှမဖြစ်ဘူး၊ နင်၊ တအားပင်ပန်းနေတာ ငါသိတယ်၊ အိပ်ရေးဝအောင်အိပ်လိုက်ဦး"

"အဲလာက သွားပြီး ချက်ပြုတ်တော့မလို့လား"

"မဟုတ်ဘူး၊ ငါလည်း အားကိုအနားမှာ အိပ်တော့မလို့၊ ညက ငါလည်း အားကိုအတွက် စိတ်ပူပြီး အိပ်မပျော်ဘူး"

"အဲလာရယ်"

***



## အခန်း (၇)

လူရဲက အမဲပစ်သွားချင်နေသည်။ စောထရိန်က ခွင့်မပြု။

"ဗိုဘီနာက ဉာဏ်များတယ်၊ မင်း အမဲပစ်သွားတာကို သိရင် သူ့လူယုံတော်တွေကို မင်းနောက်က နောက်ယောင်ခံလိုက်နိုင်းပြီး လုပ်ကြံမှာစိုးလို့"

စောထရိန်က အမဲပစ်ထွက်သွားသည်။ အဒူလေး (ဘမြင့်) က ထော်မာန်နှင့် ဆိတ်ကျောင်းလိုက်သွားသည်။ ထို့ကြောင့် လူရဲနှင့် အဲလာရှောင်နှစ်ယောက်တည်းသာ အိမ်မှာ ကျန်ခဲ့သည်။ နေ့လယ်တွင် အဒူလေးနှင့်ထော်မာန်တို့ ပြန်လာသည်။ လူရဲနှင့်အဲလာရှောင်က မွန်းတည့်ချိန်တွင် စမ်းချောင်းသို့သွားပြီး ရေချိုးသည်။ ရေက အေးစိမ့်နေသည်။ သည်အချိန်



www.burmeseclassic.com

www.burmeseclassic.com



သည့်ဒေသတွင် နေရင့်ချိန်၌သာ ရေချိုးနိုင်သည်။ နေစောင်း လာသည်နှင့် အအေးဓာတ် ဝင်လာသည်မို့ စမ်းချောင်းရေသည် ရေခဲတမျှ အေးစက်နေသည်။

လူရဲက ဖြူဝင်းနေသော အသားအရေနှင့် အလှသွေး ကြွယ်နေသော အဲလာရှောင်ကို ငေးကြည့်နေမိသည်။ အဲလာ ရှောင်က ရှက်ပြီး မျက်နှာကို အောက်သို့ငုံ့သွား၏။

''ဘာလို့စိုက်ကြည့်နေရတာလဲ၊ လူကိုမမြင်ဘူးတာ ကျ နေတာပဲ၊ အဲလာ မနေတတ်ဘူး''

''အဲလာက လှလို့ကြည့်နေတာ''

''မြို့ပေါ်မှာ မြို့ကြီးသူအများကြီးကို အားကို မြင်ဖူး တွေ့ဖူးမှာပေါ့''

''အဲလာက မြို့ကြီးသူတွေထက် ပိုလှတယ်''

''မဟုတ်တာ ပြောရော့မယ်၊ ငါက တောသူပါ အား ရယ်၊ မပြင်တတ် မဆင်တတ်ပါဘူး''

''အဲလာက မပြင်မဆင်ဘဲလှတယ်''

အဲလာရှောင်က လူရဲကျောပြင်မှ ချေးများကို စမ်း ချောင်းထဲမှ ချောမွတ်သောကျောက်တုံးကလေးများဖြင့် ပွတ် တိုက်ပေးသည်။ လူရဲက ဖက်ကလေးပုသွားသည်။

''ဟော့ အားကို ... ဘာဖြစ်တာလဲ''

''ကြက်သီးထသွားလို့''





''အဲဒီကျောက်တုံးလေးတွေက ငါတို့ရဲ့ချေးတွန်းဆပ်ပြာ ပဲ၊ ချေးညှော်စင်တယ်''

''အဲလာကို အစ်ကို ချေးတွန်းပေးမယ်လေ''

''ငါက နင့်လို မညစ်ပတ်ဘူး၊ ဘာချေးညှော်မှမရှိဘူး၊ အားစိမ့်လာပြီ၊ ရေချိုးတက်ကြစို့''

အဲလာရှောင်က မွေးပွတဘက်ကြီးကို မြှုလိုက်သည်။

''ငါ့ကိုကော ပေးမမြှုဘူးလား အဲလာ''

''လာလေ အားကို''

''အဲလာကို အစ်ကိုက တမင်စတာပါ''

လူရဲက အဲလာရှောင်၏ လက်ကလေးကို တယုတယ ကိုင်လာသည်။ လက်က အေးစက်နေသည်။ အဲလာရှောင်က လူရဲ၏မျက်နှာကို မော့ကြည့်သည်။ နှစ်ဦးသား အကြည့်ချင်း ဆုံတော့ ရယ်မောမိကြသည်။

အိပ်ခန်းထဲသို့ရောက်လျှင် အဲလာရှောင်က လူရဲ၏ ကျောပြင်ပေါ်မှ ရေစက်များကို မွေးပွတဘက်ဖြင့် သုတ်ပေး သည်။ အဲလာရှောင်၏ပင်ကိုယ်အလှများကို လူရဲ နေ့စဉ်နှင့် အမျှ မြင်တွေ့နေရသဖြင့် ရင်ခုန်လာမိသည်။ အဲလာရှောင်၏ ကိုယ်လုံးလေးကို နောက်မှသိုင်းဖက်လိုက်သည်။

''အို''

''ချစ်တယ် အဲလာရယ်၊ နင့်ကို ငါချစ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"အဲလာက အားကိုရဲ့မယားပဲ"

လူရဲက အဲလာရှောင်၏ ပါးကလေးကို နမ်းသည်။ အဲလာရှောင်က ကိုယ်ကို လှည့်လိုက်သည်။ လူရဲကို ပြန်ဖက်သည်။ တစ်ဦး၏ရင်ခုန်သံကို တစ်ဦးက သိသွားကြသည်။

"ငါတို့ သေတပန် သက်တစ်ဆုံး ပေါင်းဖက်ကြမယ်နော်"

အဲလာရှောင်က ခေါင်းညိတ်သည်။ လူရဲက သားမွေးသားရေကြိုးကို ဖြုတ်လိုက်သည်။ အဲလာရှောင်ကို ပွေ့ချီလိုက်သည်။ အဲလာရှောင်က လူရဲ၏လည်ပင်းကို သိုင်းဖက်ထားသည်။ အိပ်ခန်းထဲတွင် ရယ်မောသံများသာ ကြားရတော့သည်။ အိမ်နှင့် မနီးမဝေးရှိ စမ်းချောင်းလေးသည် တသွင်သွင်စီးဆင်းနေသဲ။

"ဟဲ့ အဲလာ ... ငါတို့ကို နေ့လယ်စာကျွေးဖို့ မစဉ်းစားတော့ဘူးလား"

ထော်မာန်က အိမ်ရှေ့မှ လှမ်းအော်သည်။ အဲလာရှောင်က ရှက်ကိုးရှက်ကန်းမျက်နှာနှင့် အိပ်ခန်းထဲမှ ထွက်လာသည်။ နေ့လယ်စာကို ကမန်းကတန်း ပြင်ပေးသည်။

"ထော်မာန် ... ထမင်းစားလို့ရပြီ"

"တော်ပါသေးရဲ့၊ ငါတို့နှစ်ယောက်ကို မေ့မထားသေးလို့။ လာ အဒူလေး ... ငါတို့ထမင်းသွားစားရအောင်"

လေးဦးသား နေ့လယ်စာစားကြသည်။ အဲလာရှောင်၏





မျက်နှာက မလုံမလဲဖြစ်နေသည်။ လူရဲက အမူအရာမပျက်ရန် အဲလာရှောင်ကို မျက်ရိပ်ပြသည်။

"အဖေ တောထဲကပြန်လာရင် ဘာတောကောင်သား စားရဦးမလဲ မသိဘူး"

ထော်မာန်က ပြောသည်။

"ဦးလေးက အသက်အရွယ်ရလာပြီ။ တောထဲကို တစ်ယောက်တည်း အမဲပစ်သွားဖို့ မကောင်းတော့ဘူး"

"ငါ အမဲပစ်သွားပါရစေဆိုတော့လည်း အဖေက စိတ်ချဘူး"

"နင်က တောထဲအမဲပစ်သွားရင် သုံးခါသွားမှ တစ်ခါလောက် သားကောင်ရဖူးတာဆိုတော့ အဖေက ဘယ်စိတ်ချလဲ"

ထော်မာန် မကျေမနပ်ဖြစ်သွားသည်။ အဲလာရှောင်က ရယ်နေသည်။

"နောက်ဆိုရင် ငါပဲ အမဲပစ်ထွက်မယ်"

လူရဲက ပြောသည်။ အဲလာရှောင် မျက်နှာညိုးကျသွားသည်။

နေ့လယ်စာစားပြီးသည်နှင့် လူရဲ၊ အဒူလေး၊ ထော်မာန်တို့က တောစပ်သို့ သစ်ဝါးခုတ်ကြသည်။ သည်နယ် သည်အသတွင် ထင်းကို ချက်ပြုတ်ရန်အတွက်သာမဟုတ် ညဘက်



www.burmeseclassic.com

အအေးခံတော်ကာကွယ်ရန် အိမ်အတွင်း၌ မီးဖိုထားရန်အတွက်လည်း စုဆောင်းထားရသည်။ ညနေ နေဝင်ခါနီးအချိန်မှ ထင်းစည်းကို ကိုယ်စီထမ်းကာ သူတို့ပြန်လာကြသည်။

"အဖေ တောထဲကပြန်မလာသေးဘူး အားကို၊ အရင်ဆိုရင် အဖေ ပြန်ရောက်နေပြီ"

အဲလာရှောင်က ခြံဝမှဆီး၍ ပြောသည်။

"အေး ... ဟုတ်တယ်နော်၊ ဒီနေ့ အဖေ နောက်ကျလိုက်တာ"

"တောထဲမှာ ဦးလေး အန္တရာယ်တစ်စုံတစ်ရာနဲ့ တွေ့ကြုံနေလို့များလား၊ ဖိုဘီနာက သူ့ရဲ့မြွေရုပ်တု ပျောက်ဆုံးသွားတာနဲ့ပတ်သက်ပြီး ငါတို့ကို ကျေနပ်တာမဟုတ်ဘူး။ ဦးလေးအမဲပစ်ထွက်သွားတာကို ဖိုဘီနာရဲ့လူယုံတော်တွေက နောက်ယောင်ခံ လိုက်သွားပြီး ဒုက္ခပေးရင် ... ဟင်း"

လူရဲက ခေါင်းကို ဘယ်ညာခါယမ်းရင်း ပြောသည်။

"အားကို ... အဖေ့အတွက် ငါစိုးရိမ်နေမိတယ်"

လူရဲက အိမ်ပေါ်သို့ ပြေးတက်သွားသည်။ အမဲပစ်သေနတ်နှင့် ဓားမြှောင်ကိုယူပြီး အဲလာရှောင်တို့အနားသို့ ပြန်လာသည်။

"အချိန်မရှိတော့မှ ဘာလုပ်မလို့လဲ အားကို"

"ငါ ဦးလေးနောက်ကို လိုက်သွားမယ်၊ ဘာမှစိတ်မပူနဲ့"





အဲလာရှောင်က ကျပ်တင်ထားသည့် အသားခြောက်များကို ပလိုင်းတစ်ခုနှင့် ထည့်ပေးသည်။

"ကဲ ... ငါသွားမယ်"

လူရဲသည် အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။

✳

လူရဲက ကောင်းကင်မှ ကြယ်ရောင်အားကိုးဖြင့် ခရီးဆက်ခဲ့သည်။ ဖောထရိန်ကဲ့သို့ တောကျွမ်းသောမုဆိုးက မျက်စိလည်လမ်းမှားသည်ဆိုသည်မှာ တစ်ခါတလေသာ ဖြစ်နိုင်သည်။ အခါခါတိုင်းတော့ မဖြစ်နိုင်။ ယခုလိုအချိန်တန်လျက် အိမ်သို့ပြန်မလာခြင်းသည် တစ်စုံတစ်ခုသောအကြောင်းနှင့် တွေ့ကြုံနေရ၍သာ ဖြစ်မည်ဟု လူရဲ တွက်ဆသည်။ ဖိုဘီနာက ဖောထရိန်နှင့်လူရဲကို သက်ာမကင်းဖြစ်နေကြောင်း ဖိုဘီနာကို သွားရောက်တွေ့ဆုံရသည့်နေ့ရကတည်းက လူရဲ သိနေသည်။ လူရဲက ဖိုဘီနာ၏ရှေ့တွင် အမှုအရာမပျက်နေဖြစ်သည်။

ခရီးအတော်အတန် ပေါက်ရောက်လာသည်။ နောက်မှ ခြေသံကြားသဖြင့် လူရဲက အကာအကွယ်တစ်ခုတွင် ပုန်းနေလိုက်သည်။ အမှောင်ထဲတွင် လျှောက်လာသူ၏အသွင်အပြင်ကို ချက်ချင်းသိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



''ထော်မာန်''

ထော်မာန်က လေချွန်၍အသံပြုသည်။ လူရဲက အကာအကွယ်ကြားမှ ထွက်လာခဲ့သည်။

''ဘာလို့လိုက်လာတာလဲ ထော်မာန်ရယ်''

''နင့်မယားက နင့်ကို တစ်ယောက်တည်းမို့ ငါ့ကို လိုက်ခိုင်းလိုက်တာ''

''ဪ''

''ငါ့အဖေအတွက် ငါလည်း စိတ်ပူနေမိတယ် လူရဲ၊ အဖေက တောကျွမ်းပြီးသားမှဆိုး။ ဗိုဘီနာလုပ်ကြံလို့ ငါ့အဖေ သေရမယ်ဆိုရင်တော့ ဗိုဘီနာကို ငါ အပြတ်ရှင်းမယ်''

''ဒါသကို ရှေ့မထားပါနဲ့ဦး ထော်မာန်၊ ဘာကြောင့် ဦးလေး အိမ်အပြန်နောက်ကျရသလဲဆိုတာ ငါတို့မှ အတိအကျ မသိရသေးတာပဲ၊ ဗိုဘီနာရဲ့လုပ်ကြံမှုဆိုရင်တော့ ဗိုဘီနာကို အပြတ်ရှင်းရတာ ဘာမှမခဲယဥ်းပါဘူး။ ဗိုဘီနာနေတဲ့ ကျောက်ဂူကို ငါသိပါတယ်၊ ဗိုဘီနာရဲ့ မင်းတို့လူမျိုးတွေအပေါ် ခြောက်လှန့်ပြီး သြဇာပေးနေမှုကိုလည်း ငါက တိုက်ခိုက်ချင်နေတာပါ''

လူရဲနှင့်ထော်မာန်သည် ခရီးဆက်ရင်း စကားပြောလာကြသည်။

''ညဦးနက်ရင် အအေးဓာတ်က ပိုလာမယ်၊ ငါတို့ တစ်နေရာမှာ စခန်းချရင်ကောင်းမယ် လူရဲ''





''အဲဒါ ငါလည်း စဉ်းစားနေတာ''

''ဟို တောင်ကုန်းဘေးမှာ စခန်းချကြမယ်''

ထော်မာန်က ကျောက်တောင်ပေါ်တွင် တွယ်ကပ်ပေါက်နေသော သစ်ပင်များကို ခုတ်သည်။ လူရဲက သစ်ကိုင်းခြောက်များဖြင့် မီးဖိုသည်။ အဲလာရှောင်ထည့်ပေးလိုက်သော ကျပ်တင်အသားခြောက်များကို မီးကင်၍ စားကြသည်။ အအေးဓာတ်ပိုလာသဖြင့် မီးဖိုဘေးမှာပင် ငိုက်မျဉ်းနေကြသည်။ ထိုစဉ် သစ်ရွက်ခြောက်များကို ကြမ်းကြမ်းတမ်းတမ်းနင်းလာသည့် ခြေသံကို ကြားမိသဖြင့် လူရဲက နားစွင့်ထားလိုက်သည်။ ခြေသံက ရပ်သွားလိုက် ပေါ်လာလိုက်နှင့် ဖြစ်သည်။

''ထော်မာန် . . . ခြေသံကြားသလား၊ ကျားသစ်ခြေသံဟုတ်တာတော့ သေချာတယ်၊ ဆင်လို ဖွတ်တိုးနင်းလာတဲ့ ခြေသံမျိုးကွ၊ ဆင်ဆိုတဲ့သတ္တဝါက ဒီလို တစ်ကောင်တည်း သွားလာဘူး။ အုပ်စုလိုက်သွားလာတာကွ''

လူရဲက အမဲပစ်သေနတ်ကို မောင်းတင်ထားလိုက်သည်။ ထော်မာန်က တစ်လုံးထိုးမိုန်းကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး အသံကြားရာဆီသို့ အာရုံပြုထားသည်။

''ယီး''

အော်သံကြီးကို ကြားလိုက်ရသည်။ တောင်ဘက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောဘက်သို့ ဆင်းသွားသည်။ လူရဲက တောင်ကြောပေါ်သို့ တက်၍ကြည့်သည်။ မည်းမည်းသဏ္ဌာန်ကြီးကိုသာ ဝေ့ဝေ့ဝါးဝါး လှမ်းမြင်ရသည်။

"သတ္တဝါတစ်ကောင်လို့ ငါယူဆမိတယ် ထော်မာန် လူ့ခန္ဓာကိုယ်ထက် ကြီးမားတယ်၊ အရပ်လည်းမြင့်တယ်၊ သွားလာပုံက လူဝံတစ်ကောင်လိုပဲ"

"လူဝံသတ္တဝါများလား လူရဲ"

"ပီပီပြင်ပြင် မမြင်ရတော့ အတိအကျပြောဖို့ ခက်နေတယ်၊ ငါတို့နဲ့ ရင်ဆိုင်တိုးရင် သိပ်ကောင်းမှာကွာ"

လူရဲတို့နှစ်ဦးသား မီးဖိုဘေးတွင် ထိုင်၍ ငိုက်မျဉ်းနေကြပြန်သည်။ ညဉ့်နက်ချိန်တွင် နှင်းများ တဖွဲဖွဲကျလာသည်။

"တောက် ... အခုအချိန်မှာ ခေါင်ရည်သောက်လိုက်ရရင်တော့ ဖိမ်ပဲ၊ ငါက ယူလာမလို့ နင့်မယားက အတင်းသွားခိုင်းတာနဲ့ မယူလာဖြစ်တော့တာ"

"မပြောနဲ့ကွာ၊ အဲသလို မင်းပြောတော့ မင်းအစ်မကို ငါသတိရတယ်"

ထော်မာန်က ဂျိန်းဖောလိုဆဲသည်။

"ထော်မာန် ... အဲဒီစကား ငါနားလည်တယ်နော်"

"မင်းက သူ့မောင်ကို မျက်စိရှေ့မှာထားပြီး ပြောတာကိုး"





"လှဲအိပ်လို့လည်း မရ၊ ဝုတ်တုတ်ကြီး ထိုင်ငိုက်နေရတာ နှင်းလို့ပါ ယောက်ဖရာ"

ထိုသို့ ထိုင်ငိုက်မျဉ်းကြရင်း အလင်းရောင်လေးသန်းလာသည်။ လူရဲနှင့်ထော်မာန်က ဟိုသည်ကြည့်ရှုရင်း ခရီးဆက်ခဲ့ကြသည်။ တောအုပ်တစ်ခုထဲမှ ငှက်များ ထပျံသွားသည်ကို လူရဲ မြင်လိုက်မိသည်။

"ထော်မာန် ... ဟိုးတောအုပ်ထဲကငှက်တွေ အလန့်တကြား ထပျံသွားတာ မင်းမြင်လိုက်တယ် မဟုတ်လား၊ ငှက်တွေဟာ အဲသလို ထပျံရိုးထုံးစံမရှိဘူး၊ အကြောင်းတစ်စုံတစ်ရာရှိတာ သေချာတယ်၊ ငါတို့ အဲဒီတောအုပ်ဘက် သွားရအောင်"

လူရဲကဦးဆောင်၍ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းသွားသည်။ တောအုပ်ထဲသို့ ဝင်လာကြသည်။ တောအုပ် တစ်နေရာတွင် သွေးစက်များကို မြင်တွေ့လိုက်ရသည်။

"ဒါ ဒါ လူသွေးတွေပဲ ထော်မာန်"

"အေး ... ဟုတ်တယ် လူရဲ"

တောလမ်းထဲတွင် ဒရွတ်တိုက်ဆွဲသွားသည့် ဆွတ်ကြောင်းရာတစ်ခုကို တွေ့ရသည်။ ဆွတ်ကြောင်းရာတစ်လျှောက်တွင် သွေးစက်များကို တွေ့ရသည်။

"ဟင် ... ဟိုမှာ အဖေ့ဓေသနတ်"

နောက်မှလိုက်လာသည့် ထော်မာန်က တောအုပ်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကို ပြေးကောက်သည်။ လူရဲက ဆွတ်ကြောင်နေ နောက်သို့ပြေးလိုက်သွားသည်။

"ဟာ"

လူရဲ၏ ပြေးနေသောခြေလှမ်းများ ရပ်တန့်သွားသည်။ တွေ့ပါပြီ။ တစ်ကိုယ်လုံးတွင် ကုတ်ခြစ်ရာများနှင့် ဝိညာဉ်ကင်း မဲ့နေသော ဇောထရိန်ကို တွေ့ရပါသည်။ တစ်ကိုယ်လုံးသည် ဓားဖြင့် အမွှမ်းခံထားရသည့်နှယ် အသားစများ လန်ထွက်နေ သည်။

"ထော်မာန် ... ဇောထရိန် အ အလောင်းတွေပြီ"

"ဟင်"

ထော်မာန် အနားသို့ရောက်လာသည်။ သူ့အဖေ၏မှု မလှ အလောင်းကိုကြည့်ပြီး အံကိုတင်းတင်းကြိတ်ထားသည်။

"ငါ့အဖေကို"

"သားကောင်က အန္တရာယ်ပြုတာမဖြစ်နိုင်ဘူး။ ညက ငါတို့တောတိုးသံကြားတယ်၊ မည်းမည်းအကောင်ကြီးကိုလည်း ငါမြင်လိုက်ရတယ်၊ ဇောထရိန် သေဆုံးနေတယ်၊ အားလုံးကို ဆက်စပ်တွေးကြည့်ရင် ဇောထရိန်ကို လူဝံသတ္တဝါက လက်ဦးမှု ရသွားတာလို့ ငါထင်တယ်"

"အဲဒီသတ္တဝါကြီးကို ငါရှာပြီးသတ်မယ် သတ်မယ်"

"လောလောဆယ်တော့မဖြစ်နိုင်သေးဘူး ထော်မာန်





ဒီသတ္တဝါကြီး သွားလာကျက်စားတဲ့နေရာကို ငါတို့သိသွားပြီပဲ၊ မင်းအဖေရဲ့အလောင်းကို ရှာပြန်သယ်ရဦးမယ် မဟုတ်လား"

ထော်မာန်၏ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်တွေပြည့် နေသည်။ လူရဲက အမဲပစ်သေနတ်ကို ထော်မာန်ထံသို့ လှမ်း ပေးသည်။ မွေးပွသားရေဂျာကင်ကိုချွတ်ပြီး ထော်မာန်ပခုံးပေါ်သို့ တင်ပေးသည်။ ထို့နောက် သွေးအလိမ်းလိမ်းနှင့် ဇောထရိန်၏ အလောင်းကို ပခုံးပေါ်သို့ ထမ်းတင်သည်။

"ငါ့စကားကို နားထောင်ပါ ထော်မာန်၊ ရှေ့ကသွားပါ။ ဇောထရိန်ရဲ့အလောင်းကို မင်းအစ်မအဲလာတွေ့ရင် ပိုပြီး စိတ်ထိ ခိုက်မယ်၊ ယူကျုံးမရဖြစ်မယ်၊ ငါလည်း စိတ်မကောင်းဘူး၊ သွားပါ ... ထော်မာန်"

"တောက်"

ထော်မာန်က တောက်တစ်ချက်ခေါက်သည်။ ထော်မာန် ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။ ရှိုက်သံသဲ့သဲ့ ကြားရသည်။ ဇောထရိန်၏ခန္ဓာကိုယ်မှထွက်နေသော သွေးများ က လူရဲကိုယ်ပေါ်သို့ အဆက်မပြတ် စီးကျနေသည်။ ထော် မာန်သည် သူ့အဖေအလောင်းကို လှည့်ကြည့် လှည့်ကြည့်နှင့် သွားနေသည်။ လူရဲ၏စိတ်ထဲမှလည်း မကျေမနပ်ဖြစ်နေမိသည်။

"တကယ်တော့ ဇောထရိန်ဟာ ငါတစ်စုံတစ်ခုဖြစ်မှာ စိုးလို့ သူသွားတာ၊ အခုတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွင် ခဏနားကြသည်။ ကျောက်တောင်ပေါ်မှ စီးဆင်းနေသော စမ်းချောင်းတွင် လူရဲက ရေချိုးသည်။

''ငါ့အဖေအလောင်းကို ငါတစ်လှည့်ထမ်းဦးမယ် လူရဲ''

''မထမ်းပါနဲ့ ထော်မာန်ရယ်၊ ငါ မပင်ပန်းပါဘူး။ နင်ပဲ စလုံး ပေကျံနုံကုန်မှာပေါ့။ မင်း စိတ်ပင်ပန်းနေတယ်၊ စိတ်ကို လျှော့ချလိုက်ပါ ထော်မာန်။ ဒီသတ္တဝါကြီးရှိတာ သေချာသွား ဆိုတော့ သူ့ကို တွေ့အောင်ရှာဖို့ မခဲယဉ်းတော့ပါဘူး''

လူရဲက ဖောထရိန်အလောင်းကို ထမ်းပြီး ရှေ့မှသွားသည်။ ထော်မာန်က တောက်တစ်ခေါက်ခေါက်နှင့် လိုက်လာသည်။ ရွာသို့ နေဝင်ခါနီးအချိန်တွင် ရောက်လာသည်။ ရွာသားများက ဖောထရိန်အလောင်းကို လိုက်ကြည့်သည်။

''နတ်ဘုရားက ဒဏ်ခတ်လိုက်တာ''

ရွာသားအချင်းချင်း ကျိန်းဖောစကားဖြင့် ပြောနေကြသည်။ ဖိုဘီနာအား အထင်ကြီးလေးစားသူများက ဖိုဘီနာထံသို့ သွားရောက်သတင်းပို့ကြသည်။

''လူရဲ . . ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ အဖေ့အလောင်းကို အဲလာမြင်သွားရင် ကြောက်လန့်သွားလိမ့်မယ်၊ ဒီတော့ ဒီရွာလယ်မှာပဲ ထားခဲ့မယ်၊ အဲလာကို အကျိုးအကြောင်းပဲ ပြောပြကြမယ်၊ မနက်ဖြန်ကျတော့မှ အဖေ့အလောင်းကို ဆလိုင်းတွေ (ဆဲယ်အိမ်မှူး) က သင်္ဂြိုဟ်ဖို့ စီစဉ်ပေးလိမ့်မယ်''





လူရဲက ဖောထရိန်၏အလောင်းကို အောက်သို့ ဖြည်းညင်းစွာချသည်။ ထော်မာန်က နီးစပ်ရာမှ သစ်ဝါးများခုတ်ပြီး လေးတိုင်စင်ဆောက်သည်။ ဖောထရိန်၏အလောင်းကို လေးတိုင်စင်ပေါ်တွင် တင်ထားခဲ့သည်။ ထို့နောက် အိမ်သို့ပြန်လာခဲ့သည်။ ခွေးဟောင်သံကြောင့် အဒူလေးက အိမ်ရှေ့သို့ထွက်ကြည့်သည်။

''လူရဲတို့ ပြန်လာကြပြီ''

အဲလာရှောင်က မီးခွက်ကိုကိုင်၍ ထွက်လာသည်။

''ဟင် အားကို . . . ဘယ်လိုဖြစ်လာတာလဲ။ တစ်ကိုယ်လုံးမှာလည်း သွေးတွေပေကျံလို့။ အဖေ့ကို တွေ့မလာဘူးလား''

အဲလာရှောင်က လူရဲမျက်နှာကို အကဲခတ်ရင်းမေးသည်။

''ငါဖြေပြပါ့မယ် အဲလာရယ်၊ လောလောဆယ် ငါ့ခန္ဓာကိုယ်မှာ ပေကျံနေတဲ့ အညစ်အကြေးတွေကို သန့်ရှင်းသွားအောင် လုပ်ချင်တယ်''

အဲလာရှောင်က ရေအေးနှင့်ရေနွေးစပ်ပေးသည်။ လူရဲက အမြန်ရေချိုးသည်။ သို့ပေမယ့် ခန္ဓာကိုယ်မှ သွေးညှီနံ့များက မပျောက်။ အဲလာရှောင်က ရေပတ်တိုက်ပေးသည်။

''အဖေ့ကိုရှာမတွေ့ဘဲနဲ့ နင်တို့ ဘာလို့ပြန်လာရတာလဲ''

ထော်မာန်က ခေါင်းငုံ့၍ပြောသည်။ မဖြစ်ဘူး၊ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ဆိုသည့်သဘော။

"အဲလာ ... နင့်စိတ်ကို ထိန်းထားနော်၊ နင့်အဖေ ဇောထရိန် သားကောင်က ကိုက်သတ်သွားလား၊ ကုတ်ခြစ်သွား တာလား မသိဘူး ... သေသွားပြီ၊ အဲဒီအလောင်းကို ငါထမ်း လာခဲ့ရတာ"

"ဟင်"

အဲလာရှောင် မျက်လုံးများ ပြူးကျယ်သွားသည်။

"ထော်မာန် ... ငါတို့အဖေသေပြီ"

အဲလာရှောင်က လူရဲကို ဖက်ပြီးငိုသည်။

"အခု အဖေက ဘယ်မှာလဲ"

"တစ်ကိုယ်လုံး အသားတစ်တွေထွက်ပြီး မမြင်ရက်စရာ ပဲ၊ မကြည့်ချင်ပါနဲ့ အဲလာရယ်၊ နင် သွေးပျက်သွားလိမ့်မယ် မနက်ဖြန်ကျတော့မှ ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်တာပေါ့၊ ဖြစ် ချိန်တန်လို့ ဖြစ်ရတာယ်ပဲ သဘောထားပြီး ကိုယ့်စိတ်ကိုယ်ဖြေ သိမ့်ပါ"

အဲလာရှောင်က အိပ်ခန်းထဲသို့သွားပြီး ငိုနေသည်။ လူရဲ အဒူလေးနှင့် ထော်မာန်တို့က ခေါင်ရည်သောက်သည်။ တမင်မူးသွားအောင် သောက်ခြင်းဖြစ်သည်။

နောက်တစ်နေ့မနက်တွင် ထော်မာန်က သူ့အဖေ အလောင်းကို စောင်ဖြင့်ပတ်ထားသည်။ မြင်ရ တွေ့ရသည်မှာ





င်ထဲတွင် မချမ်းမြေ့သောကြောင့်ဖြစ်သည်။ ဂျိန်းဖောလူမျိုးများ သည် ၎င်းတို့သေဆုံးသွားသောအခါ ၎င်းတို့၏ဝိညာဉ်များမှာ းအဘိုးအဘွားများ၏ဝိညာဉ်များရှိရာသို့ သွားရောက်ပူးပေါင်း ကြသည်ဟု အယူဝါဒရှိကြသည်။ သူတို့၏သင်္ချိုင်းပတ်လည်တွင် ျုံးသဖွယ် မြောင်းများ တူးထားသည်။ သင်္ချိုင်းပေါ်တွင် နိုင်ခန့် သော တင်းကုပ်များ ဆောက်လုပ်ပြီး အမိုးများမိုး၍ ထားတတ် ကြသည်။ ဂျိန်းဖောတစ်ဦးသေဆုံးသွားလျှင် ၎င်းနေ့စဉ်အသုံးပြု သော ဓား၊ လုံ၊ သေနတ်၊ အဝတ်အထည်များကို ၎င်းနှင့်အတူ မြှုပ်နှံပစ်ကြလေသည်။

ဇိုဘီနာက သူ၏လူယုံတော်များနှင့် ရွာသို့ရောက်လာ သည်။ ဇောထရိန်သေဆုံးသွားရမှုကို အားရကျေနပ်နေပုံရသည်။ လူရဲက မျက်နှာကို တင်မာထားသည်။ ထော်မာန်က ဇိုဘီနာ၏ အသွင်အပြင်ကိုကြည့်ပြီး ဒေါသဖြစ်နေသည်။

"အဲလာ ... နင်တို့ရဲ့လေ့ထုံးစအရ သေသူနဲ့အတူ သေသူ အသုံးပြုခဲ့တဲ့ပစ္စည်းတွေကို မြေမြှုပ်သင်္ဂြိုဟ်တဲ့ အလေ့ အထကို ငါ ဘာမှမပြောလိုပါဘူး၊ ဒါပေမဲ့ တောပစ်သေနတ်ကို တော့ မထည့်စေချင်ဘူး။ ထော်မာန်ရဲ့သဘောထားကကော"

"ငါ့အဖေတစ်ယောက်လုံး ဆုံးရှုံးခဲ့ရပြီးပြီပဲ၊ တောပစ် သေနတ်လည်း မနှမြောတော့ပါဘူး"

"မဟုတ်သေးဘူ ထော်မာန်၊ ဇောထရိန် သေဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



လို့ ငါတို့ရည်ရွယ်ချက် ပျက်သွားမှာမဟုတ်ဘူး၊ ဗိုဘီနာနဲ့ လူ့ သတ္တဝါကြီးကို ငါတို့ အပြတ်ချေမှုန်းစရာရှိသေးတယ်၊ ဒီတော့ ငါတို့မှာ လက်နက်လိုတယ်''

''မင်းသဘောပဲ လူရဲရယ်''

''အဲလာသဘောကိုလည်း ပြောဦးလေ''

''ငါ့ရင်ထဲမှာ တင်းကျပ်စွာ ခံစားနေရလို့ ဘာမှမပြော ချင်ဘူး အားကို''

လူရဲက တောပစ်သေနတ်ကို ဇုက်ထားလိုက်သည်။ ထို့နောက် လူရဲ၊ အဒူလေး၊ ထော်မာန်၊ အဲလာရှောင်တို့က ဇောထရိန်၏အလောင်းကိုသင်္ဂြိုဟ်ရန် ရွာလယ်တွင် စုဝေးရောက် ရှိနေသော ရွာသားများရှေ့တွင် လာ၍ရပ်နေကြသည်။ ဆလိုင်း တစ်ဦးက သူတို့ဘာသာစကားဖြင့် ဇောထရိန်၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်တော့မည့်အကြောင်း ဗိုဘီနာကို ပြောပြသည်။

''ရွာသူရွာသားအပေါင်းတို့ . . . ဇောထရိန်ဟာ သင်တို့ ကိုးကွယ်နေတဲ့ နတ်ဘုရားကို စော်ကားလို့ နတ်ဘုရားက ဒဏ် ခတ်လိုက်တာပဲ''

ဗိုဘီနာက လက်နှစ်ဖက်ကို ဆန့်တန်းထားရင်း ပြော သည်။

''ဗိုဘီနာရဲ့စကားကို ကျုပ် ကန့်ကွက်တယ်၊ ဇောထရိန် ဟာ တောထဲကို အမဲပစ်သွားရင်း သတ္တဝါတစ်ကောင်ရဲ့တိုက် ခိုက်ခြင်းကိုခံရတယ်၊ မိသားစုစားဖို့ အမဲပစ်သွားတာဟာ နတ် ဘုရားကို စော်ကားတာလား၊ အဲသလိုဆိုရင် ရွာသူရွာသား အပေါင်းတို့ ကိုးကွယ်နေတဲ့ နတ်ဘုရား မြေရှုပ်ပျောက်ဆုံးသွား တာကို မသိလိုက်တဲ့ ဗိုဘီနာကျတော့ နတ်ဘုရားကို စော်ကား ရာ မကျဘူးလား''

''ညီ့သည်ယောကျ်ား . . သင်ဟာ ငါတို့အရပ်ဒေသကို နေ့တစ်နေ့ကမှ ရောက်ရှိလာတဲ့သူပါ၊ ငါတို့ဓလေ့ထုံးစံကို ဘာမှ သိပါဘူး။ ငြိမ်ငြိမ်သာနေပါ။ ဟေ့ ဆလိုင်း . . သေသူကို သင်္ဂြိုဟ် တော့မယ်ဆိုတော့ သေသူသုံးစွဲတဲ့ပစ္စည်း အစုံအလင်ပါပြီလား''

''ဇောထရိန်အမြဲကိုင်တဲ့ အမဲပစ်သေနတ် မပါသေးဘူး'' ဆလိုင်းတစ်ဦးက ပြောသည်။

''အမဲပစ်သေနတ်ကို မြေမြှုပ်တဲ့အထဲ ထည့်ရမယ်''

''မထည့်နိုင်ဘူး ဗိုဘီနာ၊ ကျုပ်ဟာ ဇောထရိန်ရဲ့ သမက်၊ ကျုပ်မိသားစုစားဖို့ တောပစ်ထွက်ရမယ်''

''ဓလေ့ထုံးစံကိုမဖျောက်ဖျက်ပါနဲ့ ညီ့သည်ယောကျ်ား။ သင့်ကို နတ်ဘုရားက ဒဏ်ခတ်တာ သင်ခံရလိမ့်မယ်''

''ကိစ္စမရှိပါဘူး၊ ကျုပ်မကြောက်တတ်ဘူး ဗိုဘီနာ၊ ဇောထရိန်ကို ဘယ်လိုသတ္တဝါက သတ်သွားသလဲဆိုတာ ကျုပ် သိတယ်၊ အဲဒီသတ္တဝါကို ကျုပ်တွေ့အောင်ရှာရဦးမယ်''

''သင့်သဘောပဲ ညီ့သည်ယောကျ်ား။ ကဲ ဆလိုင်းတွေ




ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com



. . . ဇော်ထရိန်ရဲ့အလောင်းကို မြေမြှုပ်လိုက်ကြတော့''

လူရဲက ဇော်ထရိန်၏အလောင်းကိုထမ်းပြီး သချိုင်း ရှိရာသို့ ယူသွားသည်။ ဖိုတီနာ၏ ခပ်အုပ်အုပ်ရယ်မောသံကို လူရဲကြားလိုက်မိသည်။ ထော်မာန်က မြေကျင်းတူးသည်။ အဲလာရှောင်က ရှိုက်ကာ ရှိုက်ကာ ငိုနေသည်။ ဇော်ထရိန်အား မြေမြှုပ်သင်္ဂြိုဟ်ပြီးသောအခါ အိမ်သို့ပြန်လာခဲ့သည်။

''ဘာမှစိတ်အားမငယ်ပါနဲ့ အဲလာရယ်၊ အစ်ကိုတို့ ရည်မှန်းချက် မကြာခင် အောင်မြင်တော့မှာပါ၊ ဖိုတီနာ မရှိ တော့မှ အဲလာတို့လူမျိုးတွေ အစွဲအလမ်းတွေပျောက်ပြီး ဘာမှ မကြောက်တော့မှာ''

''အဖေက အဲလာတို့မောင်နှမကို သိပ်ချစ်တာ၊ ထော် မာန်က အဖေ့ကို အမဲပစ်မသွားပါနဲ့တော့လို့ ပြောတာကြားပြီး အဖေက ထော်မာန်ကို သားကောင်တွေက အန္တရာယ်ပြုမှာ စိုးရိမ်တယ်၊ အခုတော့''

လူရဲက အဲလာရှောင်၏ပါးပြင်မှ မျက်ရည်စက်များကို သုတ်ပေးသည်။

* * *

## အခန်း (၈)

ဇော်ထရိန်က တောပစ်သေနတ်ကိုထမ်းပြီး ခြံထဲသို့ ဝင်လာသည်။ အဲလာရှောင်က အိမ်ရှေ့မှ ချောင်းဟန့်သံ ကြား သဖြင့် အိမ်ထဲမှ ပြေးထွက်လာသည်။

''ဟင် . . . အဖေ''

အဲလာရှောင်က သူ့အဖေကိုကြည့်ပြီး အံ့သြသွားသည်။ သူ့အဖေ၏တစ်ကိုယ်လုံးသည် ကုတ်ခြစ်ရာများနှင့် အသားစများ လန်နေသည်။

''အဖေ ဘယ်လိုဖြစ်လာတာလဲ။ အဖေ အိမ်အပြန် နောက်ကျလို့ ငါ့ယောက်ျားက စိတ်မချလို့ လိုက်သွားတယ်၊ ငါက ငါ့ယောက်ျားအတွက် စိုးရိမ်လို့ ထော်မာန်ကို နောက်က ထပ်လိုက်ခိုင်းတယ်၊ အဖေနဲ့မတွေ့ဘူးလား''

www.burmeseclassic.com



"အဖေ တောထဲမှာ အမဲပစ်သွားတာ တောင်ဆိတ်တစ်ကောင်ကို သေနတ်နဲ့ပစ်မိတယ်၊ တောင်ဆိတ်က သေနတ်မှန်ပြီး လဲကျသွားတယ်၊ အဖေက အနားကို ပြေးသွားတော့ တောင်ဆိတ်က သေနတ်မှန်ပြီး လဲကျသွားတယ်၊ အဖေက အနားကို ပြေးသွားတော့ တောင်ဆိတ်က ထပြီး တောင်ကြော အတိုင်း ပြေးဆင်းသွားမယ်၊ သေနတ်ကျည်ဆန်က တောင်ဆိတ်ရဲ့လက်ပြင်ကို မှန်တာ၊ ထောနင်း ...ထောနင်းနဲ့ပြေးတော့ အဖေက နောက်က လိုက်သွားတာပေါ့"

ဖောထရိန်က အိမ်ရှေ့မှ ဝါးကွပ်ပျစ်ပေါ်တွင် ထိုင်သည်။ ကုတ်ခြစ်ခံထားရသော ဒဏ်ရာများမှ သွေးများယိုစီးကျနေသည်။

"တောင်ကြောထဲက တောအုပ်တစ်ခုထဲရောက်သွားတယ်၊ အဲဒီအချိန်မှာ တောအုပ်ထဲက လူဝံထက်ကြီးမားတဲ့ သတ္တဝါကြီးနဲ့ ရင်ဆိုင်တွေ့တယ်၊ သူ့မျက်နှာက လူဝံလိုပဲ၊ အဲဒီသတ္တဝါကြီးက အဖေ့အနားကို တိုးကပ်လာတယ်၊ အဖေက အဲဒီသတ္တဝါကြီးကို သေနတ်နဲ့ပစ်တယ်၊ ကျည်ဆန်က လုံးဝ မထွက်ဘူး၊ ဒီတော့ သေနတ်ဒင်နဲ့ လွှဲရိုက်တယ်၊ သူက ဘာမှ မဖြစ်သလိုပဲ၊ ဒေါသတွေထွက်ပြီး အဖေ့ကို လက်သည်းကြီးတွေနဲ့ ကုတ်ခြစ်တယ်၊ အင်အားချင်းမမျှတော့ အဖေ ပင်ပန်းလာတယ်၊ တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာတွေရလာတယ်၊ အဖေ ပြေးလို့လည်း မလွတ်နိုင်မှန်းသိတယ် ...၊

ခု နစ် စဉ် ကြယ် တာ ပေ



အဲဒီသတ္တဝါကြီးက အဖေ့ကို ပွေ့ဖက်ပြီး သွားတွေနဲ့ ကိုက်တယ်၊ လက်သည်းတွေနဲ့ ကုတ်ခြစ်တယ်၊ အသားတစ်တွေ ထွက်ပြီး သွေးတွေပန်းထွက်လာတယ်၊ ဗိုတီနာက အဖေတို့လူမျိုးတွေကို ခြိမ်းခြောက်နေတဲ့ သတ္တဝါကြီးသမီးရဲ့၊ ဒီသတ္တဝါကြီးက စရိုက်ကြမ်းတယ်"

ဖောထရိန်က ကွပ်ပျစ်ပေါ်တွင် လှဲအိပ်နေလိုက်သည်။

"အဖေ ...အိမ်ပေါ်ကိုသွားမယ်လေ၊ အဖေ့ဒဏ်ရာတွေကို ရေနဲ့ဆေးကြောပြီး ဆေးထည့်ပေးမယ်"

"အဖေ ပင်ပန်းလာလို့ ခဏအမောဖြေဦးမယ်"

အဲလာရှောင်က အိမ်ပေါ်သို့တက်သွားသည်။ သူ့အဖေ၏အနာများကို ဆေးထည့်ပေးရန် ပြင်ဆင်သည်။ ထို့နောက် အိမ်ရှေ့သို့ ထွက်လာသည်။ ကွပ်ပျစ်ပေါ်တွင် လှဲလျောင်းနေသော သူ့အဖေကို မတွေ့ရတော့။ အဲလာရှောင်က ခြံထဲတွင် ဘိုသည် ရှာကြည့်သည်။

"အဖေ ...အဖေ ...အဖေရေ"

အဲလာရှောင်က အော်ခေါ်သည်။

✳

"ဟဲ့ ...အဲလာ အဲလာ"

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လူရဲက အိပ်မောကျနေရင်းမှ အော်နေသော အဲလာ ရှောင်ကို လှုပ်နှိုးသည်။ အဲလာရှောင် နိုးသွားသည်။

"အဲလာ ... မင်း ဘာဖြစ်တာလဲ၊ အဖေရေလို့ အော် တာ အစ်ကို လန့်နိုးသွားတယ်"

"အဲလာ အိပ်မက်တွေမက်နေတာ အားကို၊ အိပ်မက်ထဲ မှာ အဖေက ..."

အဲလာရှောင်က သူမ မြင်သောအိပ်မက်အကြောင်း လူရဲအား ပြောပြပြီး ငိုရှိုက်နေသည်။ အေးချမ်းသောညအ ပေမယ့် အဲလာရှောင်တစ်ကိုယ်လုံးတွင် ချွေးများ စိုရွှဲနေသည်

"အင်း ... အဲဒါဆိုရင်တော့ ဦးလေးကို သတ်သွား လှုပ်သတ္တဝါကြီးဆိုတာ သေချာသွားပြီ၊ ဒီသတ္တဝါကြီး ကျက် တတ်တဲ့နေရာကို အစ်ကို သိထားပြီပဲ၊ မတွေ့တွေ့အောင် ရှာ ပြီး ချေမှုန်းရမယ်"

"ငါ ... အဲလာ ... အဖေ့အတွက် စိတ်မကောင်း အဖေ့ကို သနားလိုက်တာ"

"မနက်ဖြန်ကစပြီး အစ်ကို၊ ထော်မာန်၊ အဒူလေး လှုပ်မနေသသတ္တဝါကို ချေမှုန်းရေးလုပ်ငန်း စတော့မယ်"

"ဒီသတ္တဝါကြီးကို အပြတ်ရှင်းဖို့ လွယ်ပါ့မလား ကို"

"အစ်ကိုတို့က ဦးနှောက်ရှိတဲ့သူတွေပဲ၊ သူ့ကို အပြ ရှင်းနိုင်အောင် ကြိုးစားကြရမှာပေါ့၊ ကဲ ... ညဉ့်နက်နေပြီ အဲလာ၊ စိတ်ကိုလျှော့ချပြီး ပြန်အိပ်တော့၊ ဘာမှတွေးမနေနဲ့"

အဲလာရှောင်က လူရဲက ရင်ခွင်ထဲသို့ တိုးဝင်ပြီးအိပ် သည်။ လူရဲက ဟိုသည် တွေးရင်းတွေးရင်းနှင့် အိပ်ပျော်သွား သည်။

ဆူညံသောအသံများကြောင့် လူရဲသည် အိပ်ပျော် နေရာမှ နိုးသွားသည်။ အဲလာရှောင်သည်လည်း အိပ်ရာမှ နိုးလာ သည်။

"ဘာသံတွေလဲ အားကို၊ ဆူညံနေတာပဲ"

"အစ်ကိုလည်း အသံတွေကြားလို့ နိုးသွားတာ၊ အဲဒါ ကြောင့် နားစွင့်နေတာ"

စကားပြောသံများက ပို၍ ဆူညံလာသည်။ လူရဲက အိပ်ရာထဲမှထွက်လာခဲ့သည်။ အိမ်ရှေ့မှ တံခါးပေါက်ကို ဖွင့်လိုက် သည်။ ရွာလမ်းတစ်နေရာတွင် ပိန်းကူးလူမျိုးများ ဝိုင်းဖွဲ့စကား ပြောနေသံကို ကြားနေရသည်။ လူရဲက ရွာသားများအနီးသို့ ရောက်လာသည်။

"ဘာဖြစ်နေတာလဲ ရွာသား"

လူရဲက အနားသို့သွားရပ်ပြီး မေးသည်။

"ငါတို့ရွာထဲကကောင်မလေး မနေ့က တောထဲကို ထင်းရှာသွား ညနေက ပြန်မလာဘူး၊ အဲဒါကြောင့် ငါတို့လူစုပြီး

www.burmeseclassic.com



တောထဲမှာလိုက်ရှာကြတယ်၊ ဟိုးအရှေ့ဘက်တောင်ကြောမှာ ဒထာ်ရာတွေနဲ့ သေဆုံးနေတယ်၊ ပြီးတော့”

ရှာသားက စကားကိုရပ်လိုက်ပြီး အခြားရှာသားများ ကြည့်နေသည်။

“ပြီးတော့ ဘာဖြစ်သလဲ ရှာသာ်း၊ ဆက်ပြောပါဦး”

“ကောင်မလေးကို ရက်ရက်စက်စက် စော်ကားထား တယ်”

“ဘာလဲ ရှာသား၊ သားမယားအဖြစ်ပြုကျင့်ခံထား တယ်လို့ ပြောတာလား”

“ဟုတ်တယ်”

“အဲဒီကိစ္စကို ဖိုဘီနာသိအောင် သွားပြောဦးလေ”

“ဖိုဘီနာဆီကို ဆလိုင်းတစ်ဦး သွားပြောတယ်၊ ဒီ ဒေသမှာ ဒီလိုဖြစ်ရပ်မျိုး တစ်ခါမှမဖြစ်ခဲ့ဘူး၊ ဟိုးရက်က ဓား ထရိန် အသတ်ခံရတယ်”

“ရှာသားတို့က ဓောထရိန်နဲ့ ရှာသူကောင်မလေး အသတ်ခံရတာကို မကျေမနပ်ဖြစ်နေတယ် ထင်တယ်”

“ဟုတ်တယ်၊ ဘယ်သူသတ်တယ်ဆိုတာ ငါတို့က သိ ချင်နေတာ”

“ရှာသားတွေက ဖိုဘီနာကို ယုံကြည်အားကိုးနေ တော့ ကျုပ်မှာ ပြောရခက်တယ်၊ အခုကိစ္စဟာ ဖိုဘီနာပြော ဖြစ်နိုင်သလို ဖိုဘီနာပြောတဲ့ သတ္တဝါကြီးကြောင့်လည်း ဖြစ်နိုင် တယ်၊ အဲဒီသတ္တဝါကြီးကို ရှာသားတို့ တွေ့ဖူးကြသလား”

“ဖိုဘီနာနေထိုင်တဲ့ ကျောက်ဂူကြီးထဲမှာ နတ်ဘုရား ပူဇော်ပွဲဆိုပြီး မြွေရုပ်ကြီးကို ပသတဲ့ပွဲ တစ်နှစ်တစ်ခါ လုပ်တယ်၊ ရှာသူရှာသားတိုင်း သွားရတယ်၊ ကျောက်ဂူဝရောက်တာနဲ့ ခေါင်း ကိုငုံ့ပြီး အထဲကိုဝင်ရတယ်၊ ဖိုဘီနာက ငါတို့ကို ဦးခေါင်းငုံ့ထား ပြီး အရိုအသေပေးထားရမယ်လို့ ပြောတယ်၊ ကျောက်ဂူထဲမှာ မီးတိုင်တွေ ထွန်းထားတယ်”

“အဲဒီနတ်ဘုရားပူဇော်ပွဲကို ကျင်းပပြီးသွားပြီလား”

“ဒီနှစ်ထဲမှာ မကျင်းပရသေးဘူး၊ အဲဒီပွဲမှာ ဖိုဘီနာက ခေါင်းထုံးစံတွေကို လိုက်နာဖို့ပြောတယ်၊ အူးဆိုတဲ့အသံကြီးနဲ့ သတ္တဝါတစ်ကောင်ရဲ့ အော်မြည်သံကို ပီပီသသ ကြားရတယ်၊ မော့မကြည့်ရဲတော့ အဲဒီသတ္တဝါကိုမသိရဘူး၊ အလွန်ကြီးမားတဲ့ သတ္တဝါကြီးဆိုတာတော့ မီးရောင်ကြောင့် ကျလာတဲ့ သူ့အရိပ် ကြောင့် သိရတယ်၊ အဲဒီသတ္တဝါကြီးအော်သံက ကျောက်ဂူထဲမှာ ဟိန်းထွက်နေတယ်”

“ကျုပ်ကတော့ အဲဒီသတ္တဝါကြီးရဲ့ပယောဂလို့ တထစ် ချ ယုံကြည်ထားတယ်”

“ညီ့သည်ယောက်ျား ... အဲဒီစကားကို ဖိုဘီနာရှေ့မှာ မပြောမိပါစေနဲ့”

www.burmeseclassic.com



''ကျုပ်က ရှာသားတို့လူမျိုး မိန်းကလေးနဲ့ အိမ်ထောင်ကျနေပြီပဲ၊ ခင်ဗျားတို့လူမျိုးအရေးဟာ ကျုပ်အရေးကိစ္စပဲ၊ ဖိုဘီနာရဲ့လွှမ်းမိုးမှုအောက်က ခင်ဗျားတို့ကို လွတ်မြောက်စေချင်တယ်''

ဖိုဘီနာနှင့် သူ၏လူယုံတော်များ ရောက်လာကြသည်။ ရှာသားတစ်ဦးက သားရေပြားထဲတွင် ထည့်လိမ့်ထားသော မိန်းကလေးအလောင်းကို ကြိုးဖြည်၍ ပြသည်။ လူရဲက မိန်းကလေးအလောင်းကို အသေအချာကြည့်နေသည်။

''ဒီမိန်းကလေး တောထဲမှာ အမှားအယွင်းတစ်စုံတစ်ရာလုပ်မိလို့ဖြစ်မှာပဲ''

ဖိုဘီနာက ရှာသားများအား ပြောသည်။

''မိန်းကလေးက မတရားစော်ကားခံထားရပြီးမှ အသတ်ခံထားရတဲ့ အနေအထားဗျ။ အမှားအယွင်းပြုမိလို့ နတ်ဘုရားက ဒဏ်ခတ်တယ်လို့ ဖိုဘီနာက ဆိုလိုချင်တာလား''

''အသင်မျက်မြင်ပဲ ညှော်သည်ယောကျ်ား''

''ကျုပ်ကတော့ လုံးဝလက်မခံနိုင်ပါဘူး။ မိန်းကလေးကို တစ်စုံတစ်ယောက်က စော်ကားပြီး သတ်ဖြတ်သွားတာလို့ ယုံကြည်ထားတယ်''

''ညှော်သည်ယောကျ်ား . . . သင်ဟာ ငါ့ရဲ့ယုံကြည်မှုကို ကပျက်ကယက်လုပ်နေတာလား။ သင့်ကို ငါတို့ရဲ့နတ်ဘုရားက ဒဏ်ခတ်မှာ သင်မကြောက်ဘူးလား''

''ကျုပ် ဘာမှမကြောက်ဘူး ဖိုဘီနာ။ လူတွေကို သတ်ဖြတ်နေတဲ့ အန္တရာယ်ကောင်ကို တိုက်ခိုက်ချေမှုန်းလိုစိတ်ပဲရှိတယ်''

''ကဲ ဆလိုင်း . . . မိန်းကလေးအလောင်းကို သင်္ဂြိုဟ်လိုက်ပါ''

ဆလိုင်းနှင့်ရှာသားများက အသတ်ခံရသည့်မိန်းကလေး၏အလောင်းကို သယ်ဆောင်သွားကြသည်။ ဖိုဘီနာက လူရဲကို မနှစ်မြို့သောမျက်လုံးများနှင့် ကြည့်နေသည်။

''ငါတို့ သွားကြစို့''

ဖိုဘီနာက သူ၏တပည့်များကို ခေါ်ကာ ထွက်သွားသည်။

လူရဲက အိမ်သို့ပြန်လာခဲ့သည်။

''အားကို . . . မိန်းကလေးတစ်ယောက် အသတ်ခံရတာဆို၊ အားကိုနဲ့ဖိုဘီနာတို့ စကားအချေအတင် ပြောဆိုနေကြတယ်လို့ ထော်မာန်က ပြောတယ်''

''ဟုတ်တယ် အဲလာ၊ အခု ဒီဒေသမှာ သီတင်းတစ်ပတ်အတွင်း ဓောထရိန်နဲ့ မိန်းကလေးတို့ အသတ်ခံရတယ်၊ ဒါကို ဖိုဘီနာက နတ်ဘုရားက ဒဏ်ခတ်တာပြောနေလို့ မခံချင်စိတ်နဲ့ အတိုက်အခံပြောလိုက်တာ''







www.burmeseclassic.com

www.burmeseclassic.com



''ဇိုဘီနာက အားကိုကို တစ်ဖက်လှည့်နဲ့ ရန်ရှာနေပါ မယ်''

''ဘာမှမစိုးရိမ်ပါနဲ့ အဲလာရယ်၊ ဇိုဘီနာနဲ့ လူဝံသတ္တဝါကြီးကို အစ်ကို အမြန်ဆုံး ချေမှုန်းပစ်တော့မယ်''

ထော်မာန်နှင့်အဒူလေးက မိုးဟိန်တို့အနားသို့ရောက်လာသည်။

''ထော်မာန် ...ညကျရင် မင်းနဲ့ငါ ခရီးထွက်ကြရအောင်''

''ဘယ်သွားမှာလဲ လူရဲ''

''ငါ့ကိုမမေးနဲ့ ထော်မာန်၊ အမဲပစ်သေနတ်နှစ်လက်၊ ခါးမြှောင်၊ တစ်လုံးထိုးတွေ ယူသွားဖို့ အသင့်ပြင်ထား''

''ငါလည်း လိုက်ခဲ့မယ်လေ လူရဲ''

''ငါတို့သွားမယ့်ခရီးက အန္တရာယ်များတယ်-အဒူလေး ထော်မာန် ... ငါတို့က ညဘက်ခရီးသွားမှာဆိုတော့ အိပ်ရေးဝအောင် အိပ်ထား''

''စိတ်ချ လူရဲ''

ရွာထဲမှ မိန်းကလေးသေဆုံးရသည်ကို ရွာသူရွာသားများက မကျေမနပ်ဖြစ်နေကြမှန်း လူရဲသိသည်။ အဲလာရှောင်က လူရဲတို့အတွက် ရိက္ခာများ ပြင်ဆင်ပေးနေသည်။

ညမိုးချုပ်သည်နှင့် လူရဲတို့ ခရီးထွက်လာကြသည်။





ဇိုဘီနာနေသော ကျောက်ဂူရှိရာသို့ ဦးတည်လာခဲ့သည်။ ညဥ့်နက်ချိန်တွင် ကျောက်ဂူအနီးသို့ ချဉ်းကပ်မိကြသည်။ ကျောက်ဂူဝတွင် အစောင့်နှစ်ဦးရှိနေသည်။ လူရဲနှင့်ထော်မာန်က အနားသို့ တိုးကပ်သွားသည်။ အစောင့်နှစ်ဦးအား သွက်လက်သောတိုက်ကွက်ဖြင့် ခေတ္တမေ့သွားစေသည်။ ကျောက်ဂူအတွင်းသို့ တိတ်တဆိတ် ဝင်လာခဲ့သည်။

ဤဒေသမှထွက်သော ရွှေနှင့်ကျောက်မျက်ရတနာများက ကျောက်ဂူထဲမှာရှိနေသည်။ လူရဲက ကျောက်မျက်ရတနာများကို အိတ်ထဲသို့ ထည့်သည်။ ဇိုဘီနာနှင့် သူ၏လူယုံတော်တပည့်များက ခေါင်းရည်မူးနေကြသည်။ လူရဲနှင့်ထော်မာန်က ကျောက်ဂူထဲမှ ပြန်ထွက်လာသည်။ သူတို့သယ်လာသော ကျောက်မျက်ရတနာများကို တောထဲတစ်နေရာတွင် အမှတ်အသားပြုပြီး မြေမြှုပ်ထားလိုက်သည်။ ထို့နောက် အရှေ့ဘက်တောအုပ်ထဲသို့ လာခဲ့ကြသည်။

''ဇိုဘီနာဟာ မင်းတို့ဒေသကထွက်တဲ့ ရတနာပစ္စည်းတွေကို လက်ဝါးကြီးအုပ်ထားတာ မင်းအမြင်ပဲ ထော်မာန်။ မင်းတို့က ဒီရတနာပစ္စည်းတွေကို တန်ဖိုးမထားတတ်ပေမယ့် ဇိုဘီနာက တန်ဖိုးသိတယ်၊ ကျောက်ဂူထဲမှာ စုဆောင်းထားတာ မင်းတွေ့တယ် မဟုတ်လား။ သူက ဒီပစ္စည်းတွေကို ဂရုမထားသလို နေပြတယ်၊ သိပ်ဟန်ဆောင်ကောင်းတဲ့လူကြီးကွ''



www.burmeseclassic.com

www.burmeseclassic.com



"လူရဲပြောတဲ့ သတ္တဝါကြီးကို တွေ့ဖို့လွယ်ပါ့မလား"

"တွေ့အောင် ရှာရမှာပေါ့၊ ဒီတောထဲမှာရှိတာ သေချာတယ်"

"ငါလည်း အဲဒီသတ္တဝါကြီးကို တွေ့ချင်တယ်၊ ငါ့အဖေအတွက် သွေးကြွေးဆပ်ချင်တယ်၊ ငါ့အဖေကို သူ ရက်ရက်ရောရော သတ်ပစ်တာ"

"ထော်မာန် ... ငါတို့ ခဏနားပြီးမှ ခရီးဆက်ကြမယ်၊ အမှောင်ထဲမှာဆိုတော့ ခရီးမတွင်ကျယ်ဘူး"

လူရဲက သစ်ကိုင်းခြောက်များစုပြီး မီးဖိုသည်။

"လူရဲ ... ငါ့မှာ ခေါင်ရည်ပုလင်း ပါလာတယ်"

"ကောင်းတာပေါ့ကွာ၊ အနည်းအပါးဆို မှိုဝဲကြရအောင်။ အိမ်မှာဆိုရင် မင်းရဲ့အစ်မက ငါသောက်တာ မကြိုက်ဘူး"

လူရဲက ထော်မာန် လှမ်းပေးသော ခေါင်ရည်ပုလင်းကို မော့သောက်လိုက်သည်။ ရင်ထဲတွင် ရှိန်းမြမြဖြစ်သွားသည်။ မီးဖိုဘေးတွင် လဲလျောင်းအနားယူကြသည်။ ထိုစဉ် ...

"အူး ဝူး ဝူး"

ဆိုသည့် အသံနက်ကြီးကို ဟိုးအဝေးဆီမှ ကြားလိုက်ရသည်။

"လူရဲ ... အဲဒါ ဘာသံကြီးလဲ"





"ဟိုသတ္တဝါကြီးအသံလို့ ငါထင်မိတယ်၊ အသံကို မှန်းကြည့်ရတာ တောင်ဘက်တောကြောတွေဘက်ကပဲ ခရီးအတော်ဝေးမယ်"

"အင်း ... ဟုတ်တယ်နော်"

"လာကွာ ... အဲဒီဘက်ကို ခရီးဆက်ကြမယ်"

လူရဲနှင့်ထော်မာန်တို့မှာ လျှောက်ရင်းလျှောက်ရင်း မိုးစင်စင်လင်းလာသည်။ တောင်ကုန်းပေါ်သို့ ကြိုးစားပြီးတက်သည်။ တောင်ကုန်းပေါ်မှ ပတ်ဝန်းကျင်ကို လှေ့လာကြည့်ရှုသည်။

"တောထဲမှာ လူအရိုးစုတွေ့ရတာ အံ့ဩစရာပဲ၊ ဖေဆရိန်လို သတ္တဝါကြီးရဲ့ သတ်ဖြတ်ခြင်းခံရတာ သေချာတယ်၊ အရိုးစုတွေဟာ တစ်နေရာတည်းမှာရှိမနေဘဲ လက်ဖျံရိုး တစ်ချောင်းက တစ်နေရာမှာရောက်နေတယ်၊ သေဆုံးသွားသူဟာ အပြင်းအထန် ဒဏ်ရာရပြီးမှ သေဆုံးခဲ့တာပဲ"

လူရဲက ရှေ့မှသွားနေရင်း ပြောသည်။ တောလမ်းတစ်လျှောက်တွင် သွားလာထားသောခြေရာများကို တွေ့ရသည်။

"ထော်မာန် ... ဒီမှာ လာကြည့်စမ်း"

ထော်မာန်က လူရဲ၏အနားသို့ပြေးလာသည်။ လူရဲ က တောလမ်းတစ်နေရာမှ မြေသားတွင် နစ်ဝင်နေသောအကွက်ကြီးကိုပြသည်။

"ဒါ ခြေရာတစ်ခုပဲကွ၊ လူတစ်ယောက်ရဲ့ ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတယ်၊ ကိုယ်ခန္ဓာ အလွန်ထွားကျိုင်းတဲ့သတ္တဝါရဲ့ခြေရာ ဖြစ်ရမယ်၊ ဒီခြေရာပိုင်ရှင်သတ္တဝါကြီးဟာ ဒီနေရာတွေမှာ သွားလာကျက်စားနေတယ်ဆိုတာ ကျိန်းသေတွက်ဆလို့ ရသွားပြီ"

လူရဲနှင့်ထော်မာန်သည် ဟိုသည်ကြည့်ရှုရင်း ရှေ့သို့ ခရီးဆက်လာသည်။ သစ်ရွက်ခြောက်များကို နင်းထားသည့် တောလမ်းလေးအတိုင်း လိုက်လာသည်။

"ထော ထော်မာန် ... ဟိုမှာ ကျောက်ဂူကြီးတစ်လုံး"

လူရဲက ဝမ်းသာအားရဖြင့် လက်ညှိုးထိုးပြသည်။ မြင့်မားသောကျောက်တောင်ကြီး၏ ခြေရင်းတွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်ဂူကြီးတစ်လုံးကို တွေ့ရသည်။

"လူရဲ ... ကျောက်ဂူအနားကို အတင့်ရဲတဲ့စိတ်နဲ့ တိုးကပ်မသွားနဲ့ဦး၊ ကျောက်ဂူထဲမှာ ဘယ်လိုသတ္တဝါရှိတယ်ဆိုတာ မသိနိုင်သေးဘူး"

"အေးပါကွာ ... အဲသလောက်တော့ ငါတွေးတတ်ပါတယ်"

လူရဲက ခပ်လှမ်းလှမ်းမှနေ၍ ကျောက်ဂူထဲသို့ ခဲလုံးများဖြင့် ပစ်ပေါက်သည်။ ကျောက်ဂူထဲတွင် ဘာထူးခြားမှု မတွေ့ရ။

"ကျောက်ဂူထဲမှာ ဘာကောင်မှမရှိဘူး"





"ကျောက်ဂူက ဝင်ပေါက်ထွက်ပေါက် တစ်ခုတည်းရှိတာ၊ ကျောက်ဂူထဲက မထွက်ဘဲ ပုန်းနေရင်ကော"

"ငါ့မှာ တောပစ်သေနတ်ပါသလို မင်းမှာလည်း တောပစ်သေနတ်ပါတာပဲ၊ သေနတ်မောင်းတင်ထားပြီး ကျောက်ဂူထဲ ဝင်ကြည့်ရအောင်"

လူရဲက သေနတ်ကို မောင်းတင်ပြီး ကျောက်ဂူထဲသို့ ဦးဆောင်၍ ဝင်သွားသည်။ ကျောက်ဂူထဲတွင် ကျောက်တောင်ထိပ်အပေါက်မှ အလင်းရောင်ဝင်နေသဖြင့် လူရဲတို့အတွက် ဟန်ကျသွားသည်။

"ဒီကျောက်ဂူထဲမှာ လူ သို့မဟုတ် သတ္တဝါတစ်ကောင် နေထိုင်သွားတာ သေချာတယ်၊ ဟိုမှာတွေ့လား၊ ငှက်ပျောခိုင်ရဲ့ အညှာကြီး"

လူရဲက ကျောက်ဂူထဲမှ နေရာအနှံ့အပြားသို့ လိုက်ကြည့်နေသည်။

"ထော်မာန် ... ဒီမှာ အရိုးစုနှစ်ခုကွ၊ ဒီအရိုးစုက လူဝံနှစ်ကောင်ရဲ့အရိုးစုပဲ၊ ဒါဆိုရင် လူဝံကြီးဖြစ်တဲ့ ဟိုသတ္တဝါကြီးဟာလည်း ဒီကျောက်ဂူထဲမှာ နေထိုင်သွားတာ သေချာပြီ"

"အဲဒီသတ္တဝါကြီးက အခုလည်း ဒီကျောက်ဂူထဲမှာ နေထိုင်သလားမှမသိတာ"

"မနေဘူးကွ၊ လတ်ဆတ်တဲ့ခြေရာလက်ရာတွေမှ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတာ''

လူရဲက ကျောက်ဂူ၏အတွင်းဘက်ထဲသို့ ဝင်လာ သည်။ ကျောက်ဂူဘေးတစ်နေရာမှ ကြည်လင်အေးမြသောရေတို့ က ကျောက်ဂူအတွင်းသို့ စီးဝင်ပြီး ရေအိုင်သဖွယ် ဖြစ်နေသည်။

''ဒီကျောက်ဂူထဲမှာနေရင် ရေအတွက်လည်း မပူပန်ရဘူး၊ သဘာဝက ဖန်တီးပေးထားတာ ဘယ်လောက်ထူးဆန်းသလဲ''

လူရဲက ကျောက်ဂူ၏ထိပ်မှအပေါက်ရှိရာသို့ ကျောက်ပန်းဆွဲများကို အားပြုပြီး ကြိုးစား၍ တက်လာသည်။ ထော်မာန်က နောက်မှ လိုက်တက်လာသည်။ ကျောက်တောင်ကြီးက အလွန်မြင့်သည်။ ကျောက်တောင်ပေါ်သို့ရောက်လာသည်။ ထိုကျောက်တောင်၏ဘေးဘယ်ညာတွင် မြင့်မားသော ကျောက်တောင်ကြီးများက ရှိနေသည်။

''ဂွီး ဂွီး''

ခြစ်ကုတ်အော်လာသည့် အသံကြီးတစ်သံကို လူရဲတို့ ကြားလိုက်ရသည်။ အသံက ကျောက်ဂူထဲသို့ ဝင်လာသည့် အသံမှန်း လူရဲ သိလိုက်သည်။ ကျောက်ဂူထိပ်အပေါ်ရှိ အပေါက်မှ ကျောက်ဂူအတွင်းသို့ ကြည့်နေမိသည်။ အရပ်အမြင့် (၈)ပေခန့်ရှိ၍ လူဝံနှင့်တူသော သတ္တဝါကြီးတစ်ကောင်ကို လူရဲတို့ မြင်တွေ့လိုက်ရသည်။





ဖောထရိန်ကို ရက်ရက်စက်စက် သတ်သွားသည့် သတ္တဝါကြီး။ ထင်းရှာသွားသည့် မိန်းကလေးအား အနိုင်ယူခဲ့သည့် သတ္တဝါကြီး။

ထော်မာန်က သေနတ်နှင့်ပစ်ရန် ချိန်ရွယ်နေသည်။ လူရဲက လက်ပြပြီး ဟန့်တားထားသည်။

''ဒီသတ္တဝါကြီး ကျောက်ဂူထဲကို ဘာလာလုပ်သလဲ သိရအောင် အကဲခတ်ကြည့်မယ်''

လူရဲက ထော်မာန်ကို တီးတိုးပြောသည်။ ထော်မာန်က သူ့အဖေအတွက် ဒီသတ္တဝါကြီးကို လက်စားချေချင်နေပုံရသည်။ ထော်မာန်သည် အံကို တင်းတင်းကြိတ်ထား၏။ ဒီသတ္တဝါကြီးကို လူရဲကတော့ လူဆိုးကြီးဟု အမည်ပေးထားသည်။

လူဝံကြီးသည် ကျောက်ဂူအတွင်း ကျောက်ခုံပေါ်မှ အရိုးနှစ်ခုအနားသို့ ချဉ်းကပ်သွားသည်။ ပထမဦးစွာ လူဝံဦးခေါင်းကို ယူ၍ သူ့ရင်ခွင်ထဲ ပိုက်ထားသည်။ လူဝံကြီးသည် သစ်သီးများ ယူဆောင်လာသည်ကို လူရဲ အခုမှ သိထားမိသည်။ လူဝံကြီးသည် လူဝံဦးခေါင်းကို မူလနေရာတွင် ပြန်ချထားသည်။ တစ်ဖန် နောက် ဦးခေါင်းခွံကိုယူပြီး ရင်ခွင်ထဲတွင် ပိုက်ထားသည်။ ဦးခေါင်းခွံအား နမ်းသည်။ ထို့နောက် ဦးခေါင်းခွံကို မူလနေရာတွင် ပြန်ချထားသည်။ သူယူလာသော သစ်သီးများကို ဦးခေါင်းခွံနှစ်ခု အကြားတွင် ချထားလိုက်သည်။ လူဝံသည် ကျောက်ဂူအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ကြည့်ရှုနေသည်။ သူ့အတွက် အန္တရာယ် ရှိ မရှိ စူးစမ်းခြင်း ဖြစ်တန်ရာသည်။ ထော်မာန်က လူဝံကြီးကို အမဲ သေနတ်ဖြင့်ပစ်ရန် ချိန်ရွယ်ထား၏။ လူရဲက မပစ်နဲ့ဦး မျက်ရိပ်ပြထား၏။ လူဝံကြီးသည် ကျောက်ခုံအောက်တွင် ခြေ လက်ပစ် ထိုင်ချလိုက်၏။ လူတွေ၏သဘောနှင့် ဆိုရပါလျှင် စိတ်ပျက်လက်ပျက် ဖြစ်သွားသည့် အမူအရာပင်ဖြစ်သည်။

"လူဝံကြီးက သူ့အဖေနဲ့အမေဆီကို မကြာခဏ လာ တွေ့တဲ့သဘောပဲ. ဒီကောင်ကြီးဟာ လူတွေလောက်တော့ အသိ ဉာဏ်မရှိဘူး၊ တိရစ္ဆာန်တွေလိုလည်း အသိဉာဏ်မမဲ့ဘူး" အသွင်သဏ္ဌာန်က စရိုက်ဆိုးမယ့်ပုံပဲ၊ ဒီကောင်ကြီးကို ငါ ပစ်သတ်လိုက်ရင်ရတယ်၊ ဒီကောင်ကြီး သေသွားရင် ဇိုဘီနာ သူ့လူယုံတော်တွေက ငါတို့နဲ့ မင်းတို့မျိုးနွယ်တွေကို ပျက်စီး ပျက်စီးကြောင်း ကြံစည်မှာလည်း စိုးရိမ်ရသေးတယ် ထော်မာန် ဒီကောင်ကြီး သူ့အဖေနဲ့အမေ အရိုးစုရှိတဲ့ ဒီကျောက်ဂူထဲ လာနေတာ ငါတို့သိနေပြီပဲ၊ ဒီကောင်ကြီးကို အပြတ်ရှင်းချင်ရင် ငါတို့ ဒီကစောင့်နေလိုက်ရုံပဲ မဟုတ်လား"

လူဝံကြီးသည် ထိုင်ရာမှထ၏။ အရိုးစုနှစ်ခုကို လက်ဖြင့် ကိုင်သည်။

'ဂွီး ဂွီး'

လူဝံကြီး၏အော်သံသည် ကျောက်ဂူအတွင်း၌ ပဲ့တင်





ထွက်သွား၏။ ထို့နောက် ကျောက်ဂူထဲမှ ကုန်းကုန်းကုန်းကုန်းနှင့် ပြေးထွက်သွားလေ၏။

လူရဲနှင့်ထော်မာန်တို့က လူဝံကြီးထွက်သွားရာဘက် သို့ ငမ်းကြည့်နေမိကြသည်။ သည်ဒေသမှ တောင်တန်းကြီးများ သည် ဖိုခနောက်ဆိုင်တည်ရှိနေ၏။ တောင်တစ်တောင်ထိပ်မှ တစ်ဖက်သို့ ဆင်းသွားလျှင် ဘာမှမမြင်ရတော့။ လူရဲနှင့် ထော် မာန်က တောကြောင်းအတိုင်း ဆင်းလာသည်။

"ဟိုး လှမ်းမြင်နေရတဲ့ တောကြောဘက်မှာ ဇိုဘီနာ နေတဲ့ ကျောက်ဂူရှိတယ်၊ ဒီနေ့တော့ ငါတို့ အိမ်ပြန်ကြမယ်"

"မင်း တားထားလို့သာ ငါမပစ်တာ၊ ငါ့အဖေအတွက် ကောင်ကြီးကို ငါ လက်စားချေချင်တယ်"

"ခဏသည်းခံပါဦး ထော်မာန်ရယ်၊ ငါတို့ရဲ့ရည်ရွယ် ချက်က ဇိုဘီနာနဲ့ လူဝံကြီးကို ချေမှုန်းဖို့မဟုတ်လား၊ ဇိုဘီနာက ဉာဏ်များတဲ့သူ။ ပြီးတော့ မင်းတို့လူမျိုးနွယ်တွေ အများစုက ဇိုဘီနာရဲ့ ခြောက်လှန့်ထားမှုကို တကယ်ထင်ပြီး ကြောက်လန့် နေကြတာမဟုတ်လား"

"အေးကွာ . . . တစ်စုံတစ်ခုဖြစ်တာနဲ့ မြွေနတ်ဘုရားကို စော်ကားလို့ဆိုပြီး ဇိုဘီနာက ခြိမ်းခြောက်ထားတော့ တကယ် ထင်နေတာပေါ့"

"ဒါက မင်းတို့လူမျိုးစုနွယ်တွေမှ မဟုတ်ပါဘူး၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ဗမာလူမျိုးတွေလည်း အစွဲအလမ်းကြီးတာပါပဲ၊ အစွဲအလမ်းကြီး တာက ဖျောက်ဖို့မလွယ်ဘူး''

''ဗိုဘီနာမျက်နှာ ခပ်တည်တည်ကြီးနဲ့ ငါတို့လူမျိုးနွယ် တွေကို စကားပြောတတ်တယ်၊ ဗိုဘီနာဟာ ရုပ်ပြောင်းရုပ်ဖျ အတတ်ကိုလည်း တတ်တယ်''

''ဟုတ်တယ်၊ ဗိုဘီနာက မင်းတို့ဒေသကထွက်တဲ့ ရတနာပစ္စည်းတွေကို သူတစ်ဦးတည်း လက်ဝါးကြီးအုပ်ချင်တဲ့ ဆန္ဒမျိုး ရှိတာတော့အမှန်ပဲ''

လူရဲနှင့်ထော်မာန်သည် အမှောင်ထုထဲတွင် ခရီးဆက် ကြ၏။ ညဉ့်နှစ်နာရီကျော်အချိန်တွင် အိမ်သို့ပြန်ရောက်လာသည်။

✻ ✻ ✻

## အခန်း (၉)

'ဒူ ဒူ ဒူ ဒူ ဒူ'

ရွာထဲမှ မောင်းအဆက်မပြတ်ထုနေသံကို လူရဲ ကြား ...က်ရသည်။ လူရဲလည်း သစ်ပင်ရိပ်အောက်တွင် တောင် ...တ်ဓါးသွားရေကို ဖိနှပ်ချုပ်နေ၏။ အဒူလေးက ကွပ်ပျစ်ပေါ် ...င် စာဖတ်နေသည်။ အဲလာရှောင်သည် လူရဲအနားသို့လာ၍ ...င်၏။

''ထမင်းဟင်းတွေ ချက်ပြီးပြီလား အဲလာ''

''အားလုံးကျက်သွားပြီ၊ နေ့လယ်စာစားတော့မလား ...မေးတာ၊ စားမယ်ဆိုရင် အဲလာ သွားပြင်လိုက်မယ်''

''ခဏတစ်ဖြုတ် နားပါဦး အဲလာရယ်၊ အစ်ကို မဆာ ...ပါဘူး၊ အစ်ကို့မိန်းမ ပင်ပန်းနေတယ် မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"မပင်ပန်းပါဘူး အားကိုရယ်၊ အဲလာက အားကိုတို့ စားမကောင်းမှာစိုးလို့"

အဲလာရှောင်က လူရဲပခုံးတွင် မေးစေ့ကလေးဖြင့် မှီထားရင်း ပြောသည်။

"ဒါနဲ့ အဲလာ . . . စောစောက ရွာထဲက အဆက်မပြတ် မောင်းထုနေသံကြားမိတယ်၊ အဲဒါ ဘာလဲ"

"မြွေနတ်ဘုရားကို ပူဇော်တဲ့ပွဲကျင်းပတော့မယ့်အကြောင်း ရွာသူရွာသားတွေသိအောင် ဗိုဘီနာက အသိပေးမောင်းခတ် တာလေ"

"မြွေနတ်ဘုရားပူဇော်ပွဲက ဘယ်နေရာမှာကျင်းပမှာလဲ"

"ရွာလယ်က မြေကွက်လပ်မှာ အားကိုရဲ့၊ ရွာသားတွေ က တောထဲကသားကောင်တွေပစ်ပြီး ဗိုဘီနာကိုပေးရမယ်၊ အရင်နှစ်တွေကတော့ ဗိုဘီနာရဲ့ကျောက်ဂူထဲမှာ ကျင်းပတယ်၊ အဲလာတော့ မသွားရဲလို့ မသွားဘူး"

"သားကောင်တွေကို ချက်စားပြီး ပျော်ပွဲရွှင်ပွဲ ကျင်း တာမျိုးလား"

"ရွာသားတွေရလာတဲ့ သားကောင်တွေထဲက အကြီး ကို မြွေနတ်ဘုရားရုပ်တုရဲ့ရှေ့မှာ အကောင်လိုက်မီးကင်ပြီး မြွေ နတ်ဘုရားကို ဆက်သတယ်၊ ပြီးတော့ ခေါင်းရည်တွေသောက် အသားကင်တွေစားပြီး ကခုန်ကြတာ တစ်ညလုံးပဲ"





"ဟင် . . . အခု မြွေနတ်ဘုရားရုပ်တုက မရှိတော့ ဘယ်လိုပူဇော်မလဲ"

"အဲဒါတော့ အဲလာလည်း မပြောတတ်ဘူး၊ အဖေ ရှိ တုန်းက အဲဒီ နတ်ဘုရားပူဇော်ပွဲအတွက် သားကောင်ပစ်မပေး ဘူး။ ဒီနေ့လို မောင်းထုသံကြားတာနဲ့ အဖေက အမဲပစ်ထွက်တာ ဆိုပြီး တစ်နေရာမှာ သွားနေတယ်၊ မြွေနတ်ဘုရားပူဇော်ပွဲကျင်းပ ပြီးတဲ့ရက်ကျတော့မှ တောထဲက သားကောင်ရှာပြီး ပြန်လာ တယ်၊ မြွေနတ်ဘုရားပူဇော်ပွဲအတွက် တောထဲကို သားကောင် သွားပစ်တာပဲ၊ မရလို့ ရွာကိုပြန်မလာတာ၊ သားကောင်ရပြီး ရွာကိုပြန်လာတော့ ပူဇော်ပွဲက ပြီးနေပြီ၊ ဘာမှမတတ်နိုင်ဘူး ဆိုတဲ့သဘောရောက်အောင် တမင်လုပ်တာလေ၊ အဲဒါကို ဗိုဘီနာက လုံးဝမကျေနပ်ဘူး၊ ဒါပေမဲ့ ဘာမှတော့မပြောဘူး၊ အဖေက ဗိုဘီနာကို သဘောမှမကျတာပဲ"

"အခုလည်း အစ်ကိုတို့က ဗိုဘီနာကို မြွေနတ်ဘုရား ပူဇော်ပွဲအတွက် သားကောင်ရအောင်ပစ်ပေးရဦးမှာလား"

လူရဲက အဲလာရှောင်ကို စူးစိုက်ကြည့်ရင်း မေးသည်။

အဲလာရှောင်က သက်ပြင်းချသည်။

"အစ်ကိုကတော့ ဗိုဘီနာကို အတိုက်အခံမလုပ်ချင် သေးဘူး။ မြွေနတ်ဘုရားပူဇော်ပွဲကို တစ်ခါမှ မမြင်ဖူးသေးတော့ သားကောင်တစ်ကောင်လောက်ပစ်ပေးပြီး မြွေနတ်ဘုရားပူဇော်



www.burmeseclassic.com

www.burmeseclassic.com



ပွဲမှာ ပါဝင်ဆင်နွှဲချင်သေးတယ်၊ တစ်ရွာလုံးက ရွာသားတွေ အမဲလိုက်လို့ရမယ့်သားကောင်တွေက နည်းမှာမဟုတ်ဘူး''

''မြွေနတ်ဘုရားပူဇော်တာကို အကြောင်းပြပြီး ဗိုဘီနာနဲ့ သူ့အပေါင်းပါတွေက သားကောင်မျိုးစုံရဲ့အသားကိုစားပြီး ယဇ်ပူ ကြမယ့်ပွဲလေ''

''ဘယ်လိုပဲဖြစ်ပါစေ ဗိုဘီနာက အဲလာတို့လူမျိုးနွယ် တွေကို အယူဝါဒအစွန်းရောက်အောင် သိမ်းသွင်းနေတာပဲ၊ မှိုင်း တိုက်နေတာပဲလို့ အစ်ကိုမြင်တယ်၊ ဒီအစွန်းရောက်နေတဲ့ အယူ ဝါဒကို အစ်ကိုတို့က နှိမ်နင်းပစ်ရမယ်၊ အလွယ်တကူ မဖြစ်နိုင် ဘူးဆိုတာလည်း သိတယ်၊ အစ်ကို အမဲလိုက်သွားရင်တော့ ထော်မာန်ကိုခေါ်သွားရမယ်''

''အခု အားကို ရွာလယ်ကိုသွားရမယ်''

အဲလာရှောင်၏စကားကြောင့် လူရဲက မျက်ခုံးပင့်ကြည့် သည်။

''ဘာဖြစ်လို့လဲ အဲလာ''

''မောင်းထုပြီး အချက်ပေးရင် ရွာလယ်ကို စုရုံးရောက် ရတယ်''

''အစည်းအဝေးကျင်းပတဲ့သဘောမျိုးလား''

''ဟုတ်တယ် ... အားကို၊ ဗိုဘီနာက ရွာသားတွေ မြွေနတ်ဘုရားပူဇော်ပွဲ ကျင်းပတော့မှာမို့ မြွေနတ်ဘုရား





ယဇ်ပူဇော်ဖို့ ရွာသားတွေက သားကောင်တစ်ကောင်စီ ပေးရမယ် ဆိုပြီး တာဝန်ပေးလိမ့်မယ်လေ''

''ရွာသားက ယဇ်ပူဇော်ပွဲအတွက် သားကောင်ရှာမပေး ရင်ကော''

''ဗိုဘီနာက ဘာမှတော့မပြောပါဘူး။ ဒါပေမဲ့ အဲဒီရွာ သားဟာ မကြာမီမှာ အကြောင်းတစ်မျိုးမျိုးနဲ့ ဒဏ်ရာရတာမျိုး၊ သေကြေရတာမျိုးတော့ ကြုံတွေ့ရတယ် အားကို''

''ဒါဟာ ဗိုဘီနာက မြွေနတ်ဘုရားကို စော်ကား၊ မကိုး ကွယ်တဲ့သူဟာ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့ရတယ်ဆိုပြီး အဲလာ တို့လူမျိုးနွယ်စုတွေ ယုံကြည်လာအောင် လုပ်ကြံဖန်တီးတာလို့ အစ်ကိုထင်တယ်''

ထိုစဉ် မောင်းထုသံကို ကြားလိုက်ရပြန်သည်။ လူရဲက အဲလာရှောင်ကို မျက်ခုံးပင့်ပြီး မေးသည်။

''ရွာသားတွေကို သူ့ရှေ့မှာ လာရောက်စုရုံးကြဖို့ မောင်း ထုခေါ်တာ''

''ဒါဆို အစ်ကိုသွားမယ်''

''ဗိုဘီနာပြောတဲ့စကားကို နားထောင်ပြီးတော့သာ ပြန် လာခဲ့ပါ အားကို၊ သူနဲ့စကားများရမယ့် အပြုအမူတွေကို မလုပ် ပါနဲ့၊ ဗိုဘီနာက အားကိုကို ရန်ရှာမှာ အဲလာ စိုးရိမ်လို့ပါ''

လူရဲက နံရံတွင်ချိတ်ထားသော သားမွေးဂျာကင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လိုက်သည်။ ခါးကြားတွင် ဓားမြှောင်ကိုထိုးပြီး အိမ်ပေါ် ဆင်းလာခဲ့၏။ အဲလာရှောင်က အိမ်တံခါးပေါက်မှ ရပ်ကြည့်နေ သည်။ ရွာလယ်တွင် ရွာသားများ စုရုံးရောက်ရှိနေကြသည် ဝါးလေးတိုင်စင်ဖြင့် ဆောက်ထားသော စင်ပေါ်တွင် ဖိုဘီနာ ရပ်နေသည်။ စင်မြင့်၏အောက်တွင် တစ်လုံးထိုးမိန်းကို ကိုင်ထား သော ဖိုဘီနာ၏လူယုံတော်များက ရှိနေကြ၏။ လူရဲသည် စင်မြင့်ရှေ့မှလူအုပ်ထဲသို့ တိုးဝင်လာခဲ့သည်။ ဖိုဘီနာက လူရဲ မြင်တော့ မျက်နှာအမူအရာ ပျက်သွား၏။

''ရွာသားအားလုံး စုံညီစွာရောက်ရှိနေပြီလို့ ထင် တယ်၊ ရွာသားအားလုံးကို မောင်းထုပြီးခေါ်ရတဲ့ကိစ္စကို သိ ကြပြီးဖြစ်ပါလိမ့်မယ်၊ သင်တို့လူမျိုးစုတွေကို အမြိကာကွ စောင့်ရှောက်ပေးပြီး သင်တို့ဘဝ ဖူလုံပြည့်စုံအောင် ကူညီနေ မြွေနတ်ဘုရားပူဇော်ပွဲကို လာမယ့်သုံးရက်မြောက်နေ့မှာ ရွာလ မြေကွက်လပ်မှာ ကျင်းပမယ်၊ ရွာသားများအနေနဲ့ မြွေန ဘုရားကို သားကောင်များနဲ့ ပူဇော်ပသရမယ်ဆိုတာ သိ ဖြစ်ပါတယ် …၊

မြွေနတ်ဘုရားကို မရိုသေ မလေးစား မထိမဲ့မြင်ပြု မြွေနတ်ဘုရားရဲ့ ဒဏ်ခတ်ခြင်းကို ခံရမှာဖြစ်ပါတယ်၊ သင် လူမျိုးနွယ်စုဖြစ်တဲ့ ဖောထရိန်ဟာ နှစ်စဉ်ကျင်းပတဲ့ မြွေ ဘုရားပူဇော်ပွဲမှာ ဘာသားကောင်မှ မဆက်သတဲ့အပြင် ပူဇော်





ကိုလည်း မလာဘူး၊ ဒီတော့ မြွေနတ်ဘုရားရဲ့ ဒဏ်ခတ်ခြင်းကို ခံရပြီး အသေဆိုးနဲ့ သေခဲ့ရတယ်၊ ထို့အတူ သင်တို့လူမျိုး ဘာလပန်းဟာ ခေါင်းရှည်တွေမူးပြီး မြွေနတ်ဘုရားကို ယုံကြည်မှု ရှိတဲ့စကားတွေပြောပြီး ဆဲဆိုခဲ့တယ်၊ အဲဒါကြောင့် သူ့ သမီးလေးမှာလည်း အသေဆိုးနဲ့ သေခဲ့ရတယ်''

ဖိုဘီနာ၏စကားကြောင့် လူရဲ၏မျက်နှာ တင်းမာသွား သည်။

''ဖိုဘီနာခင်ဗျာ … သင်ပြောတဲ့စကားကို ကျုပ် ဆွေး နွေးချင်ပါတယ်၊ ကျုပ်ဟာ သေဆုံးသွားတဲ့ ဖောထရိန်ရဲ့ သမက် မြေပြန့်သားတစ်ဦးပါ၊ ကျုပ်က ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ် တာမို့ သင်ပြောတဲ့ မြွေနတ်ဘုရားကို မကိုးကွယ်ဘူး၊ မစော်ကား ဘူးဆိုရင် ကျုပ် ဘာဖြစ်နိုင်ပါသလဲ''

''ဒါက သင့်သဘောပါ။ ဒါပေမဲ့ … သင်ဟာ ဒီလူမျိုး နွယ်စုထဲက မိန်းကလေးနဲ့လက်ထပ်ထားတာမို့ ဓလေ့ထုံးစံအရ မြွေနတ်ဘုရားကို ပူဇော်တဲ့ပွဲမှာ သားကောင်တစ်ကောင် ဆက်သ ရမယ်''

''ကျုပ်က မုဆိုးတစ်ယောက်ပဲ၊ သားကောင်တစ်ကောင် ဆိုတာ ကျုပ်အတွက် အပန်းမကြီးပါဘူး၊ ဒါပေမဲ့ ဒီရက်ပိုင်း အတွင်းမှာ ဒီရွာသားအားလုံးက တောတောင်တွေထဲမှာ အမဲ လိုက်ကြမှာဆိုတော့ တစ်ဦးက သားကောင်ကိုပစ်ဖို့ ချောင်းမြောင်း



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အချိန် တစ်ဦးက သားကောင်ကို ခြောက်သလိုဖြစ်သွားလို့ သားကောင်မရခဲ့ရင်ကော''

''သင်က သင့်ယောက္ခမ ဇောထရိန်လို စကားမျိုး လာပြောနေပါလား၊ အစကတည်းက မြွေနတ်ဘုရားကို သားကောင်မဆက်သချင်ဘူး စိတ်ကူးထားတာမဟုတ်လား''

''သင်တို့ဓလေ့ထုံးစံကို မပစ်ပယ်ပါဘူး၊ သားကောင်ကို ရအောင် ပစ်ပေးမှာပါ၊ တစ်ခါမှ မကြုံဖူးသေးလို့ မြွေနတ်ဘုရားပူဇော်ပွဲကို ကျုပ်ကိုယ်တိုင် ပါဝင်ဆင်နွှဲမှာပါ၊ မသိလို့ မေးကြည့်တာပါ''

''မြွေနတ်ဘုရားပူဇော်ပွဲမှာ ပါဝင်ဆင်နွှဲမယ်ဆိုလို့ ကျွန်ဝမ်းသာမိပါတယ်''

လူရဲက မဲ့ပြုံးလေး ပြုံးနေလိုက်သည်။ ဇိုဘီနာ၏ မျက်နှာပေါ်တွင် အဓိပ္ပာယ်ကို မသိနိုင်သော ဟန်ဆောင်ထားမှုများကို လူရဲ သတိထားမိသည်။

''ကဲ အားလုံး ...ကိုယ့်အိမ်ကိုယ် ပြန်နိုင်ကြပါပြီ''

ရွာသားများနှင့်အတူ လူရဲက အိမ်သို့ပြန်လာခဲ့သည်။ ထော်မာန်က သစ်ပင်ရိပ်တွင် ဒူးလေးမြားတံများကို အချောသပ်နေ၏။ အဲလာရှောင်က လူရဲရှိရာသို့ပြေးလာသည်။

''ဇိုဘီနာနဲ့ စကားအချေအတင်မှ ပြောခဲ့ရဲ့လားအားကို''

လူရဲက တဟားဟားရယ်နေသည်။





''ဘာလဲ ...အဲလာပြောလိုက်တဲ့စကား မှန်နေလို့လား''

လူရဲက ခေါင်းခါပြလိုက်သည်။

''ဇိုဘီနာရဲ့ အတွင်းစိတ်ကို သိချင်လို့ သူ့ကိုလိုက်လျောမှုပေးပြီး မြွေနတ်ဘုရားပူဇော်ပွဲအတွက် သားကောင်ပစ်ပေးပါ့မယ်လို့ ပြောခဲ့တယ်''

အဲလာရှောင်မှာ မျက်လုံးအဝိုင်းသားနှင့် ဖြစ်သွားသည်။

''အားကိုက အဲသလိုပြောတော့ ဇိုဘီနာ အံ့ဩမသွားဘူးလား'

''သူ့မျက်နှာက ပြုံးမလို့,ရယ်မလို့ အနေအထားမျိုးတော့ ဖြစ်သွားတယ်၊ ဇိုဘီနာက ဉာဏ်များမှန်း အစ်ကိုက သိပြီးသားပါ၊ သူ့ရဲ့အတွင်းစိတ်ကို သိချင်လို့ပါ''

ထော်မာန်က ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

''လူရဲ ...မနက်ဖြန်ဆိုရင် ရွာထဲကရွာသားတိုင်းလိုလို တောထဲသွားပြီး အမဲပစ်ကြမှာကွ၊ မိမိသားကောင်ရရှိဖို့ အရေး ကြိုးစားကြမှာဆိုတော့ မုဆိုးအချင်းချင်း တောမှောက်ပြီးမှားယွင်းပစ်တတ်တယ်''

''အဲဒါကိုတော့ ငါ သတိထားမိပါတယ်''

''ငါပါ အမဲပစ်လိုက်ခဲ့မယ်''

''မင်းသဘောပဲလေ''



www.burmeseclassic.com

www.burmeseclassic.com



"ငါပါ လိုက်ခဲ့ရမလား"

သစ်ပင်ရိပ်အောက်တွင် စာဖတ်နေသော အဒူလေးက လှမ်းပြောသည်။ လူရဲက အဒူလေးမျက်နှာကိုကြည့်ပြီး . . .

"မင်းက တောတွင်းအတွေ့အကြုံ မရင့်ကျက်လို့ မခေါ်တာပါ သူငယ်ချင်းရယ်၊ တောတွင်းမှာ တစ်ချက်အမှားမခံဘူး။ အန္တရာယ်များတယ်"

"မင်းတို့နှစ်ယောက်ကို ငါက စိတ်ပူလို့"

"ဘာမှစိတ်မပူပါနဲ့ကွာ၊ ငါတို့နှစ်ယောက်က အတွေ့အကြုံရှိပြီးသား၊ အဲလာက မနက်ဖြန်အတွက် ရိက္ခာတွေယူသွားဖို့ စီစဉ်ပေးထားပါ"

"ကဲ . . . အားလုံး ထမင်းစားကြရအောင်"

အဲလာရှောင်က အိမ်ပေါ်သို့တက်သွားသည်။ လူရဲ၊ အဒူလေး၊ ထော်မာန်တို့က နောက်မှလိုက်လာသည်။

✳

လူရဲနှင့်ထော်မာန်က ရိက္ခာများကို ကျောပိုးအိတ်ထဲသို့ ထည့်ပြီးလွယ်သည်။ တောပစ်သေနတ်တစ်လက်စီ ကိုင်ကာ မနက်အလင်းရောင်သန်းသည်နှင့် အရှေ့ဘက်မှ တောထဲသို့ လာခဲ့သည်။ သူတို့ရှေ့မှသွားနှင့်သော ရွာသားများကို လှမ်းမြင်





နေရသည်။ လူရဲနှင့်ထော်မာန်တို့က တစ်ဖက်သို့ လမ်းလွဲလာခဲ့သည်။ သည်နယ် သည်ဒေသက တောတောင်ထူထပ်ပြီး မတ်စောက်သဖြင့် တစ်တောင်တက် တစ်တောင်ဆင်းဖြင့် ခရီးနှင်သွားခဲ့ကြသည်။ သားကောင်ခြေရာများကို လေ့လာသည်။ အရှေ့ဘက်တောင်တန်းဆီမှ နိမ့်ဆင်းဖြတ်သန်းကာ စီးဆင်းလာသော စမ်းချောင်းက တောင်လေးလုံးဆိုင်နေသည့် တောင်ခြေတွင် ရေကန်သဖွယ် ဖြစ်နေ၏။

ထော်မာန်က ရေကန်ရှိရာသို့ ပြေးဆင်းသွားသည်။ တောင်လေးတောင် အတက်နေရာများကို စူးစိုက်ကြည့်၏။ တောင်ပေါ်တွင်ရှိသော လူရဲအား သားကောင် အတက်အဆင်းများသော တောင်ကို လက်ညှိုးထိုးပြသည်။ လူရဲရှိသည့် တောင်ပေါ်သို့ တက်လာသည်။

"ငါ လက်ညှိုးထိုးပြတဲ့ တောင်ပေါ်မှာ တိရစ္ဆာန်ခြေရာတွေ အများကြီးပဲ၊ ငါတို့က ဒီဘက်တောင်ပေါ်ကမှုက စောင့်ပြီး ချောင်းမြောင်းပစ်ကြတာပေါ့"

လူရဲက ခေါင်းညိတ်သည်။ တောင်တစ်ဖက်အဆင်းတွင် ထိုင်ကာ အဲလာရှောင် ထည့်ပေးလိုက်သော ရိက္ခာများကို စားသောက်ကြ၏။

"ခြေရာတွေက ဘယ်တောကောင်ရဲ့ခြေရာလို့ မှန်းသလဲ ထော်မာန်"



www.burmeseclassic.com

www.burmeseclassic.com



လူရဲက ရေနွေးကြမ်းခါးခါးထည့်ထားသော ရေဘူးကို မော့သောက်ရင်းမှ မေးသည်။

"ဒရယ်ပြောက်ခြေရာတွေ များတယ်၊ သမင်ခြေရာတွေလည်း တွေ့တယ်၊ ရေအိုင်ထဲကို ရေဆင်းသောက်ကြတာ ဖြစ်မယ်"

"ဘယ်လိုသားကောင်ဖြစ်ဖြစ်လေ၊ သားကောင် တစ်ကောင်ရအောင်တော့ ပစ်ရမှာပဲ"

လူရဲက တောပစ်သေနတ်ကို မောင်းတင်ပြီး အနားတွင် အသာချထားလိုက်သည်။ ထော်မာန်က မြေသားပေါ်တွင် လှဲ၍ အိပ်နေသည်။ လူရဲက ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်နေသည်။

ထိုစဉ် တစ်ဖက်တောင်ကြောမှ ခြေသံသဲ့သဲ့ကို လူရဲ ကြားလိုက်မိ၏။ လူရဲက ထော်မာန်ကို လက်တို့လိုက်သည်။ အမဲပစ်သေနတ်ကိုကိုင်ကာ တောင်ဖျားသို့ မိကျောင်းတက် တက်လာခဲ့၏။ ထော်မာန်ကလည်း လူရဲ့ဘေးမှ တရွေ့ရွေ့ တက်လာသည်။ တောင်ထိပ်သို့ မရောက်မီတွင် ခဏရပ်ပြီး နားစွင့်ကြည့်လိုက်သည်။ ရေအိုင်ရှိရာသို့ ပြေးဆင်းနေသည့် ခြေသံများကို ကြားရသည်။ တောင်ထိပ်ဖျားမှ ခေါင်းပြူ၍ ကြည့်လိုက်၏။ လူရဲမျက်နှာ ဝင်းလက်သွားသည်။ ခေါင်းကို ပြန်၍ ကွယ်နေလိုက်သည်။





ဒရယ်ပြောက်သုံးကောင်သည် ရေအိုင်ရှိရာသို့ ဆင်းလာနေသည်။ ဒရယ်ပြောက်တွေကို ရေသောက်ခွင့်ပေးထားလိုက်သည်။ ပြီးမှ အပိုင်ပစ်ရန် လူရဲ စိတ်ကူးထား၏။ လူရဲက ထော်မာန်အား "မင်း တစ်ကောင်ပစ်၊ ငါ တစ်ကောင်ပစ်မည်" ဟု အမူအရာဖြင့်ပြသည်။ ထော်မာန်က ခေါင်းညိတ်သည်။ ခဏကြာလျှင် လူရဲက ပြိုင်တူပစ်ကြစို့ဟု ထော်မာန်ကို အထာပြလိုက်၏။ တောင်ထိပ်များတွင် အသေအချာ ဝမ်းလျားမှောက်၍ ဒရယ်ပြောက်ကို သေနတ်ကိုချိန်သည်။ ထော်မာန်ကပစ်ရန် အသင့်ဟု ခေါင်းဆတ်ပြ၏။ ဒရယ်ပြောက်များ ရေအိုင်မှာ ရေသောက်ပြီး တောင်ပေါ်သို့ ပြန်အတက်တွင် သေနတ်မောင်းကို နှိပ်ချလိုက်မိသည်။

'ဒိုင်း'

'ဒိုင်း'

ဒရယ်ပြောက်နှစ်ကောင်မှာ ဘိုင်းခနဲလဲကျသွားသည်။ သေနတ်သံနှစ်ချက်က ပဲ့တင်သံထပ်သွားသည်။ ထော်မာန်က လက်မထောင်ပြသလို လူရဲကလည်း လက်မထောင်ပြသည်။ နှစ်ဦးသား ပြိုင်တူ ထရပ်လိုက်သည်။ ထိုစဉ် –

'ဒိုင်း'

'ဒိုင်း'

သေနတ်ကျည်သံက အသံနှင့် မရှေးမနှောင်းတွင် သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးဘေးမှ ဖြတ်သန်းသွားသည်။

"ထော်မာန် ... ဝပ်ချလိုက်"

တစ်ဖက်တောဆင်းသို့ ဝပ်ချလိုက်သည်။

"ထော်မာန် ... ဒါ ဒါ ငါတို့ကို သေနတ်နဲ့ပစ်ပြီး လုပ်ကြံတာကွ၊ ငါတို့နှစ်ယောက်က ငါတို့လက်ချက်နဲ့ ဒရယ်ပြောက်နှစ်ကောင်ရလိုက်တာကို ဝမ်းသာနေလို့ ဂရုမထားမိဘူး ကံကောင်းတယ်နော်"

လူရဲက သေနတ်ကျည်ဆန်လာမည့်ဘက်သို့ မှန်းဆပြီး တောင်ထိပ်ပေါ်သို့ဝပ်ပြီး ကြည့်သည်။ သစ်ပင်များ ထူထပ်သော နေရာမှ ချောင်းမြောင်းပြီး သူတို့ကိုပစ်မှန်း တွက်ဆ၍ရသွားသည်။

"လူရဲ ... ငါတို့အပြန်လမ်းကျရင် သတိထားမှ ဖြစ်တော့မယ်"

"အေးကွ ... ဒီလုပ်ကြံမှုဟာ ဖိုဘီနာရဲ့လက်ချက်လို့ ငါတော့ တစ်ထစ်ချတွက်ဆလို့ရသွားပြီ၊ တကယ်လို့သာ ငါတို့ကို မှန်သွားရင် တောလိုက်ရင်း တောမှောက်ပြီး သားကောင်ထင်လို့ ပစ်မိပါတယ်ဆိုပြီး လုပ်ဇာတ်ခင်းမှာ သေချာတယ်"

"လူရဲ ... ကျည်ဆန်က မင်းနဲ့ငါ နှစ်ယောက်ကြားက ထွက်သွားတာ၊ ငါတို့နှစ်ယောက် ပူးကပ်နေမိရင်တော့ တစ်ယောက်ယောက်ကိုထိမှန်မှာ ကျိန်းသေပဲ၊ ရှေ့လျှောက် ငါတို့





သတိရှိမှဖြစ်တော့မယ် လူရဲ"

"ဟုတ်တယ်၊ ဖိုဘီနာဟာ ငါ ဒီဒေသကိုရောက်လာတာကို လုံးဝ မကျေနပ်တာတော့အမှန်ပဲ"

"အချိန်ရှိတုန်း ငါတို့ပြန်ကြရအောင် လူရဲ"

လူရဲနှင့်ထော်မာန်သည် ဒရယ်ပြောက်များ၏ ခြေနှင့်လက်ကို ကြိုးတုပ်ပြီး တစ်ယောက်တစ်ကောင် ထမ်းလာကြသည်။ ပတ်ဝန်းကျင်ကို အကဲခတ်ရင်း ခရီးဆက်ခဲ့ကြသည်။ တောတန်းတစ်ခုသို့ ဝင်လာမိစဉ် –

"လူရဲ ... ဟိုမှာ လူတစ်ယောက်ပြေးသွားပြီ"

ထော်မာန်က လက်ညှိုးထိုးပြသည်။ လူရဲက သူ့ပခုံးပေါ်မှ သားကောင်ကိုပစ်ချပြီး ထွက်ပြေးသောသူအား သေနတ်ဖြင့် ချိန်သည်။

"ဒီလောက်လုပ်ကြံဖို့ ကြိုးစားနေတာ ... ကဲကွာ"

'ဒိုင်း'

ထွက်ပြေးနေသူမှာ လဲကျသွားသည်။ ထို့နောက် ထော့နင်း ထော့နင်းဖြင့် တောင်အောက်သို့ ဆက်ပြေးသွားသည်။

"ခြေထောက်ကို ရှပ်မှန်သွားပုံပဲ လူရဲ"

"ဟုတ်တယ်၊ ငါကလည်း အသေမပစ်ချင်ပါဘူး၊ ဒီလောက်ဆို မှတ်လောက်သားလောက် ဖြစ်သွားပါပြီ"

လူရဲက မြေပြင်မှ သားကောင်ကို ကောက်ယူ၍



www.burmeseclassic.com

www.burmeseclassic.com



ထမ်း၏။ ထွက်ပြေးသွားသူကျန်ခဲ့သော ဒူးလေးကို ထော်မာန်က ချိုးဖဲ့ဖျက်ဆီးပစ်လိုက်သည်။ ညနေစောင်းတွင် အိမ်သို့ပြန်ရောက်လာသည်။

လူရဲက တောထဲတွင် သေနတ်နှင့် ချောင်းအပစ်ခံရပုံကို အဲလာရှောင်အား ပြောပြလိုက်သည်။

''ကျွတ် ကျွတ် ... မသေကောင်းမပျောက်ကောင်း အားကိုရယ်''

''တောက် ... ငါ့အတွက်ကျတော့ တစ်စက်ကလေးမှ မစိုးရိမ်ဘူး''

ထော်မာန်စကားကြောင့် ရယ်သံများ ဆူညံသွားသည်။

''နင့်အတွက်လည်း စိုးရိမ်ပါတယ်ဟယ်၊ ဒီမောင်နှမလေးနှစ်ယောက် ရှိတာပဲ၊ နင်တို့ တစ်ယောက်ယောက်သာ သေနတ်မှန်သွားရင် ငါကိုယ်တိုင် အဲဒီကောင်ကြီးကို သေနတ်နဲ့ ပစ်သတ်မယ်''

''အဲလာက သေနတ်ပစ်တတ်လို့လား''

''ပစ်တတ်တာပေါ့၊ အဖေ သင်ပေးထားတာ''

''ကဲ ... တွေ့လား လူရဲ၊ မင်းမိန်းမတောင် သေနတ်ပစ်တတ်တယ်၊ ငါ့ကိုကျတော့ သေနတ်ပစ်ပုံပစ်နည်းပဲ ပြောပြတယ်၊ လက်တည့်အောင် လေ့ကျင့်မပေးဘူး''

အဒူလေးက မျက်နှာရှုံ့မဲ့စွာဖြင့် ပြောသည်။





ထော်မာန်က ဒရယ်ပြောက်တစ်ကောင်ကို ဆလိုင်းတစ်ဦးထံသို့ သွားပို့သည်။ ကျန်တစ်ကောင်ကို အသားဖျက်ပြီး ဟင်းချက်စားကြသည်။

''အဝစား အဒူလေး၊ ငါတို့အသက်နဲ့ရင်းပြီး ပစ်လာတာ''

''အဲသလိုပြောရင် စားမဝင်ချင်တော့ဘူး၊ စားပြီးမှ ပြောပါ လူရဲရယ်၊ မင်းမိန်းမချက်ထားတဲ့ဟင်းက စားကောင်းလွန်းလို့ပါ''

အားလုံး ဝိုင်းရယ်မိကြသည်။

''ငါ တောတောင်တွေထဲမှာ အမဲပစ်လာတာ နှစ်မနည်းတော့ဘူး။ ဒီဒေသကိုရောက်တော့မှ ဒရယ်ပြောက်ကို ပစ်ဖူးတာ၊ သူ့အသားက စားကောင်းသားပဲ၊ အဲလာ ... ဒရယ်ပြောက်သားကို ဆားနဲ့နယ်ပြီး သိမ်းထားသေးတယ် မဟုတ်လား''

''ဘာ ... ဘာဖြစ်လို့လဲ အားကို''

''မနက်ဖြန်ကျရင် အစ်ကိုကိုယ်တိုင် ဒရယ်ပြောက်သားကို ဆီပြန်ဟင်းချက်ကျွေးမယ်''

''အားကိုက ဟင်းချက်တတ်လို့လား''

''ချက်တတ်တာပေါ့ အဲလာရဲ့၊ ဟင်းခတ်အမွှေးအကြိုင်တွေနဲ့ဆိုရင် အပျံစားကောင်းမှာကွ''

''ဟင်းခတ်အမွှေးအကြိုင်တွေက မချမ်းသာမှာ



www.burmeseclassic.com

www.burmeseclassic.com



သွားဝယ်ရင်တော့ ရတယ်၊ အဲလာ သွားဝယ်ပေးရမလား အား ကို''

''မဝယ်ပါနဲ့ အဲလာရယ်၊ အစ်ကိုစားကောင်းအောင် ချက်တတ်ပါတယ်''

''ဩော် . . . ဒါနဲ့ နေဦး၊ အားကိုကို မေးရဦးမယ်''

''ဘာမေးမှာလဲ အဲလာ''

''အားကိုတို့ကို သေနတ်နဲ့ချောင်းမြောင်းပစ်တဲ့သူ အားကိုက သေနတ်နဲ့ပစ်လိုက်တာ ခြေထောက်ကိုမှန်သွားတယ် ဆို၊ အားကိုတို့က အဲဒီလူနောက်ကို ဘာလို့လိုက်မဖမ်းတာလဲ''

''အစ်ကိုတို့ပစ်ထားတဲ့ ဒရယ်ပြောက်နှစ်ကောင်က ရှိ သေးတာကိုး''

''ဝါး . . . အစားတွေများပြီး မျက်တောင်စင်းလာပြီ လူရဲရေ''

''ငါ့သူငယ်ချင်း စားကောင်းသောက်ကောင်းရင် ပြီး တာပါပဲ၊ ငါနဲ့ထော်မာန်က တောထဲမှာပင်ပန်းလာတာမို့ စော စောအနားယူကြတော့မယ်''

လူရဲတို့အားလုံး စောစောစီးစီး အိပ်ရာဝင်ခဲ့ကြသည်။

***

## အခန်း (၁၀)

'ဒူ ဒူ ဒူ ဒူ'

မောင်းထုသံများက ဆူညံနေသည်။ လူရဲက ဖျတ်ခနဲ လန့်နိုးသွားသည်။ တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေသည်။ နေ့က သူနှင့်ထော်မာန်တို့ ခရီးကြမ်းနှင်လာခဲ့ကြသည်ကို တွေး မိပြုံးနေမိသည်။ အဲလာရှောင်က နှစ်ခြိုက်စွာအိပ်မောကျနေဆဲ။

''မိုးတောင်မလင်းသေးပါဘူး၊ ဘယ့်နှယ် မောင်းတွေ ဘာအားထုနေရတာလဲ၊ လန့်တောင်သွားတယ်''

အဒူလေးက အိပ်ရာထဲမှထလာပြီး မီးခွက်ကိုမီးညှိ သည်။

''ဒီနေ့ မြွေနတ်ဘုရား ပူဇော်ပွဲကျင်းပမယ့်နေ့လေ၊ ညကျရင် မီးဖိုဖို့ ထင်းတွေသွားရှာပြီး ပို့ပေးဖို့ သတိပေးနှိုးဆော်



www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ ကျုပ်တို့လူမျိုးစုတွေကတော့ သိတာပေါ့၊ ကိုအဒူလေး အတွက်တော့ အထူးအဆန်းပေါ့၊ အဖေကတော့ အဲဒါကို သိ အမြင်ကတ်တာ၊ ဒီလိုနေ့မျိုးဆိုရင် အဖေက တောထဲမှာပဲ သွား နေတယ်''

ထော်မာန်က ပြောသည်။ အဒူလေးက ခပေါင်းစီး ရက်ကို မီးညှိဖွာရှိုက်နေသည်။

''ကျုပ်လည်း တစ်လိပ်လောက် ပေးတိုက်စမ်းပါ ခင်ဗျားတို့ မြေပြန့်ကဆေးလိပ်က သောက်လို့အကောင်းသား

လူရဲက အခန်းထဲမှ ထွက်လာသည်။

''အဒူလေး ... မင်းကြောင့် ငါ့ယောက်ဖတော် ခပေါင်းသောက်တတ်နေပြီ''

''လူရဲ ... မင်းလည်း မောင်းသံကြောင့် ပြောင်း သွားတာမဟုတ်လား''

''ဟုတ်ပါ့ကွာ၊ ပင်ပန်းလွန်းလို့ နှစ်နှစ်ခြိုက်ခြိုက် အ ပျော်နေတာ၊ မောင်းထုသံကြားတော့ ဘာမှန်းမသိ နိုးသွားတော့ တာပေါ့''

အဒူလေးက လူရဲထံသို့ ခပေါင်းစီးကရက်တစ် ကမ်းပေးသည်။

လူရဲက မီးညှိပြီး အားရပါးရ ဖွာရှိုက်နေသည်။ ခ ကြာတော့ အဲလာရှောင် အိပ်ရာမှနိုးလာသည်။





''အားကိုတို့က အစောကြီးထပြီး ဘာတိုင်ပင်နေကြတာ လဲ''

''ငါတို့သုံးယောက် စမ်းချောင်းထဲမှာ ရေဆင်းပုပ်ရရင် ကောင်းမလားလို့''

''ဟာ အားကိုကလည်း ... ဒီလောက်အေးစိမ့်နေတာ သွေးခဲသွားမှာပေါ့''

''အလကားပါဟာ၊ ဖိုဘီနာနှိပ်စက်တဲ့ မောင်းထုသံ ကြားပြီး ငါတို့ အိပ်ရာကနိုးကုန်တာ''

''ဒီနေ့ဒီရက်မှာ ပူဇော်ပွဲအတွက် ဘာတွေပြင်ဆင် ဆောင်ရွက်ပေးရမယ်ဆိုတာ တစ်ရွာလုံးသိနေတာပဲ၊ ပိုကိုပို တယ်''

အဲလာရှောင်က မျက်နှာရှုံ့မဲ့ပြီး မီးဖိုချောင်ထဲသို့ဝင်သွား သည်။

''ထော်မာန် ... ငါတို့က ပူဇော်ပွဲအတွက် တောထဲမှာ ထင်းသွားရှာရဦးမှာလား၊ သားကောင်တစ်ကောင် ပို့ပေးထားပြီ ပဲ''

''သားကောင်မရှာပေးတတ်သူက ထင်းခုတ်ပို့ရတာပါ''

''ဟူး ... တော်ပါသေးရဲ့''

''လူရဲ ... ညက ငါအိပ်မပျော်သေးခင် တစ်ခု သွား တွေးမိတယ်၊ မင်း သေနတ်နဲ့လှမ်းပစ်လိုက်လို့ ဒဏ်ရာရသွားသူ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဖိုဘီနာရဲ့တပည့်တစ်ဦးဆိုတာ မတွေးဘဲသိနိုင်တယ် အ[illegible]ကော်ရာရသွားသူဟာ ဖိုဘီနာနေထိုင်တဲ့ ကျောက်ဂူထဲမှာ ရှိမှာ အသေအချာပဲ၊ ဒီည မြွေနတ်ဘုရားပူဇော်ပွဲကျင်းပနေချိန်မှာ မင်းက ပူဇော်ပွဲပရိသတ်ထဲမှာပဲရှိနေပေါ့၊ ငါနဲ့အဒူလေးက ဖိုဘီနာရဲ့ကျောက်ဂူကိုသွားပြီး လေ့လာမယ် ... ဘယ့်နှယ်လဲ''

''အင်း ... မင်းအကြံအစည်ကကောင်းပါတယ် အဒူလေးကတော့ သတိဝီရိယထားပြီး လိုက်သွားမှဖြစ်မယ် ဒီမနက်စာ စားပြီးတာနဲ့ ငါက အဒူလေးကို ဒူးလေးပစ်တာ သင်ပေးမယ်''

''ဟား ဟား ဟား''

''ဘာရယ်ကြတာလဲကွ''

''ထော်မာနက ငါ့ကို ဒူးလေးပစ်တာသင်ပေးလို့ ငါ တတ်နေပြီ''

''အေး ... ဒါမှ ငါ့သူငယ်ချင်းပီသတာ၊ ဒါပေမဲ့ မျ တစ်ယောက်ကို မှန်အောင်ပစ်နိုင်လို့လား''

''မင်းက ငါ့ကို အထင်သေးလိုက်တာ''

''ငါ့သူငယ်ချင်းပစ်တတ်တယ်ဆိုရင် ဝမ်းသာလှပါပြီ ကဲ ... မျက်နှာသစ်ကြရအောင်''

လူရဲတို့ မျက်နှာသစ်နေကြစဉ် ဟင်းနံ့က ပျံ့လွင့်လာသည်။





ကောက်ညှင်းထမင်းနှင့် တောကောင်သားဟင်းကို နံနက်စာအဖြစ် စားကြသည်။ ရွာလယ်မှ ဆူညံသောအသံများကို ကြားနေရသည်။

''မြွေနတ်ဘုရားကို ယုံကြည်သက်ဝင်ခြင်း ရှိတာ၊ မရှိတာ အသာထား၊ ဒီပွဲကို ပျော်စရာကောင်းတာတော့ အမှန်ပဲ လူရဲ''

''ဟင် ... ဘယ်လိုပျော်စရာကောင်းတာလဲ ပြောစမ်းပါဦး''

''ဘာမှပြောမပြတော့ပါဘူး၊ ညကျရင် မင်းကိုယ်တိုင် ပါဝင်ဆင်နွှဲပေတော့ လူရဲ''

''ငါ့မိန်းမကို ခေါ်သွားလို့ရသလား''

''မင်းမှာ သားသမီးရှိရင်လည်း ခေါ်သွားလို့ရတယ်''

ထော်မာန်စကားကြောင့် အဲလာရှောင်၏မျက်နှာတွင် ရှက်သွေးဖြန်းသွားသည်။

''ဟဲ့ ထော်မာန် ... ဘာတွေပြောနေတာလဲ''

''သူ့သဘောပေါက်အောင် ပြောပြပေးနေတာ၊ ဘာလဲ နင့်မှာ သားသမီးရှိနေလို့ နင်က ရှက်နေရတာလား''

''ထော်မာန် ... နင် အရှက်မရှိဘူးလား''

အဲလာရှောင်က စားပြီးသားပန်းကန်များကို ယူသွားသည်။ အဒူလေးက နံရံတွင်ချိတ်ဆွဲထားသော ဒူးလေးနှင့်မြား



www.burmeseclassic.com

www.burmeseclassic.com



ဘူးကိုယူပြီး အိမ်အောက်သို့ ဆင်းသွားသည်။ လူရဲက နောက်မှလိုက်သွား၏။ အဒူလေးက ဒူးလေးတွင် မြှားတင်ပြီး သစ်ပင်ရှိရာသို့ ပစ်လိုက်၏။

'ရှိုး'

'ဒုတ်'

မြှားက သစ်ပင်၏ပင်စည်တွင် သွားရှိစိုက်နေ၏။ မြှားအမြီးပိုင်းက တဆတ်ဆတ်နှင့်ခါရမ်းနေဆဲ။

"ဟ . . . တယ်ဟုတ်ပါလား အဒူလေးရဲ"

"မင်းရဲ့သူငယ်ချင်းလုပ်နေပြီး ဒူးလေးမှမပစ်တတ်ရင် သိက္ခာကျမှာပေါ့၊ ဒီလို မှန်အောင် ငါအချိန်ပေါင်းများစွာ လေ့ကျင့်ခဲ့ရတာ၊ ငါ အိပ်ရာဘေးမှာ ဂုံနီအိတ်တစ်လုံးတွေ့တယ် မဟုတ်လား"

"အေး . . . တွေ့တယ်"

"အဲဒီဂုံနီအိတ်ထဲမှာ ဒူးလေးပစ်တဲ့မြှားတွေ ငါလုပ်ထားတာ"

"ဒီလောက်အများကြီး ဘာလို့လုပ်ထားတာလဲ"

"အရေးကိစ္စကြုံလာရင် အသုံးပြုဖို့ပေါ့ကွ"

"မင်း တွေးခေါ်မြော်မြင်တတ်လာပြီ"

"အဲဒါဆိုရင် မင်း ဟင်းသွားချက်တော့"

"ဟာ . . . ဘာဆိုင်လို့လဲ"





"မင်းပဲ ညက ဟင်းချက်ကျွေးမယ်လို့ ပြောထားတာ သ"

"ဟင်း . . . မှတ်ဉာဏ်ကောင်းတယ်"

လူရဲက အဒူလေး၏ပါးနှစ်ဖက်ကို အတင်းဖျစ်ပြီး အိမ် ပေါ်သို့တက်သွားသည်။

✳

ညမိုးချုပ်သည်နှင့် ရွာလယ်ပိုင်းမှ ရိုးရာတူရိယာ တီး တ်သံများကို ကြားရသည်။ လူရဲတို့အားလုံး ညစာစားပြီးနေ ပြစ်၏။ လူရဲက ခါးကြားတွင် ဓားအိမ်ပါသောဓားမြှောင်ကို ိုးသည်။ ထို့နောက် သားမွေးဂျာကင်ကို ဝတ်ထားလိုက်သည်။ အဲလာရှောင်က ဖီးလိမ်းပြင်ဆင်ပြီးသည်နှင့် ရိုးရာဝတ်စုံကို ဝတ် ဆင်ထားသည်။

"အဖေ့ရဲ့ရိုးရာဝတ်စုံရှိတယ် အားကို၊ ဝတ်မလား"

"ဟင့်အင်း . . . မဝတ်တတ်ပါဘူး အဲလာရယ်၊ မိဘရဲ့ အမွေပစ္စည်းဆိုတော့ မပျက်ဆီး မပျောက်ပျက်အောင် ထိန်းသိမ်း ားပါ"

"အားကိုးရယ် . . . အဖေ့ကို အဲလာသတိရလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



အဲလာရှောင် မျက်ဝန်းအိမ်ထဲတွင် မျက်ရည်တွေဝဲလာသည်။

"ဘာလို့စိတ်မကောင်းစရာတွေကို တွေးနေရတာလဲ အဲလာရယ်၊ ကံ ကံ၏အကျိုးကို ဇောထရိန် ခံစားသွားရတယ်လို့ သဘောထားပြီး စိတ်ကို ဖြေသိမ့်ပါကွယ်"

လူရဲက အဲလာရှောင်၏ပါးပြင်ပေါ်မှ မျက်ရည်များကို သုတ်ပေးရင်းပြောသည်။ အဲလာရှောင်က မသိမသာတစ်ချက် ရှိုက်လိုက်၏။

"အားကို ... အားကိုပြောတဲ့ ကံ ကံ၏အကျိုးဆိုတာ ဘာကိုပြောတာလဲ၊ အားကိုပြောတဲ့စကားကို အဲလာနားမလည်ဘူး"

အဲလာရှောင်၏စကားကြောင့် လူရဲက ပြုံးသည်။ အဲလာရှောင်၏ ကိုယ်လုံးကလေးကိုလည်း ဖက်ထားလိုက်သည်။

"အဲလာမေးတာကိုတော့ ရှင်းမပြသေးဘဲ ဘာလို့ ပြုံးနေတာလဲ"

"အဲလာနားလည်အောင် အစ်ကိုရှင်းပြပေးမှာပေါ့ အစ်ကိုတို့ ဗုဒ္ဓဘာသာမှာ 'ဝိပါတ်' ဆိုတဲ့စကားရှိတယ်၊ 'ဝိပါက' ဆိုတဲ့ ပါဠိဘာသာက ဆင်းသက်လာတဲ့စကားပဲကွဲ့။ မြန်မာလို ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏အကျိုးတရားလို့ အဓိပ္ပာယ်ရတယ်၊ ကုသိုလ်ဆိုတာက ကောင်းမှုတွေကို လုပ်ကိုင်တာ





အကုသိုလ်ဆိုတာက မကောင်းမှုတွေကိုလုပ်ကိုင်တာ၊ အစ်ကိုတို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေ နေ့စဉ်စောင့်ထိန်းသင့်တဲ့ သီလငါးပါးဆိုတာ ရှိတယ်၊ (၁) သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း၊ (၂) သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊ (၃) သူတစ်ပါးသားမယားကို ပြစ်မှားကျူးလွန်ခြင်း၊ (၄) စကားကို လိမ်လည်ပြောဆိုခြင်း၊ (၅) အရက်သေစာသောက်စားခြင်းဆိုတာတွေပဲ ...၊

အစ်ကိုပြောတဲ့ ဝိပါဖ်မှာလည်း "ကုသလဝိပါက်နဲ့ အကုသလဝိပါက်' ဆိုပြီး နှစ်မျိုးရှိပြန်တယ်၊ ကုသလဝိပါက် ဆိုတာက ရှေးဘဝက ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်ရဲ့အကျိုးကို ပြောတာ၊ အကုသလဝိပါက်ဆိုတာက ရှေးဘဝကပြုလုပ်ခဲ့တဲ့ မကောင်းမှုအကျိုးကို ခံစားရတာ ...၊

အဲလာ ပိုပြီးနားလည်အောင်ပြောပြရရင် အဲလာရဲ့အဖေ ဇောထရိန်ဟာ ဟိုးဘဝ သူတစ်ပါးကို ရက်စက်စွာသတ်ဖြတ်ခဲ့တာကြောင့် ဒီဘဝမှာ သူ့ကို သတ္တဝါတစ်ကောင်က ရက်စက်စွာ သတ်တာကို ခံရတာပဲ"

"ဟင် ...အခု အားကိုတို့၊ ထော်မာန်တို့က တောထဲက တောကောင်တွေကို သေနတ်နဲ့ပစ်သတ်နေတာကျတော့ ကော အားကိုပြောသလို အားကိုတို့၊ ထော်မာန်တို့လည်း နောင်ဘဝမှာ အဲသလို ပြန်ပြီး အသတ်ခံရမှာလား"

"ဝဋ်ဆိုတာ ပြန်ခံရတာပဲ၊ ရှောင်လွှဲလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲဒါဆိုရင် အားကို အမဲပစ်မသွားနဲ့တော့။ အားကိုကို အဲလာအဖေလို အသေဆိုးမျိုးနဲ့ သေမှာမကြည့်ရက်ဘူး"

"အဲဒီတောကောင်တွေက ဟိုးဘဝက အစ်ကိုကို သတ်ခဲ့လို့ ဒီဘဝမှာ အစ်ကိုက သားကောင်တွေကို ပြန်သတ်နေတာ"

"ဟင်း ... အားကိုက သိပ်စကားပြောလည်တာပဲ"

ရယ်သံများ ထွက်ပေါ်လာသည်။ ထော်မာန်နှင့်အဒူလေးက အပြင်မှပြန်လာသည်။

"လူရဲ ... မင်းတို့သွားကြတော့လေ၊ မင်းတို့ ပူဇော်ပွဲမှာရှိနေတဲ့အချိန် ငါတို့နှစ်ယောက်က ဗိုဘီနာနေတဲ့ ကျောက်ဂူကို သွားကြမယ်"

"ထော်မာန်နဲ့အဒူလေး ... သတိဝီရိယတော့ ရှိပါစေနော်"

"စိတ်ချပါ လူရဲ"

လူရဲနှင့်အဲလာရှောင်က မြွေနတ်ဘုရားပူဇော်ပွဲသို့ လာခဲ့သည်။ ရွာလယ်မှ မြေကွက်လပ်တွင် ကြီးမားသော မီးပုံကြီးကို ဖိုထားသည်။ မီးပုံကြီးက အလျှံညီးညီးဖြင့် တောက်လောင်နေသည်။

မီးပုံကြီးမှ အလင်းရောင်သည် ရွာလယ်မြေကွက်လပ်တစ်ခုလုံးကို လင်းထိန်နေသည်။ ဘေးပတ်လည်တွင်လည်း





တိရစ္ဆာန်အဆီဖြင့် ထွန်းထားသော မီးတိုင်များကို စိုက်ထူထားသည်။ မီးပုံကြီး၏ဘေးပတ်လည်တွင် သားကောင်များကို တံကျင်ထိုးပြီး ဝါးခွထောက်တိုင်များဖြင့် အသားကင်ထားသည်။ မြေကွက်၏ရှေ့ဘက်တွင် ကျောက်ပြားကြီးကို ထွင်းထုထားသော မြွေရုပ်ကြီးကို ဝါးစင်မြင့်ပေါ်တွင် တင်ထား၏။

ရွာသားများက တူရိယာများကို တီးခတ်နေကြသည်။ လူရဲနှင့်အဲလာရှောင်က လူအုပ်ထဲသို့ တိုးဝှေ့ဝင်လာပြီး နေရာယူနေလိုက်သည်။ မီးကင်ထားသော သားကောင်များက မွှေးပျံ့သော အသားကင်နံ့များ ထွက်နေသည်။

"ဒူ"

မောင်းထုသံတစ်ချက် ထွက်ပေါ်လာသည်။ သားမွေးကျားကင်ဖားဖားကြီးကို ဝတ်ဆင်ထားသည့် ဗိုဘီနာနှင့် သူ၏လူယုံတော်များက ပရိသတ်ရှေ့သို့ ရောက်လာသည်။ ဆလိုင်း (ဆယ်အိမ်မှူး) များက ဗိုဘီနာအနီးသို့ ချဉ်းကပ်သွားကြသည်။ ဗိုဘီနာက ဆလိုင်းများကို ပြောဆိုနေသည်။ ဆလိုင်းများက ဗိုဘီနာပြောသောစကားများကို နားထောင်ပြီး ခေါင်းတညိတ်ညိတ်။ ဆလိုင်းနှစ်ဦးက မီးပုံတွင် မီးကင်ထားသော အသားကင်နံ့ထွက်နေသည့် သားကောင်တစ်ကောင်ကို မြွေနတ်ဘုရားရုပ်ရှေ့သို့ ထမ်းသွားကြသည်။ မြွေနတ်ဘုရားရုပ်ရှေ့မှ ဝါးစင်ပေါ်သို့ တင်လိုက်သည်။ ဗိုဘီနာက ဝါးစင်မြင့်ပေါ်သို့ တက်သွား၏။ သူ၏



www.burmeseclassic.com

www.burmeseclassic.com



လူယုံတော်များက ပခြုပ်တစ်ခုကို ဝါးစင်မြင့်ပေါ်သို့ သယ်လာကြသည်။

"ပခြုပ်ထဲမှာ မြွေတွေပါလာတယ် ထင်တယ်"

လူရဲက အဲလာရှောင်ကို တိုးတိုးပြောသည်။

"ဟုတ်တယ် အားကို"

ဖိုဘီနာက ပခြုပ်ကိုဖွင့်သည်။ ပခြုပ်ထဲမှ လက်မောင်းလုံးခန့်ရှိသော မြွေကြီးတစ်ကောင်ကို လက်ဖြင့် ဆွဲထုတ်လိုက်၏။ တူရိယာတီးမှုတ်သံများရပ်သွားသည်။ ဖိုဘီနာက မြွေကြီးကို မြွေနတ်ဘုရားရုပ်တုရှေ့တွင် လက်နှစ်ဖက်ဖြင့်ကိုင်ကာ ဦးခေါင်းကို ညွှတ်ထားသည်။

မြွေကြီးက မြွေနတ်ဘုရားရုပ်တုကို လျှာ ဖြင့် လျက်နေသည်။ ဖိုဘီနာက ဂျိန်းဖောဘာသာစကားဖြင့် ပြောဆိုနေသည်။ မြန်မာလိုအဓိပ္ပာယ်မှာ ...

"မြွေနတ်ဘုရားအား သားကောင်သား၊ ခေါင်ရည်တို့ဖြင့် တင်မြှောက်ပသပါတယ်၊ ဒီနယ် ဒီဒေသမှာ နေထိုင်ကြတဲ့ လူမျိုးနွယ်များက ရိုသေသမှု ပြုပါတယ်၊ တောတောင်အတွင်း ကျေးရွာအတွင်း သွားလာနေထိုင်ကြတဲ့ လူမျိုးနွယ်များကို မြွေဆိုးအန္တရာယ်က ကင်းရှင်းအောင် အကာအကွယ်ပေးပါ၊ အန္တရာယ်ဟူသမျှကိုလည်း တားဆီးပေးပါ"

ဖိုဘီနာက မြွေကြီးကို ပခြုပ်ထဲသို့ ပြန်ထည့်ပြီး အဖုံး





ပိတ်ထားလိုက်သည်။ ရိုးရာတူရိယာတီးမှုတ်သံက ပြန်လည်ထွက်ပေါ်လာသည်။ ရွာသူရွာသားများသည် မီးပုံကြီးကို ဝိုင်းပတ်ကာ ကခုန်နေကြသည်။ ရွာသားများက မီးပုံဘေးတွင် ကင်ထားသော သားကောင်အသားများကို ဓားဖြင့်လှီးနေသည်။ ညှော်ပရိသတ်များအား ဝါကျည်တောက်ကလေးများနှင့် ထည့်ထားသော ခေါင်ရည်နှင့် အသားကင်ကို လိုက်လံဝေငှ၏။ လူရဲနှင့်အဲလာရှောင်က လာပေးသည်ကို ယူထားလိုက်သည်။

မြွေနတ်ဘုရားပူဇော်ပွဲသည် ပျော်ရွှင်စရာမီးပုံပွဲ ကျင်းပသည်နှင့် တူလှသည်။ လူရဲက ဟိုသည်ကြည့်ရင်း အားလုံးကို အကဲခတ်နေသည်။ ရွာသူရွာသားများမှာ ခေါင်ရည်သောက်ပြီး အသားကင်ကိုစားကာ မူးဝေနေကြသည်။

"ဟေ့ သောက်လေ စားလေ"

ရွာသားတစ်ဦးက လူရဲကို ပိန်းကူးလူမျိုးစကားဖြင့် ပြောသည်။ လူရဲက ခေါင်းညိတ်ပြီး ပြုံးနေလိုက်သည်။

"သူတို့ ခေါင်ရည်မူးပြီး ကခုန်နေကြတာ ပျော်စရာတော့ အကောင်းသားနော် အဲလာ"

"ဘာလဲ ... အားကိုက ကခုန်ချင်နေလို့လား"

"အစ်ကိုမှ မကတတ်တာပဲ"

"အဲလာ ကတတ်တယ်၊ အဲလာက ရှေ့က ကပြသွားမယ်၊ အားကိုက နောက်က လိုက်ကပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကောင်းသားပဲ"

လူရဲက ဇိုဘီနာ သူ့အပေါ် အာရုံစိုက်လာစေလို့ မကချင်ဘဲ ထိုင်ရာမှ ထလိုက်သည်။ အဲလာရှောင်က လူရဲ ကခုန်နေသူများကြားသို့ ခေါ်သွားသည်။ ဂီတသံနှင့်အတူ စည်ဝါးကျစွာ ကနေသည်။ လူရဲက ရယ်မောရင်း လိုက်ကသည်။

ဇိုဘီနာကတော့ လူရဲတစ်ယောက် ခေါင်ရည်တွေမူးပြီး ကခုန်နေသည်ဟု ယူဆမှာသေချာသည်။ ဇိုဘီနာ ကိုယ်တိုင်လည်း ခေါင်ရည်တွေသောက်ပြီး မူးနေသည်။ အသားကင်စားလိုက်၊ ခေါင်ရည်ကိုမော့သောက်လိုက်နှင့် မှိန်ကျနေ၏။

"ဟူး ... တော်ပြီကွာ၊ မောလာပြီ"

လူရဲက အဲလာရှောင်၏လက်ကိုဆွဲပြီး ပရိသတ်ထဲ တွင်သွားထိုင်နေလိုက်၏။ ထိုအချိန်တွင် –

❋

ထိုအချိန်တွင် ထော်မာန်နှင့်အဒူလေးတို့က ဇိုဘီနာနေထိုင်သည့် ကျောက်ဂူရှိရာသို့ အမှောင်ထုထဲတွင် လာခဲ့သည်။

'ဒုတ် ဒုတ် ဒုတ်'

တောင်ကျောတစ်ခုသို့ ဆင်းလာစဉ် အသံများကြား





ရသဖြင့် နှစ်ယောက်သား နားစွင့်နေလိုက်သည်။

"ဒါ ... တူးဆွနေတဲ့အသံကွ ထော်မာန်"

"အသံက ဟိုဘက်က ကြားနေရတာ၊ ငါတို့ သွားကြည့်ရအောင်၊ ဇိုဘီနာနေတဲ့ ကျောက်ဂူနဲ့လည်း နီးလာပြီကွ"

ထော်မာန်နှင့်အဒူလေးက တစ်ဖက်တောင်ခြေမှ အသံကြားနေသည့်နေရာသို့ ချဉ်းကပ်၍ လာခဲ့သည်။ တောင်ပေါ်သို့ တက်လာမိသည်နှင့် တစ်ဖက်တောင်ခြေမှ မီးအလင်းရောင်ကို မြင်လိုက်ရသည်။ တောင်ပေါ်သို့ရောက်လာကြသည်။

"ဟင်"

တောင်ခြေတွင် လူ (၁၅) ဦးခန့်သည့် မြေများကို တူးဖော်ပြီး စမ်းချောင်းရှိရာသို့ သယ်ယူနေကြသည်။ အေးမြသောရာသီဥတုကို ဂရုမထားနိုင်ကြ။ စမ်းချောင်းထဲတွင် မြေသားများကို ရေဖြင့်ဖျော်ကာ ကျင်နေကြလေ၏။

"ဟာ ... ဒါ ဒါ ဇိုဘီနာရဲ့တပည့်တွေ ဖြစ်လိမ့်မယ်၊ မြွေနတ်ဘုရားပူဇော်ပွဲကျင်းပလို့ ရွာသူရွာသားအားလုံး ရွာလယ်မှာ စုဝေးရောက်ရှိနေချိန်မှာ ဇိုဘီနာရဲ့တပည့်တွေက ကျောက်တူးနေကြတာကွ၊ ငါတို့ဒေသက အရည်အသွေးကောင်းတဲ့ အဖိုးတန်ကျောက်တွေ ထွက်တယ်၊ ငါတို့လူမျိုးတွေက အသိဉာဏ် မဖွံ့ဖြိုးသေးကြတော့ အရည်အသွေးကောင်းတဲ့ကျောက်ကို တွေ့ရင်တောင်မှ အဖိုးတန်မှန်းမသိကြဘူး။ ဟင်း ... ဇိုဘီနာက ငါတို့



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတွေကို မြွေနတ်ဘုရားနဲ့ ခြောက်လှန့်ပြီး သူက လှုယ်တော်တွေ မွေးပြီး စီးပွားရှာနေတာကိုး၊ လာ အဒူလေး . . . ငါတို့ ဗိုဘီနာရဲ့ ကျောက်ဂူကို သွားကြမယ်၊ အချိန်သိပ်မရှိဘူး''

ထော်မာန်က ရှေ့မှ ဦးဆောင်ပြီးသွားသည်။ အဒူလေးက ဒူးလေးတွင် မြားတပ်ပြီး အသင့်အနေအထားဖြင့် လိုက်လာသည်။ ကျောက်ခဲများကို ခလုတ်တိုက်မိကြသည်။ ခြေထောက်တွင် ပွန်းပဲ့ဒဏ်ရာများ ရရှိနေသည်ကို သိပေမယ့် ဂရုမထားအားပါ။ တစ်တောင်ဆင်း တစ်တောင်တက်နှင့် ခရီးကြမ်းနှင်လာကြသည်။ နှစ်ဦးစလုံးထံမှ မောဟိုက်သံများကြားနေရသည်။ မြင့်မားသောတောင်ပေါ်မှ တောင်အောက်သို့ ဆင်းမည်ပြုစဉ် တောင်အောက်မှ ထိုးထွက်နေသော အလင်းရောင်ကြောင့် တောင်တွင် အားလျှားမှောက်ပြီး အလင်းရောင်က အလင်းတန်းတစ်ခုသဖွယ် အပြင်သို့ ထွက်နေခြင်းဖြစ်လေသည်။ ကျောက်ဂူအပြင်ဘက်တွင် အစောင့်တစ်ဦးက ဝါးချွန်ကိုကိုင်ကာ ဟိုသည်လျှောက်နေသည်။

''ဂူအပြင်ဘက်မှာတော့ အစောင့်တစ်ယောက်တည်းပဲ ဂူအထဲမှာ ဘယ်နှယောက်ရှိမလဲတော့မသိဘူး''

ထော်မာန်က ပြောသည်။

''အဒူလေး . . . မင်းက ဂူပေါက်တည့်တည့်ကို ကြည့်ပေးထား၊ ငါက ဂူပေါက်ဝကို စောင့်နေတဲ့အစောင့်ကို တစ်ချက်သိပ်ဖို့ အနားကို ချဉ်းကပ်သွားမယ်၊ ဂူထဲက နောက်ထပ်လူတွေထွက်လာရင် လက်ခေါက်မှုတ်ပြီးအချက်ပေး . . . ဟုတ်ပြီလား''

''ကောင်းပြီ ထော်မာန်''

ထော်မာန်က အမှောင်ရိပ်ထဲမှ ဂူပေါက်ဝအနားသို့ ချဉ်းကပ်သွားသည်။ ဂူပေါက်ဝစောင့်ရင်း လမ်းလျှောက်နေသူကို အဒူလေးက အာရုံစိုက်ပြီးကြည့်နေ၏။

'ခွပ်'

''အင့်''

အမှောင်ထဲမှအသံနှစ်ချက် ကြားလိုက်ရသည်။ ထော်မာန်က လက်ခေါက်မှုတ်ပြီး အဒူလေးကို လှမ်းခေါ်သည်။ အဒူလေးက ဂူပေါက်ဝသို့လာခဲ့သည်။ ကျောက်ဂူထဲမှ စကားပြောသံများကို ကြားရ၏။ ထော်မာန်နှင့်အဒူလေးက ကျောက်ဂူထဲသို့ မည်သို့ဝင်ရမည်ကို စဉ်းစားနေသည်။

''ကျောက်ဂူထဲမှာ အစောင့်နှစ်ယောက်ပဲရှိတယ်၊ ဒီနှစ်ကောင်ကလည်း ခေါင်းရည်မူးနေပုံရတယ်၊ သူတို့ စကားပြောနေတာ အာလေးလျှာလေးနဲ့၊ အဒူလေး ငါတို့ကျောက်ဂူထဲကို ဝင်ပြီး ဒီကောင်နှစ်ကောင်ကို တိုက်ခိုက်ကြမယ်''

''ကောင်းတယ် ထော်မာန်''

ထော်မာန်နှင့်အဒူလေးက ကျောက်ဂူထဲသို့ ဝင်လာသည်။ ဗိုဘီနာ၏တပည့်နှစ်ဦးက ကျယ်လောင်စွာ စကားပြော







www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။ ထော်မာန်က ဂူပေါက်ဝသို့ ကျောက်ခဲတစ်လုံး ပ
လိုက်သည်။ အစောင့်နှစ်ဦးက ထိုင်နေရာမှ ဂူပေါက်ဝသို့
လျှောက်လာသည်။ အမှောင်ထဲမှ ထော်မာန်နှင့် အဒူလေးက-

''ကဲကွာ''

'ခွပ်'

''ဘုတ်''

''အွင့်''

''အား''

အစောင့်နှစ်ဦးမှာ ရုတ်တရက် တိုက်ခိုက်ခံရပြီး မှော
သွားသည်။ ထော်မာန်က ကျောက်ဂူအတွင်းတွင် လှည့်ပ
ကြည့်ရှုသည်။

''ဟာ . . . ဒီကောင်တွေတူးထားတဲ့ ကျောက်တွေ
မနည်းပါလား၊ ဖိုဘီနာက ဒါတွေကို လက်ဝါးကြီးအုပ်ထား
ကိုး''

သားရေဖျင်ထဲတွင် ထည့်ထားသော အရည်အသွေ
ကောင်းမွန်သည့် ကျောက်မျက်ရတနာများကို တွေ့ရသည
ထော်မာန်က အမဲပစ်သေနတ်ကို အဒူလေးထံသို့လှမ်းပေး

''ဘာလုပ်မလို့လဲ ထော်မာန်''

''ငါက ဒီကျောက်မျက်ရတနာထုပ်ကို ထမ်းလာခဲ့မယ်''

ထော်မာန်က သားရေဖျင်ကို စုစည်းသည်။ ပခုံးပေါ်သ



တင်သည်။ အဒူလေးကို ကျောက်ဂူထဲမှ ထွက်သွားရန် လက်
ဟန်ပြ၏။

''ဖိုဘီနာကတော့ သူရှာဖွေထားတဲ့ ရတနာတွေ ပျောက်
ဆုံးသွားလို့ ဒေါသဖြစ်နေမှာ မြင်ယောင်သေးတယ်''

''ထော်မာန် . . . မြွေနတ်ဘုရားပူဇော်ပွဲက ဘယ်အချိန်
အထိ ကျင်းပမှာလဲ၊ ငါတို့ အိမ်ပြန်မရောက်မီ ပူဇော်ပွဲပြီးသွားရင်
ကော''

''ဖိုဘီနာဟာ လောဘသမားတစ်ယောက်ဆိုတာ ငါသိ
သွားပြီ၊ သူ့တပည့်တွေ ကျောက်တူးနေတာ မင်းမြင်ခဲ့တယ်
ဟုတ်လား။ အခု သူတို့ ကျောက်တူးလို့ရထားတဲ့ ရတနာတွေ
ကို ငါ ထမ်းယူလာတာ၊ ဒီတော့ ဖိုဘီနာ သူ့ကျောက်ဂူကို
ပြန်တဲ့အချိန်ကျမှ ပူဇော်ပွဲပြီးမှာကွ''

''တော်တော်အကြံကြီးတဲ့လူပဲနော်''

''အဒူလေး . . . ခြေလှမ်းမြန်မြန်လျှောက်။ ဒီရတနာ
တွေကို အိမ်ကိုယူသွားလို့မဖြစ်ဘူး၊ တစ်နေရာမှာ မြှုပ်ထားခဲ့မှ
ဖြစ်မယ်၊ ပြီးရင် လက်နက်တွေကို အိမ်ပြန်ထားခဲ့ပြီး ပူဇော်ပွဲ
ဘာတဲ့ ပရိသတ်ထဲမှာ ငါတို့ ဟန်မပျက် သွားနေကြမယ်''

*



www.burmeseclassic.com

www.burmeseclassic.com



ထော်မာန်က ခေါင်ရည်အိုးထဲမှ ခေါင်ရည်ကို အနည်း[illegible]ငယ် ခပ်ယူသောက်လိုက်သည်။ ခေါင်းထဲတွင် မူးဝေလာသည်နှင့် ကခုန်နေသူများ၏ အကြားသို့ ဝင်လာပြီး ကခုန်နေသည်။

''ထော်မာန်တို့ ပြန်ရောက်နေကြပြီ အဲလာ၊ ဟိုး[illegible] ထော်မာန် ကခုန်နေတယ်၊ လာ အဲလာ ... အစ်ကိုတို့လည်း ကရအောင်''

လူရဲက အဲလာရှောင်ကို ကပြစေသည်။ သူက လိုက်[illegible] ကရင်း ထော်မာန်အနားသို့ ရောက်လာသည်။

''ဘယ်လိုလဲ ယောက်ဖ ... ပင်ပန်းသွားပြီလား''

လူရဲက ထော်မာန်ကို တီးတိုးမေးသည်။

''ပင်ပန်းပေမယ့် အကျိုးရှိပါတယ်''

ဖိုးတီနာက ခေါင်ရည်သောက်ရင်း လူရဲတို့ကို ကြည့်[illegible] နေသည်။ လူရဲသည် မြွေနတ်ဘုရားပူဇော်ပွဲအတွက် သား[illegible] ကောင်တစ်ကောင် ပေးပို့သည်သာမက သည်လူမျိုးနွယ်စု[illegible] ရိုးရာဓလေ့ကို သက်ဝင်ယုံကြည်လာပြီး ပျော်ရွှင်စွာဖြင့် က[illegible] နေပြီဟု ထင်သွားပုံရလေ၏။ ညဥ့်အတော်နက်သည်အထိ[illegible] ရောက်မှ ပူဇော်ပွဲကို ရပ်နားလိုက်သည်။

''ဒီနေ့ည မြွေနတ်ဘုရားပူဇော်ပွဲမှာ အားလုံး ပျော်[illegible] စွာ ဆင်နွှဲကြတဲ့အတွက် ကျွန်ုပ် ဝမ်းသာမိပါတယ်''

ဖိုးတီနာက စင်မြင့်ပေါ်မှနေ၍ အာလေး လျှာလေးသုံး[illegible]





[illegible]ပြောသည်။ ဖိုးတီနာ၏ လူယုံတော်များက မြွေနတ်ဘုရား[illegible]ကျောက်ပြားချပ်ကြီးကို ပြန်လည်သယ်ဆောင်သွားကြလေ၏။ [illegible]သူရဲ၊ အဲလာရှောင်၊ အဒူလေးနှင့်ထော်မာန်တို့လည်း အိမ်သို့ [illegible]ပြန်လာခဲ့ကြသည်။ အိမ်သို့ရောက်လျှင် ထော်မာန်က -

''အစ်မ ... ဘာစားစရာရှိသလဲ''

အဲလာရှောင်က အဝတ်အစားလဲနေသည်။ လူရဲက [illegible]အိမ်ထဲမှ မီးဖိုကို မီးဖိုလိုက်၏။ မီးတောက်တက်လာသည်။

''ကျပ်တင်ထားတဲ့ အသားပဲရှိတယ်''

''ဗိုက်ဆာလို့ဟ၊ မီးကင်စားမယ်''

အဲလာရှောင်က ဒရယ်ပြောက်ကျပ်တင်ထားသော [illegible]သားများကို ယူလာပေးသည်။ လူရဲက သံညှပ်ထဲတွင် ထည့်၍ [illegible]ကင်နေသည်။

''ထော်မာန် ... မင်းပြောတဲ့ ပင်ပန်းပေမယ့် အကျိုးရှိ[illegible]တယ်ဆိုတာကို သေချာရှင်းပြပါဦး''

ထော်မာန်က လူရဲနှင့် အဲလာရှောင်ကို တီးတိုးပြော[illegible]သည်။

''ဟင် ... ဖိုးတီနာက တော်တော်အကြံကြီးတဲ့သူပဲ၊ [illegible] ချမ်းသာဖို့ကြံစည်နေတာကိုး။ မင်းတို့ယူလာတဲ့ ရတနာ[illegible]ည်းတွေက များသလား''

''အဲလာ ဟင်းရွက်စိမ်းနူးပြီးထည့်တဲ့ ပလိုင်းတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



အပြည့်လောက်'

"ဟာ ... ဒါဆို တစ်ပြည်ခွဲလောက်ရှိတာပဲ၊ အဆေး အချာ ဝှက်ခဲ့ရဲ့လား"

"သေချာဝှက်ခဲ့တယ်"

အသားကင်နံ့ကလေး မွှေးလာသည်။

"ပြေးလွှားလှုပ်ရှားခဲ့ရတာဆိုတော့ ညနေကစားထားတာ တွေ မရှိတော့ဘူး။ အစ်မ ခေါင်ရည်သွားယူဟယ်၊ ဒီည အောင် မြင်မှု အထိမ်းအမှတ်နဲ့ ခေါင်ရည်ပွဲလေး ကျင်းပရအောင်"

"ထော်မာန် ... ငါ့ယောက်ျားကို မဖျက်ဆီးနဲ့နော်"

"နင့်ယောက်ျားက သောက်ချင်လို့ နှုတ်ခမ်းကို လျှာနဲ့ လျက်နေတာ၊ နင် မမြင်ဘူးလား။ သွားယူလိုက်စမ်းပါ"

မီးဖိုဘေးတွင် အသားကင်စားပြီး ခေါင်ရည်သောက်နေ ကြစဉ် –

'ဒိုင်း ဒိုင်း'

"ဟင် ... ဒါ ဗိုဟီနာရဲ့ကျောက်ဂူဘက်က သေနတ်သံ ကွ၊ သူ လက်ဝါးကြီးအုပ် အမြတ်ထုတ်မယ့် ကျောက်မျက် ရတနာတွေ ပျောက်ဆုံးသွားလို့ ဗိုဟီနာ ဒေါသပေါက်ကွဲနေပြီ ထင်တယ်"

'ဒိုင်း'

"ပစ်ချင်သလောက် ပစ်နေစမ်း၊ ရွာထဲကလူတွေက





တော့ ဘုမသိ ဘမသိနဲ့ ကြောက်လန့်နေကြမှာ သေချာတယ်၊ အဲလာ ... ညဥ့်နက်နေပြီ၊ သွားအိပ်တော့လေ၊ အစ်ကို ခေါင်ရည်သိပ်မသောက်ပါဘူး။ သူတို့နဲ့စကားပြောချင်သေးလို့ပါ"

အဲလာရှောင်က အိပ်ခန်းထဲသို့ ဝင်သွားသည်။

"ငါတို့အနေနဲ့ လူဝံကြီးကို ချေမှုန်းနိုင်ဖို့ကိုလည်း ကြိုး စားရဦးမယ်၊ ဗိုဟီနာက လူဝံကြီးအပေါ် နိုင်ကွက်တစ်ခု ရှိထား တာတော့သေချာတယ်၊ သူက မင်းတို့လူမျိုးနွယ်စုတွေကို လူဝံကို ခနိုင်းပြီး ခြောက်လှန့်နေတာပဲ၊ ဟိုးတစ်လောက မင်းနဲ့ငါ လူဝံကို အပြတ်ရှင်းမယ်ဆိုရင် ဖြစ်နိုင်တာပဲ၊ သူ့အကြောင်းကို သိချင်လို့ လေ့လာနေတာနဲ့ လွတ်ထွက်သွားတာမဟုတ်လား"

"မင်းကြောင့် ငါ့အဖေကို ရက်ရက်စက်စက်သတ်ခဲ့တဲ့ သတ္တဝါကြီးကို အပြတ်မရှင်းရတာ"

"ဘာမှစိတ်မပူပါနဲ့ ထော်မာန်ရယ်၊ တစ်နေ့ကျရင် အဲသတ္တဝါကြီးကို စိတ်တိုင်းကျ သတ်ရမှာပါကွ၊ ငါနဲ့မင်းက ဗိုဟီနာရဲ့လှုပ်ရှားမှုနဲ့ လူဝံရဲ့အခြေအနေကို အမြဲမပြတ် လေ့လာ နေမှ ဖြစ်တော့မယ်၊ အဒူလေးက ငါတို့ပြောသလို တစ်ဖက် တစ်လမ်းက လှုပ်ရှားပေးပါ။ ကဲ အိပ်ရာဝင်ကြစို့လား၊ ညဥ့်နက် လာပြီ"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ရှိ ရှိ"

"ဟင် . . . မြွေတွန်သံကွ၊ ခြံထဲကကြားတာပဲ"

လူရဲက အိမ်တံခါးကို ဖွင့်လိုက်သည်။ အဒူလေးက မီးခွက်ကိုင်၍ နောက်မှလိုက်လာသည်။

"ရှိ"

"ဟင် . . . ဟိုမှာ မြွေနှစ်ကောင်၊ ပါးပြင်ထောင်နေပါလား၊ မြွေဆိုးကြီးတွေကွ"

"လူရဲ . . . မီးခွက်ကိုင်ပြီး အသာကြည့်နေ"

အဒူလေးက လူရဲထံသို့ မီးခွက်လှမ်းပေးပြီး အိမ် ပေါ်သို့ တက်သွားသည်။ ဒူးလေးနှင့်မြားတံများယူ၍ ပြန်လာ သည်။ ဒူးလေးတွင် သားရေကြိုးတင်၍ မြားတပ်သည်။ မြွေဆိုး





နှစ်ကောင်က ပါးပြင်းထောင်ကာ မာန်ထနေသည်။ အဒူလေးက ဒူးထောက်ပြီး မြွေဆိုးကို ဒူးလေးနှင့် ချိန်သည်။

'ရှုတ်'

'ဒုတ်'

မြွေဆိုး၏ပါးပြင်ကို မြားထိသွားသည်။ မြွေဆိုးသည် မြေကြီးပေါ်တွင် တွန့်လိမ်နေသည်။ အဒူလေးက နောက်တစ် ကောင်ကိုပစ်ရန် ချိန်ရွယ်ထားသည်။ မြွေဆိုးက ပါးပြင်းချပြီး ပြေးရန်ဟန်ပြင်သည်။ အဒူလေးက ဒူးလေးခလုတ်ကို ဖြုတ် လိုက်၏။

"ဒုတ်"

မြားတံက မြွေ၏ကိုယ်လုံးတွင် စိုက်ဝင်သွားသည်။ နာကျင်သွားသောမြွေဆိုးသည် ပါးပြင်းထပြီး မြားတံကို ပေါက်နေ၏။

"ဒီတစ်ခါ မင်းက မီးခွက်ကိုကိုင်ထား၊ ငါ့ကို ဒူးလေး ပေး"

လူရဲက ဒူးလေးတွင် မြားတပ်ပြီး ဒေါသဖြစ်နေသော မြွေဆိုးကို အသေအချာချိန်ရွယ်နေသည်။

"ရှုတ်"

"ဒုတ်"

မြားတံက ပါးပြင်းကို ထိမှန်သွားသည်။ လူရဲက



www.burmeseclassic.com

www.burmeseclassic.com



အဒူလေးကို လက်မထောင်ပြလိုက်၏။ အဒူလေးကလည်း လက်မထောင်ပြသည်။ လူရဲက ခေါင်းဆတ်ပြ၏။ အဒူလေးက မြွေဆိုးနှစ်ကောင်ကို လက်ညှိုးထိုးပြသည်။

"ထားလိုက်၊ မနက်ကျမှ အခြေအနေကြည့်လုပ်ကြတာပေါ့၊ ခြံထဲမှာ ဘာမြွေမှမရှိခဲ့ဘူး၊ အခု ခြံထဲကို မြွေဆိုးနှစ်ကောင်ရောက်လာတာ စဉ်းစားစရာဖြစ်နေပြီ။ ငါတို့ သတိဝီရိယနဲ့နေမှဖြစ်တော့မယ် အဒူလေး"

"အေး ... ဟုတ်တယ်"

"မနက်ကျမှ မြွေနှစ်ကောင်ကို ခေါင်းဖြတ်၊ အရေခွံစုတ်ပြီး ပြုတ်မယ်၊ အလယ်ရိုးကို ထွင်ပစ်ပြီး အသားတွေကို မွလို့ကြော်ကျွေးမယ်၊ ငါးမြွေထိုးကြော်ထက် အရသာပိုရှိတယ်"

"မင်းယောက်ဖထော်မာန်က နေမကောင်းချင်သလိုဖြစ်နေတယ်ဆိုတာနဲ့ ကိုဒါနင်ဆေးပြား (ထိုခေတ်အခါက လူအများသုံးစွဲသော အဖျားအနာပျောက်ဆေး ဖြစ်ပါသည်။) တိုက်ပြီး အိပ်နေတာကွ၊ သူက ဒူးလေးကိုမချိန်ဘဲ ပစ်တောင် မှန်တယ်ကွ"

"အလေ့အကျင့်ပေါ့ကွာ"

အဲလာရှောင်က တရေးနိုးလာသည်။

"အားကိုတို့ ဘာလုပ်နေကြတာလဲ"

"ဘာမှမလုပ်ပါဘူး၊ အိမ်အောက်ကို အပေါ့အပါး





ဆင်းသွားတာ"

လူရဲက အဒူလေးကို မျက်စိမှိတ်ပြသည်။ အဲလာရှောင် ခေါင်းပခုံးကိုဖက်ပြီး အိပ်ခန်းထဲသို့ ဝင်သွားသည်။

✳

"လူရဲ ... မင်းနဲ့ပါ ညက ဒူးလေးနဲ့ပစ်သတ်ခဲ့တဲ့ မြွေတွေ မနက်ကျတော့ တစ်ကောင်မှမရှိတော့ဘူး၊ မြေကြီးပေါ်မှာ သွေးစက်တွေပဲ တွေ့တယ်၊ မနက်က ငါ အိပ်ရာအရင်ဦးဆုံး ထတာ၊ သွားကြည့်ပြီး အံ့ဩနေမိတယ်"

"ဟင် ... ဒါဆိုရင် ဒီမြွေဆိုးနှစ်ကောင်ကို တစ်စုံတစ်ယောက်က လာပြီး လွှတ်ထားတာသေချာပြီ"

ထော်မာန်က အိပ်ရာမှထလာ၏။

"လူရဲ ... ညက မင်းတို့ခြံထဲဝင်လာတဲ့ မြွေနှစ်ကောင်ကို သတ်လိုက်တယ်၊ ငါတို့ ဒီဒေသမှာ မြွေကို ဘယ်သူမှ မသတ်ရဲဘူး၊ အဲဒါ ငါတို့ဒေသကို ဗိုဘီနာရောက်လာပြီးတဲ့ အချိန်ကစပြီးဆိုပါတော့"

"ဘာလို့ မြွေကိုမသတ်ရဲကြတာလဲ။ မြွေဆိုးဆိုရင် အပေါက်ခံပြီး အသေခံရမှာလား"

"ငါတို့လူမျိုးနွယ်စုတွေက မြွေကို နတ်ဘုရားလို



www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်ကြတာလေ၊ မြွေကို အရှင်သခင်လို သဘောထားကြတယ်၊ မြွေကိုသတ်မိရင် ဘေးဆိုး အန္တရာယ်ဆိုးတွေနဲ့ ကြုံတွေ့ရမယ်လို့ ဗိုဘီနာက ရွာထဲကလူတွေအားလုံးကို ခြောက်လှန့်ထားတာကိုး''

''ညက ငါတို့သတ်ထားတဲ့မြွေဆိုးနှစ်ကောင်က ဒီမနက်မှာ မရှိတော့ဘူး၊ ဒီကိစ္စက မရိုးသားတာတော့ အမှန်ပဲ ထော်မာန်''

''ညက မြွေနှစ်ကောင်စလုံးကို ဒူးလေးမြားမှန်ပြီး သေသွားတာ ငါတို့မြင်ခဲ့ရတာပဲ၊ ဒီမနက်ကျရင် လူရဲက မြွေသားပြုတ်ကြော် လုပ်ကျွေးမယ်လို့ ပြောထားတာ''

''ဟုတ်တယ်၊ တစ်စုံတစ်ဦးက မြွေတွေကို လာယူသွားတာပဲ ဖြစ်မယ်၊ မြားထိမှန်ထားတဲ့ မြွေနှစ်ကောင်က ပြန်ရှင်လာစရာတော့ အကြောင်းမရှိဘူး၊ ငါတို့ခြံထဲကို မြွေတွေလွှတ်ပြီး ငါတို့ကို လုပ်ကြံထားတာပဲ ဖြစ်မယ်''

ထိုစဉ် ရွာထဲမှ ငိုယိုသံများကိုကြားလိုက်ရသည်။

''ထော်မာန် ... ရွာထဲမှာ ဘာတွေဖြစ်နေပြန်ပြီလဲ မသိဘူး၊ အကျိုးအကြောင်းသိရအောင် သွားပြီးလေ့လာစမ်းပါဦး''

ထော်မာန်က ရွာထဲသို့ ထွက်သွားသည်။ အဲလာရှောင်က လူရဲ၏အနားတွင် လာ၍ထိုင်၏။





''ညက အားကိုတို့ မြွေနှစ်ကောင်ကို ဘာလို့သွားသတ်ရတာလဲ''

''အစ်ကိုတို့ကို အန္တရာယ်ပေးမယ့် မြွေဆိုးတွေကို မသတ်လို့ ဖြစ်မလား''

ထော်မာန်က ခြံထဲသို့ အလျင်စလိုဝင်လာပြီး အိမ်ပေါ်သို့ တက်လာသည်။ မျက်နှာမသာမယာနှင့်။

''ရွာထဲမှာဘာဖြစ်နေတာလဲ ထော်မာန်''

''ရွာသားတစ်ဦး ညက အိပ်ပျော်နေတုန်း မြွေကိုက်ခံရပြီး ဆုံးသွားတာ''

''အသက်ဘယ်လောက်အရွယ်လောက်လဲ''

''အဖေ့အသက်အရွယ်လောက်ရှိပြီ။ ကိုက်တဲ့မြွေဆိုးကိုလည်း တွေ့ထားပြီ။ မသတ်ရဲလို့ဆိုပြီး ဝိုင်းကြည့်နေကြတယ်''

''ဟာ ... လူတွေကို အန္တရာယ်ပေးတဲ့မြွေဆိုးကို ဘာလို့မသတ်ရဲကြတာလဲ''

''ဗိုဘီနာကို ကြောက်လို့လေ၊ မြွေကိုသတ်ရင် ဘေးအန္တရာယ်ဖြစ်လိမ့်မယ်လို့ ဗိုဘီနာက ပြောထားတာကိုး''

''အဲဒီမြွေဆိုးကို ငါ သွားသတ်မယ်''

''မသတ်နဲ့ လူရဲ ... ကိုယ်နဲ့ ဘာမှမဆိုင်သလိုနေလိုက်တာ အကောင်းဆုံးပဲ၊ ဆလိုင်းတွေက ဗိုဘီနာကို သွားပြောနေပြီ''



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေသိရအောင် သွားကြည့်ကြမယ်"

လူရဲ၊ အဒူလေးနှင့် ထော်မာန်တို့က ရွာထဲသို့ ထွက်လာခဲ့သည်။ ဆလိုင်းတစ်ဦး၏နောက်မှ ဇိုဘီနာနှင့် အပေါင်းပါများက လိုက်လာသည်။ မြွေကိုက်ခံရပြီး သေဆုံးသွားသူ၏ အလောင်းအား ဇိုဘီနာက ကြည့်ရှုပြီး ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ လူရဲက ဇိုဘီနာ၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"အမှောက်အမှားတစ်ခုခုကို လုပ်ခဲ့မိတာဖြစ်မယ်၊ မြွေနတ်ဘုရားက ဆုံးမလိုက်တာပဲ၊ မြွေဆိုးကို ခြောက်လှန့်ပြီး လွှတ်လိုက်ပါ"

"အမိပ္ပာယ်မရှိလိုက်တာ ဇိုဘီနာရယ်၊ လူတစ်ယောက်လုံးကို ပေါက်သတ်ခဲ့တဲ့မြွေကို ဘာလို့မောင်းလွှတ်ရမှာလဲ"

"မြွေကိုသတ်ရင် ဘယ်လိုအန္တရာယ်ဆိုးမျိုးတွေကို ကြုံတွေ့ရမယ်ဆိုတာ သင်မသိဘူးလား လူရဲ"

"အဲဒီမြွေဆိုးကို ကျုပ်သတ်ပစ်မယ်၊ မြွေကိုသတ်မိလို့ ကျရောက်လာမယ့် အန္တရာယ်ဆိုးကို ကျုပ် ကာကွယ်မယ်။ ဘယ့်နှယ်လဲ ဇိုဘီနာ"

"အန္တရာယ်ကို မကြောက်ရင် သင့်သဘောပဲ"

လူရဲက မြွေကို ဝိုင်းထားသော ရွာသားများအား ဘေးသို့ ဖယ်နိုင်းလိုက်သည်။ ခါးကြားတွင် အသင့်ဆောင်ယူ လာသော ဓားမြှောင်ကိုထုတ်လိုက်၏။ ရွာသားများက လူရဲ၏ လှုပ်ရှားမှုကို





ငေးကြည့်နေသည်။ ဇိုဘီနာက မထီမဲ့မြင် ပြုံးနေ သည်။ လူရဲက ဘယ်သူ့ကိုမှ ဂရုမစိုက်သည့်အသွင်ကို ဆောင်နေ၏။ လူရဲသည် မြွေဆိုးအနားသို့ တိုးကပ်သွားသည်။ မြေကြီးအား လက်ဖြင့် ဆုပ်ပြီး မြွေဆိုးရှိရာသို့ ပစ်လိုက်၏။ မြွေဆိုးက ဒေါသဖြစ်ပြီး ပါးပျဉ်းထောင်လာသည်။ လူရဲက မြွေဆိုး၏ လှုပ်ရှားမှုကို အကဲခတ်နေသည်။ မြွေဆိုးက ပါးပျဉ်းထောင်ပြီး ဘယ်ညာလှုပ်ရှားနေသည်။ လူရဲက ဓားမြှောင်အသွားများကို လက်ဖြင့် ကိုင်ထားသည်။

"ကဲကွာ"

"ဒုတ်"

ဓားမြှောင်က မြွေဆိုး၏ပါးပျဉ်းရှိရာသို့ တန်းတန်းမတ်မတ် စူးဝင်သွားသည်။ မြွေဆိုးသည် တွန့်လိမ်နေသည်။ ဇိုဘီနာ မျက်နှာပျက်သွား၏။ သူ၏တပည့်များကို ခေါ်ကာ လှည့်ထွက်သွားသည်။ လူရဲက သရော်ပြုံး ပြုံးနေလိုက်၏။ ထို့နောက် မြွေကို အမြီးမှကိုင်ပြီး မြေကြီးနှင့်ရိုက်သတ်လိုက်၏။ မြွေသေကို ကိုင်ပြီး အိမ်ရှိရာသို့ ခပ်တည်တည်ပြန်လာခဲ့သည်။

"ဟင် ...အားကို မြွေကိုသတ်လာတယ်"

"ဇိုဘီနာကို မခံချင်စိတ်နဲ့သတ်လာတာ၊ သူက အစ်ကိုကို စိန်ခေါ်တယ်လေ၊ မြွေကိုသတ်ရင် ဘယ်လိုအန္တရာယ်ဆိုးတွေ ကျရောက်မယ်ဆိုပြီး ခြိမ်းခြောက်တယ်၊ အစ်ကိုက အဲဒီအန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးတွေကို ရင်ဆိုင်မယ်ဆိုပြီး သူ့ရှေ့မှာပဲ မြွေကိုသတ်ပစ်ခဲ့တာ"

"ဖိုဘီနာက အားကိုကို မကျေမနပ်ဖြစ်နေမှာတော့ အမှန်ပဲ"

"ဘယ်လိုမှ မတုန်လှုပ်ပါနဲ့ အဲလာရယ်၊ ဒီဒေသမှာ တွေ့သမျှ မြွေတွေကို သတ်ပစ်နိုင်မှ အန္တရာယ်ဆိုးက ကင်းဝေးမှာအမှန်ပဲ၊ ညဘက်အိမ်အောက်ဆင်းရင်သာ သတိထားတော့"

လူရဲက မြွေကို စမ်းချောင်းရှိရာသို့ ယူလာသည်။ မြွေခေါင်းကိုဖြတ်ပြီး အရေခွံကိုခွာလိုက်သည်။ ကြည်လဲ့သော စမ်းချောင်းရေထဲသို့ နီရဲသောသွေးများပါသွားသည်။ လူရဲက သွေးများစင်အောင် စမ်းချောင်းရေထဲတွင်ဆေးသည်။ အိမ်သို့ ပြန်လာပြီး မြွေကိုပြုတ်သည်။ အလယ်ရိုးကို ထုတ်သည်။ အသားများကို မွှ၍ကြော်သည်။ လူရဲက မြွေသားကြော်ကို အဲလာရှောင်အား ခွံ့သည်။

"စားလို့ကောင်းသားပဲ အားကို"

"မြွေကိုသတ်စားတာနဲ့ ဘာအန္တရာယ်ဖြစ်နိုင်မှာလဲ အဓိပ္ပာယ်မရှိလိုက်တာ၊ မြွေမြင်တာနဲ့ သတ်စားဖို့ပဲ စိတ်ကူးထားတယ်"

လူရဲက မြွေသားကြော်ကို ဝါးရင်းပြောသည်။

"ဘာကြော်နေတာလဲဟေ့ ... မွှေးလိုက်တာ"

"မြွေသားကြော်တာကွ၊ မြည်းကြည့်ပါဦး"

ခု နစ် စဉ် ကြယ် တာ ပေ



"ဟင် ... ငါ့ယောက်ဖကတော့ ဖိုဘီနာကို အန်တုလာခဲ့ပြီ ထင်တယ်"

"သူခြောက်တိုင်း ကြောက်တဲ့အထဲမှာ လူရဲမပါဘူးလေ၊ ထော်မာန်နဲ့အဒူလေးရေ ... ငါတို့သုံးဦး အသေးစိတ်တိုင်ပင်ပြီး လှုပ်ရှားမှုတွေ စကြရအောင်"

"ဘယ်လိုလှုပ်ရှားချင်တာလဲ လူရဲ"

"ဒီလိုကွ ... ထော်မာန်နဲ့ငါ ရောက်ဖူးတဲ့ လူဝံကြီးရဲ့ အဖေနဲ့အမေရှိတဲ့ ကျောက်ဂူကို ငါတို့သုံးယောက်သွားကြမယ်၊ အဲဒီကျောက်ဂူထဲမှာရှိတဲ့ လူဝံအရိုးစုနဲ့ လူအရိုးစုရှိတဲ့နေရာကို လူဝံကြီးက မကြာခဏ လာမှာတော့ အမှန်ပဲ၊ ငါတို့က အဲဒီအရိုးစုနှစ်ခုကိုသွားယူပြီး တစ်နေရာမှာ သွားထားမယ်၊ လူဝံကြီးဟာ သူ့အဖေနဲ့အမေတို့ရဲ့ အရိုးစုကို ကျောက်ဂူထဲမှာ မတွေ့ရင် ဘယ်လိုတွေဖြစ်လာမလဲဆိုတာ သိချင်လို့၊ တစ်နည်းတစ်ဖုံ ထူးခြားလာမှာတော့အမှန်ပဲ"

"အေး ... မင်းစိတ်ကူးမဆိုးဘူးကွ၊ ဘယ်တော့ လှုပ်ရှားမှု စမလဲ လူရဲ"

"မနက်ဖြန် လှုပ်ရှားကြမယ်"

*

www.burmeseclassic.com

www.burmeseclassic.com



သည့်မနက်ကျမှ နှင်းမြူများက သိပ်သည်းစွာကျနေသည်။ နေရောင်ခြည်ထွက်ပြူလာပြီး နှင်းပါးလာသည့်အချိန်ရောက်မှ လူရဲတို့ ခရီးထွက်ခဲ့ကြသည်။ သူတို့သွားသည့် ကျောက်ဂူသို့ နေ့လယ်မှရောက်ကြသည်။ အရိုးစုနှစ်ခုကို တွေ့ရတော့ အဒူလေး အံ့သြသွားသည်။

''ဒါက လူဝံအရိုးစုတွေလေ''

ကျောက်ခုံပေါ်မှ အရိုးစုနှစ်ခု၏အလယ်တွင် ငှက်ပျောခိုင်တစ်ခိုင်ကိုတွေ့ရ၏။ ရင့်မှည့်နေသဖြင့် စားချင်စဖွယ်အသွင်ကိုဆောင်နေသည်။

''လူဝံရဲ့အရိုးစုကျောပြင်က ကုန်းနေတယ်နော်''

''လူဝံက သွားရင် ကိုယ်ကိုကိုင်းထားတာကိုး။ ထွားကျိုင်းတဲ့လူသားတစ်ဦးရဲ့ အရိုးစုကျနေတာပဲနော်''

''လူဝံကြီးဟာ ဒီကျောက်ဂူထဲကို မကြာခင်က လာသွားတာသေချာပြီ။ သူ့အဖေနဲ့အမေဆီကို ငှက်ပျောခိုင်လာပို့ထားတာကြည့်ပါလား၊ ငါတို့ စားရတာပေါ့''

လူရဲက လူဝံအရိုးစုနှစ်ခုကို ဂုန်နီအိတ်ထဲသို့ထည့်သည်။ ထော်မာန်က ငှက်ပျောခိုင်ကို ထမ်းသည်။ အဒူလေးက ကျောက်ဂူထဲတွင် လိုက်လံကြည့်ရှုနေသည်။

''တကယ်တော့ ငါတို့က လူဝံကြီးရဲ့စိတ်ကို ကြမ်းတမ်းသာအောင် ရန်စတာပဲကွာ၊ ကဲ . . . ငါတို့ပြန်ကြမယ်၊ ဒီကျောက်ဂူထဲကို လူဝံ ရောက်မလာနိုင်ဘူးလို့ မပြောနိုင်ဘူး''

လူရဲက အရိုးစုများထည့်ထားသောအိတ်ကို ထမ်းသည်။ ထော်မာန်က တောပစ်သေနတ်ကိုမောင်းတင်ပြီး အသင့်အနေအထားကိုင်ထားသကဲ့သို့ အဒူလေးကလည်း ဒူးလေးကို မြားတံတပ်ပြီး လူရဲ၏ဘေးမှ လျှောက်လာသည်။

''လူရဲ . . . ငါတို့ ရန်ကုန်ပြန်ရင် လူဝံအရိုးစုကို ယူသွားကြမယ်''

''ဟာ ဒီကောင် . . . ဘာလုပ်ဖို့လဲ''

''ရန်ကုန်ကလူတွေကို ပြရအောင်''

''မင်းစိတ်ကူးကလည်းကွာ''

လူရဲက သဘောကျစွာ ရယ်မောရင်းပြောသည်။ သုံးဦးသား စကားတပြောပြောနှင့် ခရီးဆက်ခဲ့ကြရာ ရွာကို တောင်ထိပ်မှ လှမ်းမြင်ရသောနေရာသို့ရောက်လျှင် –

''ဒီအထုပ်ကြီးကို တစ်နေရာမှာ မြှုပ်နှံထားခဲ့မယ်''

''မင်းသဘောပဲ လူရဲ''

ထော်မာန်က တောပစ်သေနတ်ကို လူရဲထံသို့ လှမ်းပေး၏။ တောင်ကြောတစ်နေရာတွင် မြေကျင်းတူးပြီး အရိုးစုအထုပ်ကြီးကို မြှုပ်ထားလိုက်သည်။ လူရဲက ထိုနေရာကိုမှတ်စုစာအုပ်ထဲတွင် မြေပုံကြမ်းရေးဆွဲထားလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လူရဲတို့သည် အိမ်သို့ ဟန်မပျက် ပြန်လာခဲ့ကြသည်။

"အားကိုကတော့ ပျားအုံကို တုတ်နဲ့သွားထိုးသလို လုပ်ခဲ့တာပဲ၊ လူဝံကြီးက စိတ်ရိုင်းတွေဝင်ပြီး ရွာထဲကို ဝင်လာမှ ဖြင့်"

"အဲသလို အခြေအနေဖြစ်ချင်လို့ ဖန်တီးခဲ့တာပဲ"

"အစ်မ . . . ငါတို့အဖေအတွက် ဒီကောင်ကြီးကို လက်စားချေချင်လှပြီ၊ လက်ယားနေပြီဟ"

"အင်း . . . လက်ယားနေရင် လက်သွားဆေး၊ ညစာ စားရအောင်"

"ဟာ . . . အစ်မကလည်း"

ရယ်မောသံများ ပေါ်ထွက်လာသည်။

❋ ❋ ❋

# အခန်း (၁၂)

နောက်သုံးလေးရက်အကြာတွင်။

"လူရဲ . . . လူဝံကြီးကတော့ ပွဲကြမ်းနေပြီ။ ညက အားတောင်ကြားမှာ ကျောက်တူးနေကြတဲ့ ဗိုတီနာရဲ့လူယုံတော်တွေကို လူဝံကြီးက ကုတ်ခြစ်သတ်ပုတ်လို့ ဒဏ်ရာတွေရပြီး ထွက်ပြေးခဲ့ရတယ်လို့ ငါ ရွာထဲကကြားခဲ့တယ်"

"ဟင် . . . ဒါဆိုရင် ဒီကောင်ကြီး ရွာထဲကိုလာတော့မယ်၊ သူ့အဖေနဲ့အမေရဲ့ အရိုးစုတွေကိုမတွေ့လို့ ဒေါသဖြစ်ပြီး လူတွေကို ရန်ပြုတော့မှာ သေချာတယ်၊ ငါတို့လည်း နီးနီး ကြားကြားနေမှ ဖြစ်တော့မယ်"

ထိုစဉ် ရွာထဲမှ မောင်းထုသံပေါ်ထွက်လာသည်။

"ဟင်း . . . ထုလည်းထုတဲ့မောင်းသံ၊ သူ့ပေါက်ဖ



www.burmeseclassic.com

www.burmeseclassic.com



လူဝံမနုဿ သောင်းကျန်းနေလို့ သူ ဘာလုပ်ရမှန်းမသိဖြစ်နေပြီ ထင်တယ်၊ ထော်မာန် . . . မင်းနဲ့ငါ အခြေအနေကို သွားလေ့လာ ရအောင်''

လူရဲနှင့် ထော်မာန်က ရွာလယ်မြေကွက်လပ်သို့ ထော ခဲ့သည်။ ရွာသူရွာသားများလည်း စုရုံးရောက်ရှိနေကြသည် ဗိုဘီနာ၏မျက်နှာ အမူအရာကမကောင်း။ လူဝံကြီး၏လက်ချ ဖြင့် ဒဏ်ရာရသူများကိုကြည့်ပြီး လူရဲက မသိမသာပြုံးသည် ထော်မာန်က လူရဲကို ပခုံးတွန့်ပြသည်။ ဗိုဘီနာက ရွာ ရွာသားများကို လိုက်ကြည့်နေ၏။ ပြီးမှ ဗိုဘီနာက ဂျိန်းဆေ စကားဖြင့် . . .

''ရွာသူရွာသားတွေကို မောင်းထုပြီးခေါ်ယူရတဲ့အကြောင်း ကတော့ ကျုပ်ဟာ ဒီနယ် ဒီဒေသဖွံ့ဖြိုးတိုးတက်အောင် ဆော ရွက်ဖို့ စဉ်းစားနေတဲ့သူတစ်ဦး ဖြစ်ပါတယ်၊ ဒီနယ် ဒီဒေသ အဖိုးတန်ကျောက်မျက်ရတနာတွေ ထွက်ရှိတယ်ဆိုတာ မကြာ သေးမီကာလကမှ သိခဲ့ရတယ်''

''တော်စမ်းပါ ဗိုဘီနာရယ်၊ ခင်ဗျား စကားတတ်တိုင် မပြောစမ်းပါနဲ့၊ ခင်ဗျား လူလည်တစ်ယောက်ဆိုတာ ဒီဒေသ လူမျိုးတွေမသိပေမယ့် ကျုပ်သိနေတယ်၊ ခင်ဗျား မှသားစကား တွေပြောစမ်း''

ဟု လူရဲ၏စိတ်ထဲမှ ပြောလိုက်မိ၏။

''အဲဒါကြောင့် ကျုပ်တပည့်တွေနဲ့ စမ်းသပ်ပြီး ကျောက် တူးကြည့်နေတယ်၊ ဒီနယ် ဒီဒေသက တူးဖော်ရရှိတဲ့ ကျောက် မျက် ရတနာတွေကို ရောင်းချပြီး ရတဲ့ငွေနဲ့ ဒီနယ်ဒီဒေသ လမ်းပန်းအဆက်အသွယ်ကောင်းအောင် ကျုပ် ဆောင်ရွက်မယ်၊ ညက ကျုပ်တပည့်တွေ ဂူဘားတောင်ကြောမှာ ကျောက်တူးနေ တုန်း လူဝံမနုဿသတ္တဝါကြီးရောက်လာပြီး သောင်းကျန်းသွား တယ်၊ ကျုပ်တပည့်တွေ ဒဏ်ရာတွေရပြီး ထွက်ပြေးခဲ့ရတယ်၊ အရင်က ဒီသတ္တဝါကြီးဟာ ဒီလောက် စရိုက်မကြမ်းခဲ့ဘူး''

လူရဲက လက်တစ်ဖက်ကို မြှောက်လိုက်သဖြင့် ဗိုဘီနာ စကားရပ်သွားသည်။

''လူဝံသတ္တဝါကြီးဟာ စရိုက်မကြမ်းခဲ့ဘူးဆိုတဲ့စကား ကို တော့ မပြောပါနဲ့ ဗိုဘီနာ။ ကျုပ်ယောက္ခမ ဖောထရိန်နဲ့ ဂျိန်းဖောမလေးတစ်ဦး သေဆုံးခဲ့ရတာ အဲဒီသတ္တဝါကြီးကြောင့် ဖြစ်ရမယ်လို့ ကျုပ်ယူဆတယ်''

''မင်းရဲ့ထင်ကြေးနဲ့ မပြောပါနဲ့ မြန်မာယောက်ျား''

''ကျုပ် ထင်ကြေးနဲ့ပြောတာမဟုတ်ဘူး၊ တွက်ဆပြီး ပြောတာ၊ မကြာမီမှာ ဒီနယ်ဒီဒေသက လူတွေဟာ လူဝံသတ္တဝါ ကြီးကြောင့် အသေဆိုးနဲ့ သေကြရဦးမယ်ဆိုတာ ကျုပ် တထစ်ချ ပြောရဲတယ်၊ ဒီသတ္တဝါကြီးရဲ့ အန္တရာယ်ကို ကျုပ်တို့ ဘယ်လို ကာကွယ်ရမလဲ''





www.burmeseclassic.com

www.burmeseclassic.com



ဖိုဘီနာက လူရဲ၏မျက်နှာကို စူးစူးရဲရဲကြည့်နေသည်။

"မကြာခင်မှာ ဒီသတ္တဝါကြီးဟာ ရွာထဲကိုဝင်လာပြီး ရွာသူရွာသားတွေကို အန္တရာယ်ပေးတော့မှာ အသေအချာပဲ"

လူရဲ၏စကားကြောင့် ဖိုဘီနာ၏မျက်နှာ တင်းမာသွား၏။

"လူဝံဟာ မြေနတ်ဘုရားကဖန်ဆင်းပေးထားတဲ့ ထူးခြားတဲ့ သတ္တဝါကြီးဖြစ်တယ်၊ ဒီနယ် ဒီဒေသမှာ လူနဲ့ တိရစ္ဆာန် ပေါင်းသင်းပြီး မွေးဖွားလာတဲ့ သတ္တဝါမျိုး ရှိခဲ့ဖူးသလား။ ဒီသတ္တဝါကြီး အခုလို စရိုက်ကြမ်းတမ်းလာတာ အံ့ဩစရာပဲ"

"အသိဉာဏ်မရှိတဲ့ သတ္တဝါက စရိုက်ကြမ်းတမ်းတာ ဆန်းသလား၊ ဒီသတ္တဝါကြီးရဲ့အန္တရာယ်ကိုတော့ ကာကွယ်ရမှာပဲ"

"ကျုပ်သဘောထားကတော့ ဒီသတ္တဝါကြီး ရွာထဲ ထိုးဝင်လာရင် ခြောက်လှန့်ပြီး လွှတ်စေချင်တယ်"

"ကိုယ့်ကိုသတ်ဖြတ်မယ့် သတ္တဝါကြီးကို ခြောက်လှန့်ရုံနဲ့ရမလား"

"မြန်မာယောကျ်ား ... ကျုပ်တို့ရဲ့ ဓလေ့ထုံးစံ အယူဝါဒတွေကို ဖျက်ဆီးဖို့ မကြိုးစားပါနဲ့"

"မဖျက်ဆီးပါဘူး၊ လူတိုင်းမှာ ကိုယ့်ယုံကြည်ရာ ဓလေ့ထုံးစံ၊ အယူဝါဒ ထားရှိနိုင်တာပဲ၊ လူဝံမနုဿဆိုတဲ့ သတ္တဝါကြီး ရွာထဲကိုဝင်လာပြီး ရွာသူရွာသားတွေကို အန္တရာယ်ပြုမယ်ဆိုရင်တော့ ကျုပ်ကတော့ အပြတ်ရှင်းပစ်မယ်"

"ရွာသူရွာသားများ ... ကျုပ်ပြောခဲ့တဲ့စကားကို နားထောင်ပါ၊ ကျုပ် သွားမယ်"

ဖိုဘီနာနှင့် သူ၏တပည့်များက ရွာထဲမှထွက်သွားသည်။

လူရဲက အိမ်သို့ပြန်လာသည်။

"ဖိုဘီနာက ဘာတွေ ဩဝါဒလာပေးတာလဲ လူရဲ"

"ညက သူ့တပည့်တွေကို လူဝံက ရန်ပြုသွားတာကို ပြောတယ်၊ လူဝံသတ္တဝါကြီး ရွာထဲဝင်လာရင် ခြောက်လှန့်ပစ်ပါတဲ့"

"ဟာ ... အဓိပ္ပာယ်မရှိလိုက်တာ၊ ဒီကောင်ကြီးက ရွာသူရွာသားတွေကို ရန်ပြုရင် ဒီလိုကြည့်နေလို့ ဖြစ်မလား"

"ငါကတော့ ဒီကောင်ကြီးကို အပြတ်ရှင်းမယ်လို့ ပြောလိုက်တယ်၊ ဖိုဘီနာ ဒေါသဖြစ်ပြီး ပြန်သွားတာပဲ၊ ဒီသတ္တဝါကြီးကို ဖိုဘီနာ မနိုင်တော့ဘူး"

"သူ့အဖေနဲ့အမေရဲ့ အရိုးစုတွေကို မတွေ့ရတော့ ဒေါသဖြစ်ပြီး လူတွေကို ရန်ပြုတော့တာပေါ့"

"တောပစ်သေနတ်နဲ့ ဒူးလေးကို အသင့်ပြင်ထား။







www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်ကြီး ရွာထဲကို အနေးနဲ့အမြန် လာတော့မှာ ကျိန်းသေတယ်''

လူရဲက မီးဖိုချောင်ဘက်သို့ ဝင်လာခဲ့သည်။

''အဲလာ ... အားလုံးချက်ပြုတ်ပြီးပြီလား၊ နေရောင်ခြည်ရင့်နေတုန်း ရေချိုးထားရအောင်''

''အားလုံး ချက်ပြုတ်ပြီးပါပြီ အားကိုရယ်''

လူရဲနှင့်အဲလာရှောင်က စမ်းချောင်းရှိရာသို့လာခဲ့သည်။ စမ်းချောင်းက တောင်ပေါ်မှဖြတ်သန်းစီးဆင်းနေခြင်း ဖြစ်သည်။ စမ်းချောင်းရေက ကြည်လင်အေးမြနေသည်။ ရေပြင် အောက်မှ ကျောက်ခဲလေးများကို မြင်တွေ့နေရသည်။ လူရဲက အဲလာရှောင်ကို ငေးကြည့်နေ၏။

''ဟော့ ... ဘာလို့ကြည့်နေတာလဲ၊ မမြင်ဖူးဘူးလား အဲသလိုကြည့်တော့ ရှက်တာပေါ့''

အဲလာရှောင်က ရှက်သွေးဖြန်းနေသောမျက်နှာနှင့်ပြောသည်။

''အဲလာအသားအရေက ဖြူဖွေးဝင်းစိုနေတာပဲ၊ တောင်ပေါ်သူဆိုပြီး အသားအရေမကြမ်းဘူး''

''ငါတို့က အေးမြတဲ့ရာသီဥတုကို အမြဲရင်ဆိုင်နေရတာကိုး၊ မြန်မြန်ချိုးအားကို၊ ချမ်းလာပြီ''

အဲလာရှောင်က စမ်းချောင်းပေါ်သို့ တက်ပြေးသည်။





လူရဲက မကြားချင်ဟန်ဆောင်ကာ ရေနက်ထဲသို့ ခုန်ဆင်းပြီး ရေထဲသို့ ငုပ်လျှိုးလိုက်သည်။ ကျောက်ဆောင်များကြားသို့ ဟိုသည် စမ်းကြည့်သည်။ လက်နှစ်ဖက်ကြားသို့ ပါလာသော အကောင်က တအားရုန်းကန်နေသည်။ လူရဲက လက်နှစ်ဖက်ဖြင့် အမိအရကိုင်ပြီး ချီးပစ်လိုက်၏။ ရေပေါ်သို့ ပြန်တက်ပြီး လက်တစ်ဖက်ကို မြှောက်ပြလိုက်သည်။ လူရဲ၏လက်ထဲတွင် ငါးတစ်ကောင်။ ရေက အေးလွန်းလှသည်မို့ တစ်ကိုယ်လုံးကျင်လာသည်။ နီးစပ်ရာကျောက်ဆောင်ပေါ်သို့ တက်လာခဲ့သည်။

''ဟာ အားကို ... ငါးတစ်ကောင်ဖမ်းမိလာတယ်၊ လျင်လိုက်တာ''

လူရဲက အဲလာရှောင်၏လက်ကိုဆွဲ၍ အိမ်သို့ပြေးလာသည်။ အဝတ်အစားကို အမြန်လဲလှယ်ပြီး မီးဖိုဘေးနားတွင် သွားပြီးထိုင်နေသည်။ အဲလာရှောင်က ငါးကို ဗိုက်ခွဲကာ ဆေးကြောလေ၏။ လူရဲက ငါးကို တံစို့ထိုးပြီးကင်နေသည်။

''အဲလာရဲ့ မောင်နဲ့အဒ္ဒလေးတို့က ထမင်းမကျွေးသေးလို့ အိပ်နေတာ၊ အိပ်ပျော်နေကြတယ်၊ ဒီကောင်တွေ ငါးကင်နံ့ရတာနဲ့ နိုးလာလိမ့်မယ်''

ငါးကင်နံ့က မွှေးလာသည်။

''ထမင်းပွဲပြင်တော့အစ်မရေ၊ ငါတို့ ဆာလို့ အိပ်ရှုပ်ယောင်ဆောင်နေရတာ''



www.burmeseclassic.com

www.burmeseclassic.com



ထော်မာန်က အော်ပြောသည်။ အဲလာရှောင်က ကောက်ညှင်းထမင်းကို ခူးခပ်၍ ယူသွားသည်။

''ယောက်ဖရေ . . . ဒီနေ့ ဟင်းမကောင်းမှန်းသိလို့ ငါးဖမ်းလာခဲ့တာ''

''မင်းတော်မှန်း အစကတည်းကသိတာ''

''ငါကတော့ မပြောတော့ပါဘူး။ သူငယ်ချင်းမို့ အကြွားပိုတယ် ဖြစ်ဦးမယ်''

ထမင်းဝိုင်းတွင် ရယ်မောသံများ လွှမ်းသွား၏။

***

## အခန်း (၁၃)

ရွာထဲမှ သံချောင်းခေါက်သံ၊ ဝါးလုံးခေါက်သံ၊ အော်ဟစ်သံများကြောင့် လူရဲအိပ်ပျော်နေရာမှ နိုးသွားသည်။ ရွာသူရွာသားများသည် အော်ဟစ်ပြေးလွှားနေကြသည်။ လူရဲက အဲလာရှောင်ကို လှုပ်နှိုးသည်။

''ထော်မာန်နဲ့အဒူလေး''

''ငါတို့ နိုးနေပြီ လူရဲ''

''အဲလာ . . . မီးခွက်ထွန်းထား။ ထော်မာန် အမဲပစ်သေနတ်ကို မောင်းတင်ထား၊ အဒူလေးက ဒူးလေးကို အသင့်ပြင်ထား။ လူဝံမနုဿ ရွာထဲကိုဝင်လာတာသေချာပြီ''

''ဂီး ဂီး ဂီ''

''ဟာ . . . ဟုတ်တာပေါ့ကွာ၊ ဒီကောင်ကြီး ရွာထဲတောင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ ဖျက်ဆီးနေပြီ၊ အိမ်တွေကို သူ့အင်အားနဲ့ ဖြိုနေတဲ့"

"အောင်မလေး ... ကယ်ကြပါဦး ကယ်ကြပါဦး"

ကလေးငယ်များနှင့် မိန်းမများ၏ ငိုနေသံကိုကြားနေရသည်။

"လူရဲ ... မင်းနဲ့ငါ ဒီကောင်ကြီးကို သွားရှင်းကြမယ်"

"နေဦး ထော်မာန်၊ ငါတို့သွားရင် မင်းအစ်မနဲ့အဒူလေးက အိမ်မှာ ကျန်ခဲ့မှာ။ ငါ စိတ်မချဘူး"

"ဟုတ်တယ် ထော်မာန်၊ ရွာသူရွာသားတွေက ကြောက်လန့်ပြီး ပြေးလွှားနေကြတာ၊ မဆိုင်သူတွေကို ထိမှန်သွားမယ်"

"လူရဲ ... မင်းမလိုက်နဲ့၊ ငါ တစ်ယောက်တည်း သွားမယ်"

ထော်မာန်က သေနတ်ကို မောင်းတင်ကာ သွားမည်ဟန်ပြင်သည်။

"ဆန္ဒမစောနဲ့ဦး ထော်မာန်၊ မင်းနဲ့ငါ ရွာလယ်ကသွားစောင့်မယ်၊ ဒါမှ အိမ်ကိုပြန်လာလို့လည်း နီးတယ်၊ ညဘက်ဆိုတော့ အန္တရာယ်များလို့ ပြောနေတာ"

လူရဲနှင့်ထော်မာန်က သေနတ်ကိုယ်စီကိုင်ကာ ရွာလယ်သို့ ထွက်လာခဲ့သည်။ ရွာသားများက သူတို့ရှိရာသို့ ပြေးလာကြ၏။

"ရွာသား ... ဟိုကောင်ကြီး ရွာတောင်ပိုင်းမှာလား"





"ရွာသားတစ်ယောက်ကို ကုတ်ခြစ်သတ်ဖြတ်ပြီး ကောင်မလေးတစ်ယောက်ကို ထမ်းခေါ်သွားတယ်"

"ဟင်"

"လာ ... ထော်မန်၊ ငါတို့ လိုက်သွားမယ်"

ရွာတောင်ပိုင်းမှအိမ်များမှာ ပြိုကျပျက်စီးနေသည်။ ရွာသားတစ်ဦးမှာ အိမ်ဘေးတွင် ဒဏ်ရာများစွာနှင့်သေဆုံးနေသည်။

"အဲဒီကောင်ကြီး ဘယ်ဘက် ထွက်သွားသလဲ"

"ကန်ပိုက်တီတောင်ကြားဘက်ကို ဆင်းသွားတယ်"

"မိန်းကလေးတစ်ယောက်ကို အဲဒီကောင်ကြီးက ထမ်းခေါ်သွားတယ်ဆို"

"ဟုတ် ... ဟုတ်တယ်၊ ကျုပ်ညီမလေး အယ်လန်းကို ထမ်းခေါ်သွားတာ၊ ကျုပ် ညီမလေးကို ကယ်ပါဦး"

"တောက် ... အမှောင်ထဲမှာဆိုတော့ သူ့နောက်လိုက်ဖို့ မလွယ်ဘူး။ ဒီကောင်ကြီးက သွားတာ တအားမြန်တယ်၊ နောက်ကျမှ လိုက်ရှာမယ်"

လူရဲနှင့်ထော်မာန်တို့က စိတ်လျှော့ကာ ပြန်လာခဲ့ကြသည်။

"ငါတို့ အိမ်ကထွက်တာ နောက်ကျသွားတယ်ကွာ၊ ငါတို့က မနက်ကျတော့မှ ဒီကောင်ကြီးကိုလိုက်ရှာရင် ဒီကောင်ကြီး ခေါ်သွားတဲ့ မိန်းကလေးရဲ့ ကံကြမ္မာက မတွေးရဲစရာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ရှာသားတွေစုပြီး ဒီညတွင်းချင်းပဲ ဒီကောင်ကြီးနောက်ကို လိုက်သွားကြရင်ကောင်းမလားလို့ စဉ်းစားနေတာ''

ထော်မာန်က လမ်းတွင်ပြောသည်။

''တောက် ... သွားမယ်ကွာ၊ ရှာသားတွေစု''

လူရဲနှင့်ထော်မာန်က နောက်ကြောင်းသို့ ပြန်လှည့်သည်။ ထော်မာန်က ရှာသားများကိုစုသည်။ ထို့နောက် လူဝံကြီးထွက်သွားသည့် အမှောင်ထုအတွင်းသို့ တိုးဝင်လာခဲ့ကြသည်။

''ရှာသားတစ်ဦး သေဆုံးပြီး မိန်းကလေးကို ဒီကောင်ကြီး ဖမ်းခေါ်သွားတာ ဗိုဘီနာကြောင့်ပဲ၊ ခင်ဗျားတို့ ဗိုဘီနာစကားကို ဆက်ပြီးနားထောင်နေရင် ဒုက္ခရောက်ဖို့ပဲ ရှိတယ်။ အခု သူပြောသလို သံချောင်းခေါက်၊ ဝါးလုံးခေါက်ရုံနဲ့ ဒီသတ္တဝါကြီးက မကြောက်ဘူးဆိုတာ လက်တွေ့ပဲ''

လူရဲက ရှာသားများကို ဂျိန်းဖောစကားဖြင့် ပြောသည်။

''ဒီကောင်ကြီးက တအားသန်မာတယ်၊ တုတ်နဲ့ပြေရိုက်တာတောင် ဘာမှမဖြစ်သလိုပဲ၊ မှောင်ထဲမှာဆိုတော့ ... မည်းမည်းအရိပ်ကြီးပဲ မြင်ရတာ၊ ရှာသားကို ကုတ်ခြစ်ပြီး ကိုက်ခဲပစ်တာ''

ရှာသားတစ်ဦးက ပြောသည်။

''ထော်မာန်ရဲ့အဖေ ဇောထရိန်ကို ဒီကောင်ကြီးသတ်ပစ်တာ၊ ဒါကို ဗိုဘီနာက လက်မခံဘူးလေ၊ မြွေနတ်ဘုရားကို





ဆူဇော်လို့ တစ်စုံတစ်ဦးလက်ချက်နဲ့ သေရသလို ပြောနေတယ်၊ အခု ဒီကောင်ကြီးလက်ချက်နဲ့ ရှာသားတစ်ဦးသေရပြန်ပြီ။ ခင်ဗျားတို့လူမျိုးတွေရဲ့ ကိုးကွယ်ယုံကြည်မှုကို ကျုပ် ဘာမှ မပြောချင်ဘူး၊ ဒါပေမဲ့ ဗိုဘီနာက ခင်ဗျားတို့ကို မြွေနတ်ဘုရားနဲ့ခြောက်လှန့်ပြီး ခင်ဗျားတို့ဒေသက ကျောက်မျက်ရတနာတွေကို အချောင်ရဖို့ ကြံစည်နေတဲ့ လောဘသမားကြီးတစ်ယောက်ဆိုတာကိုတော့ ခင်ဗျားတို့ သိထားစေချင်တယ်၊ ကျုပ်တို့စကားကို နားထောင်ပြီး လူဝံကြီးကို သေအောင်သတ်ဖို့ ကြိုးစားပါ''

အပြင်ဘက်တွင် ဆီးနှင်းများကျနေသည်။ အေးစက်သောလေက တိုက်ခတ်နေသည်။ တစ်ကိုယ်လုံး ချမ်းစိမ့်နေပေမယ့် ဂရုမထားနိုင်။ ရှေ့နားဆီမှ တောတိုးသံကိုကြားရသည်။ လူရဲက ထော်မာန်ကိုလက်တို့ပြီး အသံကြားရာနောက်သို့ အမြန်လျှောက်သည်။

''ဂီး ဂိ ဂိ''

သေချာပြီ။ ရှေ့မှသွားနေသည်မှာ လူဝံသတ္တဝါန်။ ဆောအုပ်ကိုလွန်လျှင် တောင်တန်းကြီးတစ်ခုကို ကြယ်ရောင်ဖြင့် မြင်ရသည်။ မည်းမည်းသတ္တဝါန်အရိပ်ကြီးက တစ်စုံတစ်ခုကို ထမ်းပြီး တောင်ကြောအတိုင်း တက်နေသည်။ လူရဲက ထိုမည်းမည်းသတ္တဝါန်ကြီးကို သေနတ်ဖြင့်ချိန်ပြီး ပစ်လိုက်သည်။

'ဒိုင်း'

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



'ဂိး'

မည်းမည်းသဏ္ဍာန်အရိပ်ကြီးသည် ရှေ့သို့ ဟပ်ထိုး[illegible] ကျသွား၏။ ၎င်းထမ်းထားသောအရာသည် ဘေးသို့ လွင့်စဉ်[illegible] သွားသည်။ လူရဲက တောကြောဆီသို့ ပြေးသွားသည်။

"ဟေး ... လိုက်ဟေ့ လိုက်ဟေ့"

ထော်မာန်က အသံကုန်ဟစ်အော်သည်။ မည်းမည်း[illegible] သဏ္ဍာန်ကြီးသည် တစ်ဟုန်ထိုး ပြေးသွားသည်။ လူရဲ[illegible] လွင့်စဉ်ကျသွားသောအရာကိုသွား၍ ကိုင်ကြည့်သည်။

"ဒီမှာ မိန်းကလေးကျန်နေခဲ့ပြီ၊ ဟင် ... မိန်းကလေး[illegible] မိန်းကလေး ... သတိမေ့မြောနေပါလား"

"ညီမလေး အယ်လန်း ... အယ်လန်း။ လုပ်ကြပါဦး ... ကျုပ်ညီမလေး အသက်မှရှိသေးရဲ့လား"

"မိန်းကလေး မသေပါဘူး၊ သတိမေ့မြောနေတာပါ"

မီးတုတ်များကို ထွန်းကြည့်သည်။ တောကြောအထဲ[illegible] တွင် အနီစက်များကို တွေ့ရသဖြင့် လူရဲက –

"ငါ့သေနတ်ကျည်ဆန်က လူဝံမနုသကို မှန်သွား[illegible] တယ်၊ ချက်ကောင်းမမှန်လို့ ဒီကောင်ကြီး ထွက်ပြေးတာ[illegible] မိန်းကလေး ဘာမှမဖြစ်တာ တော်သေးတာပေါ့"

မိန်းကလေးကို လှုပ်နှိုးနေကြသည်။ အစ်ကိုဖြစ်သူ[illegible] ညီမအတွက်စိုးရိမ်ပြီး ပျာယာခတ်နေသည်။





"ဟင်း အင်း အင်း"

မိန်းကလေးမှာ လူးလွန့်လာ၏။

"ညီမလေး အယ်လန်း ... သတိရလာပြီလား"

"ဟင် ငါ့အစ်ကို ... ဟိုကောင်ကြီး ငါကြောက်တယ်"

မိန်းကလေးက မျက်စိကိုစုံမှိတ်ပြီး ကြောက်လန့်နေသည်။

"ဟိုကောင်ကြီး မရှိတော့ဘူး၊ ထွက်ပြေးသွားပြီ"

"ကဲ ... ရွာပြန်ကြရအောင်၊ ရာသီဥတုက တအားအေးလာပြီ"

မိန်းကလေးကို အစ်ကိုဖြစ်သူနှင့် ရွာသားတစ်ဦးက တွဲ၍ခေါ်လာသည်။

မိန်းကလေးအသက်မသေဘဲ ပြန်ရောက်လာသဖြင့် ရွာသူရွာသားများ ဝမ်းသာနေကြသည်။

"ဇောထရိန်ရဲ့သမက်ကြောင့် ငါ့ညီမ အသက်မသေတာ၊ မြန်မာယောက်ျား မင်းအတွက်ဆိုရင် ငါ့အသက်ကို ပြန်လျော်ပေးမယ် စိတ်ချ"

"ရပါတယ် မလိုပါဘူး၊ ဒီသတ္တဝါကြီးကို ရွာသူရွာသားတွေ စည်းလုံးစွာနဲ့ အသေသတ်ဖို့သာ စိတ်ကူးထားပါ"

လူရဲနှင့်ထောမန်က အမဲပစ်သေနတ်များကို ထမ်းပြီး အိမ်သို့ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



''မနက်ဖြန်ကျရင် လူဝံမနုသကို သေနတ်ထိမှန် သွားတဲ့နေရာက သွေးစက်တွေကို ခြေရာခံပြီး လိုက်ကြည့်ရ အောင်လား ထော်မာန်''

''အန္တရာယ်များပါတယ် လူရဲရယ်၊ ဒီကောင်ကြီး ငါတို့ ရွာကို လာဦးမှာပါ။ အဲဒီအခါကျရင် လက်မနှေးဖို့ပဲ အရေးကြီး တယ်''

လူရဲနှင့်ထော်မာန်က ခြံထဲသို့ဝင်လာသည်။ အိမ်ထဲမှ မီးရောင်ကို မြင်ရသည်။

သည်ရွာတွင် ခြံနှင့်ဝင်းနှင့်ရှိသည်မှာ ဖောထရိန်၏အိမ် တစ်အိမ်တည်းသာ ရှိသည်ဟု ဆိုရမည်။ အခြားအိမ်များက ဟိုနေရာ သည်နေရာမှာ ရှိနေသည်။

''ဟယ် ... အဲလာမအိပ်သေးဘူးလား''

''မင်းမိန်းမက မင်းတို့အတွက် စိတ်ပူလို့ဆိုပြီး မအိပ် ဘူးလေ၊ အခြေအနေ ဘယ်လိုလဲ လူရဲ''

''ငါတို့နှစ်ယောက်နဲ့ ရွာသားတွေ ဟိုကောင်ကြီးနောက် ကို လိုက်သွားကြတယ်၊ ငါပစ်လိုက်တာ အဲဒီကောင်ကြီးကို ရှပ်မှန်သွားတယ် ထင်တယ်၊ သူခေါ်သွားတဲ့ မိန်းကလေးကို ချထားခဲ့တယ်''

''ဟာင် ... တော်သေးတာပေါ့''

''အဲဒီကောင်ကြီးက ရွာကလူတွေကို ရှေ့လျှောက် ဒုက္ခ



## အခန်း (၁၄)

နောက်တစ်နေ့မနက်တွင် လူရဲနှင့် ထော်မာန်က ရွာသားများကို လူဝံကြီး၏အန္တရာယ်ကို ပြောပြပြီး လူဝံကြီးကို ခြေရာခံလိုက်ရန် စည်းရုံးရေးစကားပြောကြသည်။ ရွာသားများ သည် ဓားလှံလက်နက်များ သွားယူကြသည်။ လူရဲနှင့်ထော် မာန်တို့စကားကို လက်ခံပြီး တောထဲသို့လိုက်မည်ဟု ဆိုကြသည်။

ရွာသားများသည် သည်နယ်သည်ဒေသဖွားများ ဖြစ် သည်မို့ တောကျွမ်းကြသည်။ ဗိုဘီနာက ခြောက်လှန့်ထားသဖြင့် လူဝံကြီးကို ကြောက်ရွံ့နေကြခြင်းဖြစ်၏။ ညက မိန်းကလေးကို ချထားခဲ့သော နေရာမှတွေ့သော သွေးစက်များကို ခြေရာခံပြီး လိုက်လာကြသည်။ ကျောက်ဆောင်ငယ်တစ်ခုပေါ်တွင် သွေးများ စီးရွဲနေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

နောက်တစ်နေ့မနက်တွင် လူရဲနှင့် ထော်မာန်က ရွာသားများကို လှုဏ်ကြီး၏အန္တရာယ်ကို ပြောပြပြီး လှုဏ်ကြီးကို ခြေရာခံလိုက်ရန် စည်းရုံးရေးစကားပြောကြသည်။ ရွာသားများသည် ဓားလှံလက်နက်များ သွားယူကြသည်။ လူရဲနှင့်ထော်မာန်တို့စကားကို လက်ခံပြီး တောထဲသို့လိုက်မည်ဟု ဆိုကြသည်။

ရွာသားများသည် သည်နယ်သည်ဒေသဖွားများ ဖြစ်သည်မို့ တောကျွမ်းကြသည်။ ဖိုဘီနာက ခြောက်လှန့်ထားသဖြင့် လှုဏ်ကြီးကို ကြောက်ရွံ့နေကြခြင်းဖြစ်၏။ ညက မိန်းကလေးကို ချထားခဲ့သော နေရာမှတွေ့သော သွေးစက်များကို ခြေရာခံပြီး လိုက်လာကြသည်။ ကျောက်ဆောင်ငယ်တစ်ခုပေါ်တွင် သွေးများ စို့ရွှဲနေသည်ကို တွေ့ရ၏။





"ညက ဒီကောင်ကြီး ဒီနေရာမှာ ခဏထိုင်ပြီး နားသွားတာဖြစ်မယ်"

"အေး ... ဟုတ်တယ်၊ မင်းပစ်လိုက်တဲ့ကျည်ဆန်က သူ့ခန္ဓာရဲ့ ဘယ်နေရာကို မှန်သွားမယ်လို့ ထင်သလဲ"

"ညအမှောင်ထဲမှာ ပစ်လိုက်တာဆိုတော့ ခန့်မှန်းရခက်တယ်၊ ဒီလောက်အထိ ပြေးလာနိုင်ပုံထောက်ရင် သေလောက်တဲ့ဒဏ်ရာတော့ မဖြစ်နိုင်ဘူး"

လူရဲတို့သည် ထိုနေရာတွင် ခဏနားကြသည်။

"ရွာသားတို့ ... ဒီကောင်ကြီးက ရွာကို မကြာခဏလာပြီး ဒုက္ခပေးမှာ အသေအချာပဲ၊ ဒီတော့ ရွာသူရွာသားတွေ တစ်နေရာမှာ စုဝေးနေပြီး အပြင်ကလည်း စည်းရိုးခတ်ထားရင် ကောင်းမယ်၊ ဒီကောင်ကြီးက စည်းရိုးအတွင်းကိုဝင်လာရင် ကျုပ်တို့က တစ်ပန်းသာသွားပြီ၊ ရွာသားတွေအင်အားနဲ့ စည်းစည်းလုံးလုံး တိုက်ခိုက်ရုံပဲ"

"ရွာကို စည်းရိုးခတ်ရင် ဖိုဘီနာက"

"ဒီကောင်ကြီးက လာပြီးအန္တရာယ်ပေးလို့ ခြံစည်းရိုးခတ်ရတဲ့အကြောင်း ပြောရမှာပေါ့"

"ဟုတ်တယ် ... ခင်ဗျားတို့ ဖိုဘီနာကို ဂရုမစိုက်နဲ့တော့၊ ကိုယ့်အသက်မသေအောင် ကာကွယ်ဖို့ပဲ စဉ်းစားထားကြ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ခရီးဆက်ကြရအောင်"

လူရဲက ရှေ့မှဦးဆောင်၍ ထွက်သွားသည်။ ထော်မာန် နှင့် ရွာသားများက နောက်မှလိုက်လာကြသည်။

"ဟော့ ... ဒီနားမှာ ခြေရာတွေကွ၊ လာကြည့်စမ်း"

လူရဲက ဖထော်မာန်နှင့်ရွာသားများကို လှမ်းခေါ်သည်။ စမ်းချောင်းသို့ဆင်းသည့် မြေကြီးပေါ်တွင် ကြီးမားသောခြေရာ ကွက်ကြီးကို တွေ့လိုက်ရ၏။

"ဒီကောင်ကြီး စမ်းချောင်းကိုကူးပြီး တစ်ဖက်ကို တက် သွားတဲ့အနေအထားပဲ၊ ငါသတိရပြီ ... ဒီက တစ်ဖာလုံသာသာ လောက် ဆက်သွားရင် ဒီတောင်ကြီးရဲ့အောက်ဘက်မှာ ကျောက် ဂူကြီးတစ်လုံး ရှိတယ်၊ ဒီကောင်ကြီးနေတာ ဖြစ်လိမ့်မယ်"

"အဲဒီကျောက်ဂူရှိတဲ့နေရာကိုသွားကြမယ်"

လူရဲတို့သည် စမ်းချောင်းကိုဖြတ်ပြီး မတ်စောက်သော တောင်ကြီးကို တက်လာကြသည်။ တောင်ထိပ်သို့ရောက်လျှင် တောင်ခြေနှင့်တောင်တစ်လုံးကို မြင်တွေ့ကြသည်။

"အဲဒီကောင်က ကျောက်ဂူလိုဖြစ်နေတာ၊ တောင်ထိပ် မှာ အပေါက်ရှိတယ်၊ အဲဒီကျောက်ဂူထဲကို ကျုပ်နဲ့ထော်မာန်တို့ ရောက်ဖူးတယ်၊ အခု ... အဲဒီကျောက်ဂူထဲမှာ လူဝံမနေသ ရှိနိုင်တယ်၊ ကျုပ်တို့ အတင်းဝင်လို့မဖြစ်သေးဘူး။ ဒီကောင်ကြီးက ကျုပ်တို့ကို အန္တရာယ်ပြုနိုင်တယ်"





လူရဲတို့အုပ်စုသည် တောင်ထိပ်တွင်ထိုင်ကာ တောင် ခြေမှကျောက်ဂူကို အခြေအနေစောင့်ကြည့်နေကြသည်။ တစ် နာရီကျော်ကြာသည်အထိ တိတ်ဆိတ်နေသည်။

"ကျောက်ဂူထဲက ဘာသံမှမကြားရပါလား"

"အေး ... ဟုတ်တယ်၊ လူဝံကြီးဟာ ဒဏ်ရာရပြီး လဲနေတာလား၊ ဒါမှမဟုတ် ဒီကျောက်ဂူကိုမလာဘဲ တစ်နေရာ ကို ထွက်သွားတာလား"

"ဟုတ်တယ် လူရဲ၊ စဉ်းစားစရာတော့ ဖြစ်နေပြီကွ"

"ငါတို့ ကျောက်ဂူထဲကို ဝင်ကြည့်ကြမယ်"

"ဖြစ်ပါ့မလား လူရဲရယ်"

"ဟ ... ဘာလို့မဖြစ်ရမှာလဲ၊ ငါတို့မှာ လူအင်အား များတယ်၊ ကျောက်ဂူထဲမှာ ဒီကောင်ကြီးရှိနေရင်လည်း အပြတ် ရှင်းကြတာပေါ့"

"မင်းသဘောပဲလေ"

လူရဲက သေနတ်ကို မောင်းတင်ပြီး အသင့်အနေအထား ကိုင်၍ ရှေ့ဆုံးမှ ကျောက်ဂူထဲသို့ ဝင်သွားသည်။

"ဟေး"

လူရဲက အော်ဟစ်အသံပေးလိုက်သည်။ အသံက ကျောက်ဂူထဲတွင် ပဲ့တင်သံမြည်ဟိန်းသွားသည်။ ရွာသားများက တောင်ထိပ်မှ အလင်းရောင်ဝင်နေသောအပေါက်ကို မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ ကျောက်ဂူထဲတွင် ဘာဆိုဘာမှ မတွေ့ရ။

"ဟင်"

"ဘာလဲ ထော်မာန်"

"ဒီကျောက်ဖျာပေါ်မှာ သွေးစက်တွေကွ၊ ညက ဒီကောင်ကြီး ဒီကျောက်ဂူထဲကို ရောက်လာတာ သေချာသွားပြီ၊ မင်းပစ်လိုက်တဲ့ သေနတ်ကျည်ဆန်က ဘယ်နေရာကို ထိသွားလဲ မသိဘူး"

"သေနတ်ဒဏ်ရာက မပြင်းထန်လို့ ဒီအထိရောက်လာတာပဲ"

"ငါတို့ပြန်ကြရအောင် လူရဲ၊ အပြန်မှာ ဖိုဘီနာနေတဲ့ ကျောက်ဂူဘက်ကိုသွားပြီး လှေလာရအောင်"

"မင်းမှာ ဘယ်လိုစိတ်ကူးရလို့လဲ ထော်မာန်၊ ငါ့ကို ပြောပါဦး"

"ညကမိန်းကလေးကို လူဝံက ခေါ်သွားတာကို ဖိုဘီနာ သိလောက်ပြီ၊ ဒီလူကြီး ဘာတွေလုပ်ရှားနေသလဲဆိုတာ သိချင်လို့"

"ကဲ ရှာသားတို့ ... ကျုပ်တို့နှစ်ယောက်နောက်က လိုက်ခဲ့ကြပေတော့"

လူရဲတို့လူစုသည် တောင်စဉ်တောင်တန်းများကို ဖြတ်ကျော်၍ ဖိုဘီနာနေထိုင်သည့် ကျောက်ဂူရှိရာသို့ လာခဲ့ကြသည်။





"ဟော့ ... ရပ်"

လှမ်း၍သတိပေးသံကြောင့် ရှေ့ဆုံးမှသွားနေသည့် လူရဲ၏ခြေလှမ်းများ ရပ်တန့်သွားသည်။ လူရဲက သူ့နောက်မှ လိုက်လာသည့်သူများအား ရပ်တန့်နေရန် လက်ကိုအပေါ်သို့ မြှောက်ပြီး ပြလိုက်၏။ သစ်ပင်အကွယ်မှ လူ (၅) ဦး ထွက်လာသည်။ လက်ထဲတွင် လှံများ၊ ဓားရှည်များကို ကိုင်ထားကြသည်။

"ဘာလို့ မင်းတို့ ဒီနေရာကို လာတာလဲ"

လှံရှည်ကိုကိုင်ထားသူက မေးသည်။

"ငါတို့ လမ်းမှားပြီး ဒီနေရာကိုရောက်လာတာ"

"မဖြစ်နိုင်ဘူး၊ ငါတို့သခင်ဆီကို လိုက်ခဲ့"

"အင်း ... ခေါ်တော့လည်း လိုက်ရတာပေါ့"

လူရဲက သူ့နောက်မှလူများကို လက်ယပ်ခေါ်သည်။ လှံရှည်ကိုင်ထားသူက ကျောက်ဂူအတွင်းသို့ ဝင်သွားသည်။ လူရဲတို့အနောက်မှ လိုက်လာ၏။ ကျောက်ဂူထဲတွင် ဖိုဘီနာကို တွေ့လိုက်ရ၏။

"သခင် ... သူတို့ကို ကျောက်ဂူနားမှာ မသင်္ကာစရာဖြစ်လို့ ခေါ်လာတာပါ"

ဖိုဘီနာ၏မျက်နှာ ပြုံးနေသည်။

"မြန်မာယောကျ်ား မင်း ဘာတွေလျှောက်လုပ်နေလဲ"

ဖိုဘီနာ၏မျက်နှာသည် ပြုံးနေရာမှ ခက်ထန်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ညက လူဝံကြီး ရွာထဲကိုဝင်လာပြီး ရွာသားတစ်ဦးကို သတ်သွားတယ်၊ ရွာကမိန်းကလေးကို ထမ်းခေါ်သွားလို့ ကျုပ်တို့ နောက်ကလိုက်သွားတယ်၊ မိန်းကလေးကို သတ်ပစ်မှာစိုးလို့ ကျုပ်အမဲပစ်သေနတ်နဲ့ ခြောက်လှန့်ပစ်လိုက်တာ ဘယ်နေရာကို ထိသွားသလဲ မသိဘူး၊ မိန်းကလေးကို ချထားခဲ့တယ်"

"မိန်းကလေး ဘာဖြစ်သွားသေးလဲ"

"မိန်းကလေး ဘာမှမဖြစ်ဘူး၊ လူဝံကိုကြောက်လန့်ပြီး သတိမေ့မြောနေတာပဲရှိတယ်၊ အခု ကျုပ်တို့ ဒီကောင်ကြီးကို လိုက်ရှာနေတာ"

"လူဝံကြီးဟာ မြွေနတ်ဘုရားက ဖန်ဆင်းပေးထားတဲ့ သတ္တဝါကြီး။ သူ့ကို ရန်မရှာပါနဲ့"

"ဒီကောင်ကြီးက ကျုပ်ယောက္ခမအပါအဝင် ရွာသူ ရွာသားတွေကို သတ်ပစ်နေတာကို မသိသလို နေရမှာလား"

"သေဆုံးသွားသူတွေဟာ မြွေနတ်ဘုရားကို"

"တော်တော့ ဖိုဘီနာ . . . ခင်ဗျားတို့ရဲ့ ကိုးကွယ်မှုကို ကျုပ် ဘာမှမပြောချင်ဘူး၊ လူဝံကြီးဟာ လူမဟုတ်ဘူး။ တိရစ္ဆာန် တစ်ကောင်ပဲ၊ စရိုက်ကြမ်းတယ်၊ လူသတ်သမားတစ်ကောင်လို့ပဲ သတ်မှတ်တယ်၊ လူဝံကြီးကို မြွေနတ်ဘုရားက ဖန်ဆင်းပေးထား တာလို့ ခင်ဗျားကို ဘယ်သူက ပြောသလဲ"

လူရဲ၏စကားကြောင့် ဖိုဘီနာ၏ မျက်မှောင်ကြုတ်





သွားသည်။

"မြန်မာယောကျ်ား . . . သင် ဘာမှနားမလည်ဘဲ စိတ်ထင်ရာတွေကို မပြောပါနဲ့၊ မကြာခင်မှာ သင်ဟာ မြွေနတ် ဘုရားရဲ့ ဒဏ်ခတ်ခြင်းကိုခံရတော့မယ်"

"ကျုပ် ဘာတစ်ခုမှ မဟုတ်တာမလုပ်ဘူး။ ဒီကြားထဲက ခင်ဗျားပြောသလို မြွေနတ်ဘုရားက ဒဏ်ခတ်မယ်ဆိုရင်လည်း ခတ်ပါစေ။ ကျုပ်မကြောက်တတ်ဘူး ဖိုဘီနာ"

"စောင့်ကြည့်ရဦးမှာပေ့ါ"

"ဖိုဘီနာ . . . ကျုပ်တို့အုပ်စု ပြန်လို့ရပြီလား ပြောပါ"

"လူဝံကြီးကို မသတ်ဘူးဆိုရင် ပြန်နိုင်ပြီ"

"ရွာသူရွာသားတွေကို သတ်ဖြတ်ဒုက္ခပေးနေတဲ့ သတ္တဝါ ကြီးကို ကျုပ်တို့က အရှိအသေပေးနေရမှာလား။ ကျုပ်ကတော့ ဒီသတ္တဝါကြီးကို အပြတ်ချေမှုန်းဖို့ ဆုံးဖြတ်ထားပြီးပြီ။ ကျုပ်တို့ ပြန်မယ်"

လူရဲက ရှေ့ဆုံးမှနေ၍ ကျောက်ဂူထဲမှ ထွက်လာသည်။ ထော်မာန်က ရွာသားများနှင့်အတူ နောက်မှလိုက်လာသည်။ ဖိုဘီနာ၏ရယ်မောသံက ကျောက်ဂူထဲမှ အပြင်သို့ ထွက်လာ သည်။

"တောက်"

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

လူရဲက မြို့ပေါ်သို့ တိတ်ဆိတ်ထွက်သွားသည်။ ဥ အမှောင်ကိုအသုံးချပြီး ရွာသို့ပြန်လာသည်။ လူရဲနှင့်အ နိုင်လွန်ကြိုးများ ပါလာသည်။

"ဒီကြိုးတွေက ဘာလုပ်ဖို့လဲ အားကို"

အဲလာရှောင်က လူရဲ၏ဘေးနားတွင် လာထိုင်ပြီး မေးသည်။

"ဟိုလူသတ်သမား လူဝံကြီးကို ပိုက်ကွန်နဲ့ ထောင်ဖမ်း မလို့"

"ဟင် . . . အဲဒါဆိုရင် အားကိုက ဒီကြိုးတွေနဲ့ ပိုက်ကွန် ယက်ရဦးမှာပေါ့"

"ဟုတ်တယ် . . . အဲလာ၊ လူဝံမနုသသက ခွန်အားကြီး





တော့ တော်ရုံတန်ရုံပိုက်ကွန်နဲ့ ဖမ်းဖို့မလွယ်ဘူး၊ သူ့သွားနဲ့ ကိုက်ဖြတ်ရင် အလွယ်တကူမရနိုင်တဲ့ ကြိုးလုံးကြီးတာတွေနဲ့ ကိုယ်တိုင်ယက်မှဖြစ်မယ်"

"အဲလာက အားကိုအတွက် စိတ်ပူနေတာ၊ အိမ်မှာ ထော်မာန်နဲ့ကိုအဒူလေး ရှိပေမယ့် ရွာထဲကို လူဝံမနုသ ရောက်လာမလားဆိုပြီး ကြောက်နေတာ"

"အစ်ကိုက အချိန်မီရောက်အောင်ပြန်လာမှာပါ။ ငါ့ မိန်းမအတွက် အစကတည်းက စိုးရိမ်ပြီးသား"

အဲလာရှောင်က တိုးတိုးညင်းညင်းလေး ရယ်နေသည်။ လူရဲက ညစာစားပြီးသည်နှင့် နိုင်လွန်ကြိုးများဖြင့် ပိုက်ကွန်ယက် နေ၏။

"အားကို ခရီးပန်းလာတယ်မဟုတ်လား။ မနက်ကျ တော့မှ ပိုက်ကွန်ယက်ပါလား။ အေးအေးဆေးဆေး အနားယူ တော့လေ"

"ဒီလူသတ်ကောင်ကြီးရဲ့ အန္တရာယ်က တစ်နေ့တခြား ဆိုးဝါးလာပြီ။ ရွာသူရွာသားတွေခမျာ ကျီးလန့်စာစားဘဝ ရောက်နေရတယ်၊ ဒီကောင်ကြီးကို အမြန်ဆုံး သုတ်သင်နိုင်ဖို့ အရေးကြီးတယ်"

"ဟုတ်တော့လည်း ဟုတ်ပါတယ်အားကိုရယ်၊ ဒါပေမဲ့ အားကိုကို ဇိုဘီနာက ရန်ရှာမှာကို အဲလာ စိုးရိမ်နေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထော်မာန်က အိပ်ရာထဲမှ ထွက်လာသည်။

"ငါ အိပ်ပျော်သွားလိုက်တာ မင်းပြန်လာတာကိုတောင် မသိလိုက်ဘူး၊ မင်းက ပိုက်ကွန်ကို အားချင်းယက်နေပြီလား ဒီနေ့ ငါတို့ သတင်းထူးတစ်ခုရတယ်"

"ဘာသတင်းထူးလဲ ထော်မာန်"

"ဖိုဘီနာတို့အဖွဲ့ကလည်း လူဝံကြီးကို လိုက်ရှာနေတယ်၊ ဒီကောင်ကြီး သေနတ်မှန်သွားတာကို ဖိုဘီနာက အလွန်စိုးရိမ်နေပုံ ရတယ်"

"ဒီကောင်ကြီး ကျောက်ဂူရောက်တဲ့အထိ ပြန်သွားနိုင်တာဆိုတော့ သေနတ်ဒဏ်ရာက မပြင်းထန်ဘူးဆိုတာ တွက်ဆလို့ရပါတယ်"

"ငါတို့က ဖိုဘီနာတို့အုပ်စုရဲ့လှုပ်ရှားမှုကို လေ့လာရတော့ လိုလာပြီ၊ ဒီလူကြီးက ဉာဏ်များတယ်၊ ငါတို့ကို အကောက်ကြံလိမ့်မယ်"

"ငါလည်း အဲသလို တွေးထားမိပါတယ်၊ ပိုက်ကွန်ယက်ထားက မကြာပါဘူး၊ ဒီကောင်ကြီးကို ဖမ်းမိဖို့က အရေးကြီးတယ်"

"အိမ်အပြင်ဘက်မှာ ရာသီဥတုက တအားဆိုးနေပြီ အိမ်ထဲမှာတောင် တအား အေးလာပြီ ... အိပ်ရာဝင်တော့ လူရဲ"





"ဒီတစ်ခါတော့ ... ယောက်ဖစကား နားထောင်လိုက်ဦးမယ်"

"ဟာ ... ဒီကောင်"

အဲလာရှောင်က ထော်မာန်၏ကျောပြင်ကို တအားထုလိုက်၏။

"ကျွတ် ... နာလိုက်တာ အစ်မရယ်၊ ငါက စေတနာ"

"အဲဒီစေတနာကြောင့် ထုတာ"

လူရဲက အဲလာရှောင်၏ပခုံးကိုဖက်ပြီး အခန်းထဲသို့ ဝင်သွား၏။

*

ထော်မာန်က ခြံဝင်းထဲသို့ ပြေးဝင်လာသည်။ ထိုအချိန်တွင် လူရဲက အိမ်ရှေ့မှကွပ်ပျစ်တွင်ထိုင်ကာ အမဲပစ်သေနတ်ကို တိုက်ချွတ်နေ၏။ ထော်မာန်၏ခြေသံကြောင့် လူရဲက လှမ်းကြည့်သည်။ စိုးရိမ်စိတ်လည်း ဖြစ်သွား၏။

"ဟေ့ကောင် ထော်မာန် ... ဘာဖြစ်လာတာလဲ"

ထော်မာန်က လူရဲ၏ဘေးနားတွင် လာ၍ထိုင်၏။

"ငါ သတင်းတစ်ခု ကြားလာခဲ့လို့ကွ၊ ဖိုဘီနာက လူဝံမနေသကို လိုက်ရှာတာ တွေ့သွားပုံရတယ်၊ မနေ့က ဖိုဘီနာရဲ့



www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေက မြို့ကလို့ယူဆရတဲ့ လူနှစ်ယောက်ကို သူနေထိုင်တဲ့ ကျောက်ဂူဘက်ကို ခေါ်သွားတာ မြင်လိုက်ရတယ်လို့ အမဲပစ်က ပြန်လာတဲ့ ရွာသားတစ်ယောက်က ငါ့ကိုပြောတယ်"

''သေချာရဲ့လား ထော်မာန်ရယ်''

''ငါတို့ရွာသားက ငါ့ကို မဟုတ်ဘဲနဲ့ ပြောပါ့မလား။ အခုဆိုရင် ရွာသူရွာသားတွေက ဖိုဘီနာကို ရွံ့မုန်းနေကြတယ်လေ၊ ငါတို့ တောထဲမှာထောင်ထားတဲ့ ဝါးချွန်ထောင်ချောက် ပိုက်ကွန်ထောင်ချောက်တွေကို ဘယ်လိုလုပ်မလဲ''

''ဘာမှလုပ်စရာမလိုဘူး။ ဒီအတိုင်းပဲ ထားတာကောင်းတယ်''

''ငါက တောထဲသွားတဲ့ ရွာသားတွေကို ထိခိုက်မှာစိုးလို့''

''ထောင်ချောက်ဆင်ထားတဲ့နေရာတွေကို ရွာသားတွေရောက်ဖို့မလွယ်ပါဘူး။ ငါ့သူငယ်ချင်းအဒူလေးကို နေရပ်ကိုပြန်ခိုင်းလိုက်တာက ငါ့မိဘတွေက ငါ့အတွက်စိတ်ပူနေမှာစိုးလို့ရယ်၊ အဒူလေးကိုလည်း တစ်စုံတစ်ခုဖြစ်သွားမှာ စိုးရိမ်မိလို့ မင်းနဲ့ငါက အန္တရာယ်ကို ကာကွယ်တတ်တယ်၊ ရင်ဆိုင်ရဲတယ် ဒီည မင်းနဲ့ငါ ဖိုဘီနာရဲ့ကျောက်ဂူရှိတဲ့နေရာကို သွားပြီး လေ့လာကြမယ်''

''အေး . . . ငါလည်း အဲဒီကိစ္စ မင်းကိုပြောဖို့ လာတာ''





''ဒီည ငါတို့လှုပ်ရှားမှုကို မင်းရဲ့အစ်မ မသိစေနဲ့၊ ညကျရင် မင်းအစ်မ အိပ်ပျော်သွားတာနဲ့ ငါတို့ အိမ်ကထွက်ကြမယ်''

''ကောင်းပြီ''

ထော်မာန်က အပြင်သို့ပြန်ထွက်သွားသည်။ လူရဲက အမဲပစ်သေနတ်ကို အိမ်ထဲသို့ယူလာသည်။

*

လူရဲနှင့် ထော်မာန်က ဖိုဘီနာ၏ကျောက်ဂူအနီးသို့ ချဉ်းကပ်လာခဲ့။ ကျောက်ဂူအပေါက်ဝမှ အစောင့်နှစ်ဦးကို လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်လိုက်သည်။ အစောင့်နှစ်ဦး သတိမေ့သွားသည်။ ကျောက်ဂူထဲသို့ ဝင်လာခဲ့သည်။ အမှောင်ရိပ်ထဲမှနေပြီး ကျောက်ဂူအတွင်းမှ လှုပ်ရှားမှုများကို လေ့လာသည်။

''အား''

နာကျင်၍ အော်မြည်လိုက်သည့်အသံက ကျောက်ဂူထဲတွင် ပဲ့တင်သံထပ်သွားသည်။ ကျောက်ဂူ၏အလယ်တွင် လူတစ်စု လှုပ်ရှားနေသည်ကို တွေ့လိုက်ရသည်။ ဘေးပတ်လည်တွင် သားကောင်အဆီဖြင့် ထွန်းထားသော မီးတိုင်များ၏ အလင်းရောင်ကြောင့် လင်းထိန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစိမ်းယောကျ်ားကြီးတစ်ဦးက သန်မာထွားကျိုင်းသော လူတစ်ဦး၏လက်မောင်းကို ဆေးထည့်ပြီး ပတ်တီးစည်းပေးနေသည်။ ဗိုဘီနာက ခေါင်းရည်သောက်ရင်း ကြည့်နေသည်။

''အနာက ရင်းနေပြီ၊ နောက်တစ်ရက် နှစ်ရက်ကြာသည်အထိမှ မဆေးကြောပဲ ဆေးမထည့်ရင် ပုပ်ပွလာတော့မှာ။ အား မစိုးရိမ်ပါနဲ့တော့။ အနာက မကြာခင် ပျောက်ကင်းသွားပါလိမ့်မယ်''

မျက်နှာစိမ်းယောကျ်ားကြီးက ပြောသည်။ သန်မာထွားကျိုင်းသောသူက လက်မောင်းကအနာကြောင့် မျက်နှာညှိုရှုံ့မဲ့နေသည်။ လက်မောင်းကဒဏ်ရာသည် ယောင်ကိုင်းနေလေ၏။ ဗိုဘီနာက မျက်နှာစိမ်းညှို့သည်နှစ်ဦးကို ခေါင်းရည်သောက်ရန် ခေါ်သည်။ မျက်နှာစိမ်းညှို့သည်က ခေါင်းခါသည်။

''ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့မသောက်တတ်ပါဘူး။ ခင်ဗျားရဲ့လူနာကို ဒဏ်ရာသက်သာအောင် ဆေးထည့်ပေးထားပါတယ်၊ သောက်ဆေးတွေလည်း ပေးထားပါတယ်၊ ခင်ဗျားတပည့်က ကျုပ်ကို အနီးအပါးက လူနာကို ဆေးကုပေးဖို့ဆိုပြီး ခေါ်လာတာ၊ လမ်းကိုရောက်တော့မှ သေနတ်ကိုပြပြီး ဒီနေရာအထိ ခေါ်လာတာ၊ ဝေးလိုက်တဲ့ခရီးဗျာ၊ ပင်ပန်းလိုက်တာလည်း မပြောပါနဲ့တော့။ မြို့ပေါ်မှာ ကျုပ်လက်ခံပြီး ကုသပေးနေတဲ့ အရေးကြီးတဲ့လူနာတွေ ရှိသေးတယ်၊ အဲဒါကြောင့် ကျုပ်တို့





နှစ်ယောက်ကို မြို့ပေါ်ကို အမြန်ဆုံးပြန်ပို့ပေးပါ''

ဗိုဘီနာက အသံထွက်အောင်ရယ်နေသည်။ မျက်နှာစိမ်းညှို့သည်နှစ်ယောက်က ဗိုဘီနာ၏အပြုအမူကို နားမလည်သလို ကြည့်နေသည်။

''စိတ်ချပါ ဒေါက်တာရယ်၊ အခုလိုလိုက်လာပြီး လူနာကို ဆေးကုပေးတာ ကျေးဇူးတင်လှပါပြီ''

မျက်နှာစိမ်းညှို့သည်က ခေါင်းညိတ်သည်။

''ဒါဆိုရင် ကျုပ်တို့ အနားယူတော့မယ်''

''ကောင်းပါပြီ ဒေါက်တာ၊ စိတ်ချလက်ချ အနားယူပါ''

မျက်နှာစိမ်းညှို့သည်နှစ်ဦးက ကျောက်ကာလပ်တစ်ခုပေါ်တွင် လှဲလျောင်းနေလိုက်ကြသည်။ လက်မောင်းတွင် ဒဏ်ရာရထားသည့် လူသန်မာကြီးသည်လည်း ကျောက်တုံးတစ်တုံးကို မှီ၍ အိပ်စက်နေလေသည်။

လူရဲနှင့်ထော်မာန်က ကျောက်ဂူထဲမှ ပြန်ထွက်လာခဲ့သည်။ အစောင့်နှစ်ဦးမှာ သတိမေ့မြောနေဆဲ။

''ဟို ဒဏ်ရာရထားတဲ့ လူသန်ကြီးကို ငါ တစ်ခါမှ မမြင်ဖူးဘူး လူရဲ''

အပြန်လမ်းတွင် ထော်မာန်က ပြောသည်။

''ဗိုဘီနာရဲ့တပည့်ပဲဖြစ်မှာပေါ့၊ အဲဒီလူက ဘာကြောင့် လက်မောင်းမှာ ဒဏ်ရာရထားသလဲဆိုတာ ငါစဉ်းစားနေတာ''



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်တူးရင်း ဒဏ်ရာရသလားမှမသိတာ"

"ဟာ ...ကျောက်တူးရင်းဒဏ်ရာရတာဆိုရင် ခြေထောက်တို့, လက်မှာတို့ ဖြစ်ရမှာပေါ့၊ အခုရထားတဲ့ဒဏ်ရာက လက်မောင်းမှာကွ၊ ဒီလူ့ရဲ့အရပ်အမောင်းနဲ့ ခွန်အားဗလကတော့ တကယ်လူသန်ကြီးကျနေတာပဲ"

"ဖိုဘီနာက လူမိုက်ငှားထားသလား မသိပါဘူး၊ မင်းပြောသလို တကယ့်မိုက်ခဲကြီးကွ"

နှင်းများက သိပ်သည်းစွာကျနေသည်။ လူရဲနှင့် ထော်မာန်က အအေးဓာတ်ကို ဂရုမထားနိုင်ဘဲ သွားလာနေကြသည်။ တစ်ရွာလုံးကလူများက အိမ်ထဲတွင် မီးဖိုကာ အနွေးဓာတ်ယူ၍ အိပ်စက်နေမည်မှာ မလွဲ။ တိတ်ဆိတ်နေသော ရွာထဲသို့ အသံလုံအောင် လျှောက်ပြီး အိမ်သို့ပြန်လာကြသည်။

"အားကိုတို့လည်း ဒုက္ခကြီးလိုက်တာ"

အဲလာရှောင်က တံခါးဖွင့်ပေးရင်း ပြောသည်။

"အားလုံးအတွက် စွန့်စားရတာပဲ၊ မပင်ပန်းပါဘူး"

"အိမ်အပြင်မှာ တအားအေးစက်နေလို့ ပြောနေတာ မချမ်းဘူးလား"

"အေးလွန်းလို့ ထုံနေပြီ"

"ဟာ ...အားကိုကလည်း"

✳





လူရဲနှင့်ထော်မာန်က တောထဲမှထောင်ချောက်များ ကိုလိုက်ကြည့်သည်။ ပိုက်ကွန်ထောင်ချောက်မှာ ခြေရာလက်ရာမပျက် ရှိနေ၏။ ထိုနေရာသို့ သွားလာဖြတ်သန်းထားသည့်သဲလွန်စလည်း မတွေ့ရ။ လူရဲနှင့်ထော်မာန်က လူဝံ မနုဿ၏ လှုပ်ရှားမှုများကို မည်သို့စုံစမ်းရမည်ကို စဉ်းစားနေသည်။

"ဒီကောင်ကြီး ဒဏ်ရာရပြီး ဘယ်ပျောက်သွားသလဲ မသိဘူး၊ ဒီကောင်ကြီးကို ငါတို့ အပြတ်ရှင်းနိုင်ခဲ့ရင် ဖိုဘီနာကို ဘာမှမှုစရာမလိုတော့ဘူး"

"ငါကတော့ ဒီကောင်ကြီးကို ဖိုဘီနာက စေခိုင်းနေတာဖြစ်မှာပဲလို့ ထင်မိတယ်"

"ငါတို့ တောထဲမှာ ဒီကောင်ကြီးကိုလိုက်ရှာနေမယ့်မစား ဖိုဘီနာရဲ့လှုပ်ရှားမှုကို လေ့လာနေရင်ကောင်းမယ်"

လူရဲနှင့်ထော်မာန်က တောင်ကြောများကို ဖြတ်၍ ဖိုဘီနာနေသည့် ကျောက်ဂူကြီး၏ပတ်ဝန်းကျင်သို့ သွားရောက်လေ့လာသည်။ ကျောက်ဂူ၏အပေါက်ဝကို သားရေချပ်ကြီးဖြင့် ပိတ်ထားသည်ကို တွေ့လိုက်ရသည်။

"ဒါဟာ မရှိုးသားတဲ့လက္ခဏာပဲ ထော်မာန်။ ဖိုဘီနာဟာ ကျောက်ဂူထဲမှာ ဘာတွေလုပ်နေပြန်ပြီလည်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



''ဟော ဟော ... ကျောက်ဂူထဲက ဖိုဘီနာတပည့်တွေ ထွက်လာပြီ။ ရှာဘ်ကကိုသွားမလို့ထင်တယ်၊ ငါတို့ ကျောက်ဂူ အနားကို''

''အတင့်မရဲနဲ့ ထော်မာန်၊ ဖိုဘီနာတပည့်တွေက အင်အားများတယ်၊ ငါတို့ကို ရန်ပြုရင် ခက်နေမယ်''

''ဒီတော့ မင်းက ဘာလုပ်မယ်စိတ်ကူးသလဲ''

''ဒီကျောက်ဂူကို လှမ်းမြင်နေရတဲ့တောင်ထိပ်ပေါ်ကနေပြီး သူတို့အခြေအနေကို စောင့်ကြည့်နေကြတာပေါ့''

ထော်မာန်က တစ်ဖက်တောင်ထိပ်ပေါ်သို့ တက်သွားသည်။ နေမသာဘဲ မိုးက အုံ့ဆိုင်းနေသည်။ လူရဲက မြေကြီးပေါ်တွင် လှဲအိပ်နေလိုက်၏။

''ငါ့အဖေကိုသတ်တဲ့ ဒီကောင်ကြီးကို ငါက သတ်ချင်နေတာ၊ အခွင့်အခါ မပေးသေးဘူးကွာ''

''စိတ်မလျှော့စမ်းပါနဲ့ ထော်မာန်ရယ်၊ ငါတို့ပစ်ကွင်းထဲကို ဒီကောင်ကြီး ရောက်လာမှာပါ''

သည်နယ် သည်ဒေသသည် ညနေစောင်းသည်နှင့် အမှောင်ထုက ကြီးစိုးလာသည်။ ကျောက်ဂူထဲသို့ စောင့်ကြည့်နေသော လူရဲတို့မှာ ဝမ်းတွင်းက ဆာလောင်မွတ်သိပ်လာသည်။ ဘာထူးခြားမှုမှုလည်း မတွေ့ရသဖြင့် အိမ်သို့ ပြန်လာခဲ့ကြသည်။ နေ့စာနှင့်ညစာကို ပေါင်း၍စားရသလို ဖြစ်သွားသည်။





ထမင်းစားပြီးသည်နှင့် အိပ်ရာသို့ စောစောဝင်ခဲ့သည်။ အိမ်အပြင်ဘက်တွင် နှင်းတို့က သိပ်သည်းစွာကျနေသဖြင့် အအေးဓာတ်က လွန်ကဲနေသည်။

''ဒေါက် ဒေါက် ဒေါက် ဒေါက် ဒေါက်''

ဝါးလုံးခေါက်သံများကို ဆူညံစွာကြားလိုက်ရသည်။ လူရဲက အခန်းအပြင်သို့ ပြေးထွက်လာသည်။ ထော်မာန်က မီးခွက်ထွန်းလိုက်သည်။ အမဲပစ်သေနတ်ကို မောင်းတင်ကာ အိမ်ထဲမှထွက်လာကြသည်။

''ဂီး ဂီး ဂီး''

လူသတ်ကောင်ကြီး၏အသံကို ကြားလိုက်ရသည်။ ရွာသူရွာသားများက ကြောက်လန့်ပြီး အော်ဟစ်နေကြသည်။

''ဒီဘက်ကို လာနေပြီ''

လူရဲက သစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်နေလိုက်သည်။ ရွာလယ်လမ်းအတိုင်း လျှောက်လာသည့် အဲရိုပ်မည်းမည်းကြီးကို ဝိုးတဝါးလှမ်းမြင်နေရသည်။ ထော်မာန်က သစ်ပင်ကြီးတစ်ပင်၏ ပင်စည်ကို ကွယ်ပြီးနေသည်။

''ဂီး ဂီး ဂီး''

အရိပ်မည်းကြီးသည် ထော်မာန်အကာအကွယ်ယူနေသည့် သစ်ပင်ကြီးအောက်သို့ရောက်လာသည်။ လူရဲက သတ္တဝါတစ်ကောင်မှန်းသိသဖြင့် သေနတ်ဖြင့် ချိန်ရွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂျောက်"

ထော်မာန်ပစ်လိုက်သည့်အသံကို လူရဲ ကြားလိုက်ရသည်။ ယမ်းတောင့်၏ပေါက်ကွဲသံကို မကြားရ။

"ဂီး ဂီး"

သတ္တဝါကြီးက အသံလာရာဆီသို့ ပြေးသွားသည်။

"အား"

သတ္တဝါကြီးက ထော်မာန်ကို ပွေ့ဖက်ပြီး ကုတ်ခြစ်နေသည်။ ထော်မာန်က ရုန်းကန်နေသည်။ လူရဲက သဲသဲကွဲကွဲ မမြင်ရသဖြင့် သစ်ပင်ပေါ်မှ ဆင်းလာသည်။ မြေပြင်ပေါ်တွင် ထော်မာန်နှင့် သတ္တဝါကြီးတို့ လုံးထွေးသတ်ပုတ်နေကြသည်။

"လူရဲ ... ငါ့ကိုကယ်ပါဦး"

ထော်မာန်က အားကိုးတကြီး လှမ်းအော်သည်။ လူရဲက သတ္တဝါကြီးအား ဓားမြှောင်ဖြင့် ဝင်ထိုးသည်။

"အား"

သတ္တဝါကြီးထံမှ လူကဲ့သို့အော်သံကိုကြားလိုက်ရသဖြင့် လူရဲနှင့်ထော်မာန် အံ့ဩသွားသည်။ သတ္တဝါကြီးသည် ဝမ်းဗိုက်ကို လက်ဖြင့်ဖိကာ ညည်းညူနေရှာ၏။

"ရွာသားတွေ ... သတ္တဝါကြီးကို မိထားပြီဟေ့"

ရွာသားများသည် မီးတုတ်များဖြင့် ရောက်လာကြသည်။

"အား ကျွတ် ကျွတ်"





"လူရဲ ... ဒါ သတ္တဝါအစစ်မဟုတ်ဘူး၊ ဟိုသတ္တဝါကြီးရဲ့သားရေကို ဝတ်ထားတဲ့လူ"

"ဟေ့ကောင် ... မင်း ဘယ်သူလဲ၊ အသေသတ်ပစ်ရမလား"

လူရဲက ရင်ဝကိုသေနတ်ဖြင့် ထိုးချိန်ထားလိုက်သည်။

"မ ... မသတ်ပါနဲ့၊ ကျွန်တော် လူပါ"

ခေါင်းစွပ်ကို ချွတ်ပြသည်။

"ဟင် ... ဖိုဘီနာရဲ့ ကျောက်ဂူထဲမှာ ဒဏ်ရာရထားတဲ့ လူသန်ကြီးမဟုတ်လား"

"ဟုတ်ပါတယ်၊ ဆရာကြီးက ငွေပေးပြီး ခိုင်းလို့လုပ်နေရတာပါ"

"ဒီအမွေးအမျှင်သားရေတွေက လူဝံရဲ့"

"ဟုတ်ပါတယ်၊ အဲဒီသတ္တဝါကြီးကို ဖိုဘီနာက သတ်ပစ်ပြီး အဲဒီသားရေကို ကျွန်တော့်ကို ဝတ်ခိုင်းပြီး ဟန်ဆောင်ခိုင်းတာ"

"သူက လူဝံကြီးကို ဘာလို့သတ်ပစ်ရတာလဲ"

"ဖိုဘီနာက အဲဒီသတ္တဝါကြီးကို မှုးယစ်စေတဲ့ဘိန်းတွေကျွေးပြီး ခိုင်းစေနေတာပါ၊ အဲဒီသတ္တဝါကြီးက ဘိန်းမှုးလာရင် သူ့ကို ရန်ပြုတာကြောင့် သတ်ပစ်လိုက်တာ"

"ဟင် ... ဘယ်တုန်းက သတ်လိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင့်"

"အား"

လူသန်ကြီးအား ရွာသားယောင်ဟန်ဆောင်ထားသူတစ်ဦး ဓားဖြင့်ထိုးပြီး ထွက်ပြေးသည်။ လူသန်ကြီးမှာ ညည်းညူရင်း ငြိမ်သက်သွားသည်။

"ဒါ ... ဖိုဘီနာ့တပည့် ဖြစ်ရမယ်၊ မိအောင်ဖမ်း"

လူရဲနှင့်ရွာသားများက ထွက်ပြေးသူ၏နောက်သို့ လိုက်သွားသည်။ လူရဲ၏ထင်မြင်ချက်မှန်သွားသည်။ လူသတ်သမားက ဖိုဘီနာ၏ကျောက်ဂူဘက်သို့ ပြေးသွားသည်။

'ဒိုင်း ဒိုင်း ဒိုင်း'

"ရွာသားတွေ ဝပ်နေပါ၊ ဖိုဘီနာ့တပည့်တွေက သေနတ်နဲ့ လှမ်းပစ်နေတယ်"

လူရဲနှင့်ရွာသားများသည် ကျောက်တောင်ကို အကာအကွယ်ယူရင်း ဝပ်နေကြသည်။ မိုးစင်စင်လင်းသည့် အချိန်ရောက်မှ လူရဲက ကျောက်တောင်ထိပ်မှ ကျောက်ဂူဝသို့ လှမ်း၍အကဲခတ်သည်။ မည်သည့်လှုပ်ရှားမှုမှ မတွေ့ရချေ။

"ဖိုဘီနာတို့ ကျောက်ဂူထဲက ပြေးပြီထင်တယ်"

"ဟုတ်တယ် ... မြန်မာယောက်ျား၊ ဘာသံမှမကြားရဘူး"

"ကျုပ်တို့ ကျောက်ဂူထဲ ဝင်ကြည့်ကြမယ်"





လူရဲက တောပစ်သေနတ်ကို အသင့်ကိုင်ထားပြီး ကျောက်ဂူထဲသို့ ဦးဆောင်၍ ဝင်သွားသည်။ ကျောက်ဂူထဲတွင် တိတ်ဆိတ်ငြိမ်သက်နေ၏။

"ဟင် ... ဖိုဘီနာ"

ဖိုဘီနာသည် သွေးအိုင်ထဲတွင် ဝိညာဉ်ကင်းမဲ့နေရှာသည်။

"ဘယ်လိုဖြစ်တာလဲ၊ စဉ်းစားမရတော့ဘူး၊ သူ့တပည့်တွေလည်း တစ်ယောက်မှမရှိတော့ဘူး"

လူရဲက ဖိုဘီနာ၏အလောင်းကို ရွာထဲသို့ သယ်လာသည်။ ဆလိုင်းများအား အကျိုးအကြောင်း ပြောပြသည်။

"ခင်ဗျားတို့လူမျိုးနွယ်စုတွေအပေါ် မြွေနတ်ဘုရားနဲ့ခြောက်လှန့်ပြီး ဒီဒေသကထွက်တဲ့ ရတနာပစ္စည်းတွေကို အပိုင်စီးချင်တဲ့ ဖိုဘီနာကို သူ့လူယုံတော်တွေက သတ်ဖြတ်သွားတာလို့ ကျွန်တော် ထင်တယ်"

ဆလိုင်းများက ဖိုဘီနာနှင့်လူသန်ကြီးတို့၏အလောင်းကို မီးသင်္ဂြိုဟ်လိုက်သည်။ ထော်မာန်မှာ ဒဏ်ရာအနည်းငယ်ရထားသဖြင့် အိပ်ရာထဲတွင် မှိန်းနေရှာသည်။ ရွာသားများက ဖိုဘီနာ၏ အကျင့်စရိုက်ကို သိရှိသွားကြသည်။ ရွာသူရွာသားများကို အန္တရာယ်ပေးနေသည့် သတ္တဝါကြီး မရှိတော့သဖြင့် ဝမ်းသာနေကြသည်။ လူရဲ၏မျက်နှာက ပြုံးရွှင်နေသည်။ ထိုညက

www.burmeseclassic.com



ရွာလယ်တွင် ပျော်ပွဲရွှင်ပွဲ ကျင်းပလေသည်။ လူရဲနှင့် အဲလာ ရှောင်က ရွာသူရွာသားများ အတူပျော်ရွှင်စွာ ကခုန်လေသည်။

✳

လူရဲက အဲလာရှောင်နှင့်အတူ မြို့သို့ပြန်ရန် ပြင်ဆင်သည်။ ထော်မာန်က စိတ်မကောင်းဖြစ်နေသည်။

"ငါ့သဘောကတော့ မင်းပါ တစ်ခါတည်း လိုက်ခဲ့စေချင်တယ် ထော်မာန်ရယ်"

"ငါက တောကြိုအုံကြားမှာနေတဲ့ အရိုင်းအစိုင်း၊ မင်းတို့ မြို့ကြီးပြကြီးမှာနေတတ်မှာ မဟုတ်ပါဘူး၊ ငါ့အစ်မနဲ့ တစ်ခါမှ မခွဲဘူးတော့ ရင်ထဲမှာ မကောင်းဘူး"

အဲလာရှောင်က မျက်ရည်များ ဝဲနေသည်။

"ထော်မာန် ... ငါတို့နဲ့လိုက်ခဲ့ပါဟယ်"

ထော်မာန်က ခေါင်းခါသည်။ အိမ်အပြင်ဘက်တွင် မိုး မလင်းသေး။ နှင်းများ ကျနေသည်။

"အင်း ... အခုမှသတိရတယ် လူရဲ၊ ငါတို့ ဖိုဘီနာ ဆီက ယူထားတဲ့ရတနာပစ္စည်းတွေကို ဘာလုပ်မလဲ"





"ဆလိုင်းတွေနဲ့တိုင်ပင်ပြီး မင်းတို့ရွာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ဖို့ မင်းတို့ဒေသကထွက်တဲ့ ရတနာပစ္စည်းတွေကို ရောင်းချပြီ ဆောင်ရွက်ပါ"

အပြင်ဘက်တွင် အလင်းရောင်လေးသန်းလာသည်။ လူရဲက ကျောပိုးအိတ်ကို လွယ်သည်။ ထော်မာန်က လူရဲနှင့် အဲလာရှောင်ကို လိုက်ပို့သည်။ သည်ဒေသသို့ လူရဲနှင့် အဒူလေး လာစဉ်က ထော်မာန် လာ၍ကြိုသည့်မြင်ကွင်းကို မြင်ယောင် နေမိသည်။

ထိုနေရာသို့ရောက်လျှင် ထော်မာန်က ရပ်နေ၏။

"ငါတို့သွားတော့မယ် ထော်မာန်"

ထော်မာန်က ခေါင်းညိတ်သည်။ လူရဲက အဲလာ ရှောင်၏လက်ကို ဆွဲကာလျှောက်သွားသည်။ အဲလာရှောင်က မျက်ရည်အဝဲသားနှင့် နောက်သို့လှည့်ကြည့်သည်။ ထော်မာန်က ခေါင်းငိုက်စိုက်ချပြီးရပ်နေဆဲ။

"ထော်မာန် ... တစ်ခါတည်းလိုက်ခဲ့ပါဟယ်၊ ငါတို့ဘဝ မှာ ဒီမောင်နှမနှစ်ယောက်ပဲ ရှိတဲ့ဥစ္စာ"

ထော်မာန်က အဲလာရှောင်၏မျက်နှာကို စိုက်ကြည့်နေ သည်။

"အစ်မ၊ လူရဲ"

"ဘာလဲ ထော်မာန်"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ မနက်ဖြန်မှ ပြန်ကြပါတော့၊ ငါ ဆလိုင်းတွေကို ရှတနာပစ္စည်းတွေ အပ်ခဲ့ချင်သေးတယ်"

"နင့်သဘောက"

"ငါလည်း လိုက်ခဲ့တော့မယ်"

အဲလာရှောင်၏မျက်နှာ ပြုံးရွှင်သွားသည်။ ထော်မာန်သည် အစ်မဖြစ်သူရှိရာသို့ ပြေးလာသည်။ အဲလာရှောင်က ထော်မာန်၏ပခုံးနှစ်ဖက်ကို ကိုင်ထားလိုက်သည်။ သူတို့ သုံးယောက်သည် ရွာဘက်သို့ ပျော်ရွှင်စွာ ပြန်လာခဲ့ကြလေသည်။

ဆက်လက်ကြိုးစားပါဦးမည်။

စိတြအငှ

www.burmeseclassic.com